# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွတ်မြောက်အောင် အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၉၇)




နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တာဝန်ရှိသူများက အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြစဉ် (သတင်းစဉ်)

# နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၇၉ ခုနှစ် မြန်မာ့နှစ်သစ်မင်္ဂလာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် ကျက်သရေမင်္ဂလာပြည့်စုံစေရန်ရည်စူး၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ္ဍဝါခန်းမဉ္ဇကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*❄

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် ဧပြီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ မြန်မာနိုင်ငံကုန်းတွင်းပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

## ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနှင့် မြန်မာနိုင်ငံ

စာ » ၆

## ဆီးရီးယားနှင့် အာဖဂန်တွင်လုပ်ဆောင်နေသည့် လေကြောင်းတိုက်ခိုက်မှုများက မြောက်ကိုရီးယားအား ဒုံးကျည်စမ်းသပ်မှု မပြုလုပ်ရန် သတိပေးနေခြင်းဖြစ်ကြောင်း မိုက်ပန့်စ်ပြောကြား

စာ » ၁၀




မြန်မာ့အလင်း

# နှစ်သစ်နှင့်အတူ... ပြည်သူနှင့်အတူ...

နှစ်သစ်ကူးအခါသမယအဖြစ် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က ၂၀၁၇ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာအဖြစ် ရုပ်မြင်သံကြားမှတစ်ဆင့်၊ သတင်းစာများမှတစ်ဆင့် ပြည်သူလူထုသို့ ပြောကြားခဲ့ပါသည်။

ယင်းသို့ ပြောကြားခဲ့ရာမှာ-

နှစ်သစ် တစ်နှစ်ရောက်သည့်အခါမှာ ကုန်လွန်ခဲ့သော နှစ်ဟောင်းကို ပြန်ပြောင်းဆင်ခြင် သုံးသပ်ပြီး လာမည့်နှစ်သစ်အတွက် ဆက်လက်လျှောက်လှမ်းရမည်များကို ကြံဆတွေးတောပြီး အားသစ်ခွန်သစ် မွေးကြရသည့်အကြောင်း၊အစိုးရအနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့ကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးတို့ကို အကောင်အထည်ဖော်ရာတွင် နူးညံ့သိမ်မွေ့သည့် သဘာဝဖြစ်သည့်အတွက် အစစအရာရာ အထူးသတိထား ဆောင်ရွက်နေရကြောင်း။

ငြိမ်းချမ်းရေးအတွက် ပြည်သူတို့၏ အားပေးထောက်ခံမှုကို ရရှိနေပြီး ပြည်သူတို့ မည်မျှလောက် ငြိမ်းချမ်ရေးကို လိုလားတောင့်တနေသည်ဆိုတာကို နားလည်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးနှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာနေသည်ကို ယုံကြည်အားထားမှုရှိနေကြသည်ကိုလည်း တွေ့ရကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ယခုနှစ်အတွင်းမှာ ဝမ်းမြောက်ဖွယ်ရလဒ်ကောင်းများ ရရှိမည်ဟု မျှော်လင့်နေကြောင်း။

အစိုးရ၏ စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကြောင့် နိုင်ငံတကာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံတကာက အကူအညီများကိုလည်း တိုးမြင့်ရရှိနေကြောင်း၊ နိုင်ငံတကာက အကူအညီအထောက်အပံ့များကို သုံးစွဲရာမှာ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိမည့် အကောင်းဆုံး အသုံးပြုမှုမျိုးကို အလေးထားဆောင်ရွက်နေကြောင်း၊ စီမံကိန်းများကို စနစ်တကျ အချိန်ယူ လေ့လာဆောင်ရွက်ရသည်များ ရှိသည့်အတွက် အချို့သော စီမံကိန်းသစ်များ၏ ကောင်းကျိုးရလဒ်များကို အချိန်တိုအတွင်း တွေ့မြင်နိုင်ဖို့ မလွယ်ကူကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု ဆက်လက်မဖြစ်စေရေးအတွက် စီမံကိန်းငါးခုကို လုံးဝပိတ်သိမ်းရန်နှင့် စီမံကိန်း ၂၈ ခုကို လတ်တလော ရပ်ဆိုင်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ကိုတင်ပြပြီး အတည်ပြုခဲ့ကြောင်း။

လူနေမှုဘဝ အခက်အခဲများစွာကို ရင်ဆိုင်ရန်းကန် ဖြတ်ကျော်နေရသည့်ကြားက ပြည်သူ့အစိုးရအပေါ် ယုံကြည်စိတ်ချစွာဖြင့် နားလည်ကြသော ပြည်သူလူထု တစ်ရပ်လုံးကို အထူးကျေးဇူးတင်ကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည်သာ တစ်ခုတည်းအဖြေဖြစ်သည့်အတွက် အားလုံးသောပြည်သူတို့ စိတ်ဝမ်းမကွဲ၊ ဆိုးတူကောင်းဖက် လက်တွဲကာ ယင်းလမ်းကြောင်းပေါ်မှ လျှောက်လှမ်းကြမည်ဆိုလျှင် မည်မျှပင် ခက်ခဲကြမ်းတမ်းပါစေ ငြိမ်းချမ်းရေးပန်းတိုင်သို့ မလွဲမသွေ အောင်မြင်စွာရောက်ရှိမည်ဟု ယုံကြည်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်နေထိုင်သည့် မြန်မာနိုင်ငံမှာ မတူကွဲပြားမှုများကို နားလည်ပေါင်းစည်းပြီး အင်အားတစ်ရပ်ဖြစ်လာအောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

၂၀၁၇ ကို ငြိမ်းချမ်းရေးနှစ် အဖြစ် မျှော်မှန်းထားသည့်အတိုင်း ပြည်သူလူထု ဝမ်းမြောက်ရမည့်ရလဒ်ကောင်းများ ဆောင်ကြဉ်းလာနိုင်မည်၊ ပြင်ဆင်ပြောင်းလဲထားသည့် စီးပွားရေးအခင်းအကျင်းများအရလည်း စီးပွားရေးတိုးတက်မှုများ သိသိသာသာ ရရှိလာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ပြည်သူနှင့်အတူ ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်အောင် ကြိုးစားသွားမည်၊ လက်တွဲမဖြုတ်တမ်း ပူးပေါင်းဆောင်ရွက်သွားကြရန် ပန်ကြားကြောင်းနှင့် နိုင်ငံသူနိုင်ငံသားအပေါင်း ကျန်းမာချမ်းသာကောင်းသောလိုအင်ဆန္ဒများ ပြည့်ဝကြပါစေရန် ဆုမွန်ကောင်းများ တောင်းခဲ့ပါသည်။

ယခုအခါ မြန်မာသက္ကရာဇ် ၁၃၇၈ မှ ၁၃၇၉ ဆီသို့ ကူးပြောင်းခဲ့ပြီဖြစ်ပါသည်။ မြန်မာပြည်သူအပေါင်းတို့ သင်္ကြန်ကာလကို ပျော်ရွှင်စွာ တီးကြ ဆိုကြ ကကြ ရေပက်ရေလောင်းကြနှင့် ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပြီ။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းချိန်ဖြစ်သည့်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ စိတ်သစ်လူသစ် ဆုံးဖြတ်ချက်သစ်များဖြင့် လာမည့်နှစ်သစ်ကို ဖြတ်သန်းကြရန် နှစ်သစ်ဆုတောင်းရင်း နှစ်သစ်သန္နိဋ္ဌာန်ချနေကြပြီ။ မြန်မာလူမျိုးများပီပီ နှစ်သစ်အကူးအပြောင်းဟာ နိုင်ငံအပြောင်းအလဲအတွက် မင်္ဂလာရှိမှုများကို သယ်ဆောင်လာမှာ မုချဖြစ်သည်ဟု ယုံကြည်အားတက်မှုများလည်း ရှိနေကြ၏။

ပြည်သူ့အစိုးရသည် အမှန်တကယ် ဖြူဖြောင့်သန့်ရှင်းကြပြီး စွမ်းအားရှိသမျှ အားထုတ်လုပ်ဆောင်နေကြသည် ဆိုသော်လည်း တိုးတက်ပြောင်းလဲမှုမှာ အရှိန်အဟုန်မဖြစ်သေး။ အရှိန်အဟုန်နှင့် ဖြစ်လာစေရန် ပြင်ဆင်အားထုတ်နေရဆဲဖြစ်သည်ဟု ယုံကြည်ပါသည်။

မြန်မာပြည်သူလူထုသည် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလကို ဖြတ်သန်းစဉ်ကလို၊ ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် မိမိတို့ ယုံကြည်ခဲ့သည့်အတိုင်း အင်တိုက်အားတိုက် မဲပေးခဲ့ကြသလို၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကာလနှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကာလတုန်းက တောင်ပြိုကမ်းပြို ပုံအောမဲပေးခဲ့ကြသလို ယနေ့ ဒီမိုကရေစီခေါင်းဆောင်များကို ဆက်လက် ယုံကြည်ထောက်ခံရင်း ငြိမ်းချမ်းသော တိုးတက်သော မြန်မာနိုင်ငံကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါစေသတည်း။

နှစ်ဆန်း ၁ ရက် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ဘုရားဖူး၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားနေပုံကို တွေ့ရစဉ်
သူရအောင်(ပြည်)





၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက် (နေပြည်တော်) ဝန်ထမ်းမိသားစုများက ဆရာတော်များထံမှအန္တရာယ်ကင်းပရိတ်တရားတော်များနာယူကြစဉ်
မောင်ကျော်ကြီး

# ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

ယနေ့သည်ကား ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့်အလျောက် ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲကို ယနေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်၌ ကျင်းပ သည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဝတ်အသင်းအဖွဲ့အသီးသီးမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် ရွှေတိဂုံဘုရားဂေါပကမှဦးဆောင်ကာ ဝတ်အသင်းအဖွဲ့အသီးသီးက ငါးများထည့်ထားသော အိုးများကိုယ်စီကိုင်ဆောင်ကာ စေတီတော်၏ အနောက်ဘက်မုခ်စက်လှေကားအတိုင်း ဆင်းကာ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်၌ ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲကို ကျင်းပသည်။

ဝတ်အသင်းအဖွဲ့ အသီးသီးက "နမောတဿ" သုံးကြိမ် ရွတ်ဆိုပြီး ငါးများကိုတစ်ပြိုင်တည်း ကန်အတွင်း လွှတ်ပေးကြသည်။ ယင်းနောက် ငှက်များနှင့်ငါးများကိုလည်း အစာကျွေးကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ကမ္ဘာအေးဘုရား အစရှိသော တန်ခိုးကြီးစေတီပုထိုး အသီးသီးတွင်လည်း တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်ကောင်း ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌လည်းကောင်း၊ လော်ကားဥယျာဉ်၌လည်းကောင်း မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့်အားလျော်စွာ ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(ပုံအောက်)**

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-ထွန်းအောင်ရှိန်**



## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၇-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈ | · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ | · ၅၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | · ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | · ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ | · ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ | · ၄၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❄ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

စာမျက်နှာ ၃ မှ

**ပရိတ်တရားတော်များနာယူ**

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြသည်။

**ပစ္စည်းများလှူဒါန်း**

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ပျဉ်းမနားမြို့မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ် (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူ

**နေပြည်တော် ဧပြီ ၁၇**

၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C )ဆောင်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သာမဏေကျော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သာမဏေကျော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

**အမျှပေးဝေ**

ယင်းနောက် ဆရာတော်သံဃာတော်များထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သက်ကြီးဘိုးဘွားဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတက်ရောက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ် (သတင်းစဉ်)

မြဝတီ ဧပြီ ၁၇

**ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်း နှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်ကူးအချိန်အခါတွင် မြဝတီခရိုင်၏ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။**

မြဝတီခရိုင်၏ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်း၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက ငါးသားပေါက်များကို သောင်ရင်းမြစ်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်ဂေါပကရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသည့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရွှေမြင်းဝန်စေတီတော် သာသနဟိတကာရီဓမ္မဗိမာန်တော်၌ကျင်းပသည့် သက်ကြီးဘိုးဘွား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ သက်ကြီးဘိုးဘွား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ မြဝတီမြို့ပေါ်ရှိ ရပ်ကွက်ကြီးငါးခုမှ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၂၇၄ ဦးကို ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူနှင့်အတူ

## ငြိမ်းချမ်းရေးမရရှိဘဲ ဖွံ့ဖြိုးတိုးတက်ဖို့မဖြစ်နိုင်

**ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ချိတ်ဆက် အမှီသဟဲပြုနေပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေး မတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးဟာ ဒီနေ့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုအများအပြားကို ဖြေရှင်းနိုင်မယ့် နည်းလမ်းများအနက် တစ်ခုဖြစ်ပါတယ်။**

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အစိုးရဆိုတာဟာ ပြည်သူလူထုတွေအတွက် ဖြစ်ရမယ်

**စနစ်ကိုပြောင်းလဲဖို့ဆိုတာဟာ အနှစ်ငါးဆယ်ကျော်ကနေပြီးတော့ အမြစ်တွယ်ခဲ့တဲ့ စနစ်တစ်ခုကို ပြောင်းလဲရတာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲတဲ့နေရာမှာ ကျွန်မတို့ အဓိကရည်ရွယ်ချက်ဟာ အစိုးရဆိုတာဟာ ပြည်သူလူထုတွေအတွက် ဖြစ်ရမယ်ဆိုတာကို ထင်ရှားအောင်လို့ လုပ်ဖို့ပါပဲ။ ဒီတော့ အစိုးရဟာ ပြည်သူ့အတွက်လား၊ ပြည်သူဟာ အစိုးရသုံးဖို့အတွက်လား ဆိုတာကို ဘာကထင်ရှားစေလဲဆိုတော့ ပြည်သူတွေအနေနဲ့ အစိုးရအပေါ်မှာ အမြင်ဖြစ်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မန္တလေးမြို့၌ နှစ်သစ်မင်္ဂလာအခါတော်နေ့ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့်စည်ကား

**မန္တလေး မေ ၁၇**

နှစ်သစ်မင်္ဂလာနေ့ ယနေ့တွင် မန္တလေးမြို့ပေါ်၌ နံနက် အရုဏ်တက်ချိန်မှစ၍ တန်ခိုးကြီးဘုရား ပုထိုးစေတီတော်များ၌လည်းကောင်း၊ မြို့နယ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများတွင် နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ စတုဒိသာလှူဒါန်းခြင်းတို့ကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာမပြတ် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ထိုသို့ ကုသိုလ်ပွားများကြရာတွင် ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်း၊ တောင်ပြင်ထီးလင်းတိုက်ရေတော်ဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဉက္ကဋ္ဌ အရှင်သူမြတ် အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်းဆက်ကပ်ပူဇော်ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့ ၏ ဇနီးများသည် ပြည်သူများ၊ အလှူရှင်များနှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ပန်း၊ ဆီမီး ပူဇော်ခြင်း၊ ဘုရားပရိဝုဏ်ရှိ ဘုရားဆင်းတုတော်များအား ဆွမ်းသပိတ် ၂၅၀ အား ကပ်လှူပူဇော်ခြင်း (**ယာပုံ**) စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မဟာမုနိ ဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်၊ ကျောက်တော်ကြီး၊ အရှေ့ပြင်လုံးဆိုင်ရာအောင်တော်မူဆုတောင်းပြည့်ဘုရား၊ ဆုတောင်းရ၊ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီတော် စသည့် တန်ခိုးကြီးဘုရားပုထိုးစေတီတော်များတွင်လည်း ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌လည်း ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ အနယ်နယ်အရပ်ရပ်မှ လူမှုရေးအသင်းအဖွဲ့များ၊ သွေးလှူဒါန်းအဖွဲ့များမှ သွေးလှူရှင်များက သွေးများ လာရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးမြို့တော်ဝန်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့သူ မြို့သားများ အန္တရာယ်ကင်းဝေးစေရေးအတွက် ရေတွန်းစက်ရုံများရှိ ရေလှောင်ကန်အတွင်းသို့ ပရိတ်တော်ရေများကို သွန်းလောင်းပေးခဲ့သည်။



အလားတူ ယနေ့ ညနေ ၅ နာရီတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)မှ ဝန်ထမ်းမိသားစုများသည် သတင်းစာတိုက်တွင် တိုက်တော်ကျောင်းတိုက် နာယကဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

ယနေ့ ညနေပိုင်းတွင်လည်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ဓမ္မာရုံများနှင့် လမ်းများတွင် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်နာကြားကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**မြန်မာနှစ်ဆန်း ၁ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးပိုင်း၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၈) ကြိမ်မြောက် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲကျင်းပရာ အသက် ၁၀၃ နှစ်ရှိ အဘိုးတစ်ဦးအား အဖွဲ့က လှူဒါန်းငွေဖြင့် ကန်တော့ကြစဉ်** တင်ဝင်းလေး(ကြည့်မြင်တိုင်)

## မြန်မာနှစ်ဆန်း၁ ရက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**မန္တလေး မေ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်ဖြစ်သည့် ယနေ့နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဇီဝိတဒါနငါးလွှတ်ပွဲကို မြို့တော်စည်ပင်ရုံးရှေ့ကျုံးတောင်ဘက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ငါးသားပေါက်ကောင်ရေ တစ်သောင်းခွဲကို ကျုံးရေပြင်အတွင်းသို့ စုပေါင်း၍ ဘေးမဲ့လွှတ်ပေးကြကာ မြို့တော်ခန်းမရှေ့တွင်လည်း ငှက်ကောင်ရေ ၄၃၀ ကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် မြို့တော်ခန်းမ၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ကျင်းပရာ မန္တလေးခရိုင်အတွင်းမှ အသက် ၉၀ နှစ်နှင့် အထက် ဘိုးဘွား ၁၆၂ ဦးတက်ရောက်အပူဇော်ခံကြပြီး ဘိုးဘွား တစ်ဦးချင်းစီအား လှူဒါန်းငွေကျပ်ခြောက်သောင်းနှင့် ဂါရဝပြုပစ္စည်းများဖြင့် ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြုလုပ်သော အသက် ၈၀နှင့် အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ မေ ၁၇ ရက်ကကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက အဘိုးအဘွားများအား ပူဇော်ကန်တော့ကြစဉ်**

မင်းရာဇာ(မြစ်ကြီးနား)

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနှင့် မြန်မာနိုင်ငံ

## ဦးကြည်သာ(ဂွ)

ခုတလော ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (Protectionism) အကြောင်း လူပြောသူပြောများနေကြတယ်၊ အထူးသဖြင့် ဒေါ်နယ်ထရန့် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရပြီး ကတည်းက ဆိုပါတော့၊ ကိုယ်ကျိုးစီးပွားဝါဒသမား (Protectionist) ဆိုတာ ယေဘုယျအားဖြင့် လွတ်လပ်သော ကုန်သွယ်ရေးစနစ် (Free Trade) ကို ဆန့်ကျင်တယ်၊ တစ်ဆက်တစ်စပ်တည်း ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်တဲ့လုပ်ငန်း (Anti- Globalization movement) တွေနဲ့ပါ ပတ်သက်ဆက်နွှယ်နေပါတယ်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဆိုတာ တကယ်တော့ စီးပွားရေးပေါ်လစီသာဖြစ်ပါတယ်၊ သွင်းကုန်တွေကို စည်းမျဉ်းဥပဒေများနဲ့ကန့်သတ်ပြီး နိုင်ငံသားများရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အလုပ်အကိုင်တွေကို နိုင်ငံခြားကုမ္ပဏီတွေရဲ့ လွှမ်းမိုးမှုကအကာအကွယ်ပေးမယ်၊ ဒါ့အပြင် နိုင်ငံတော်ရဲ့ ကုန်သွယ်ရေးလိုငွေတွေဖြစ်နေတာကို လျှော့ချနိုင်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်တာဖြစ်တယ်၊ ဒါကြောင့်မို့ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒဟာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်တဲ့ အုပ်စုတွေနဲ့ ခံယူချက်တူတာမို့ ပူးပေါင်းသွားကြတယ်။

ဒီကိစ္စဟာ ကမ္ဘာ့ထိပ်သီးအမေရိကန်နိုင်ငံက ပူပူနွေးနွေး သမ္မတအသစ်ကြီးက စိတ်ဝင်တစားနဲ့ လုပ်နေတဲ့ကိစ္စရပ်မို့ စိတ်ဝင်စားစရာပါပဲ၊ တစ်ချိန်က နေမဝင်အင်ပါယာပိုင်ရှင်ဖြစ်ခဲ့တဲ့ ဗြိတိန်နိုင်ငံရဲ့ EU ကနုတ်ထွက်မှု Brexit ကိစ္စရပ်မှာလည်း ကိုယ်ကျိုးစီးပွားကာကွယ်ရေးအငွေ့အသက်တွေပါနေတော့ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာပါတယ်၊ ပြီးခဲ့တဲ့ မတ်လ ၂၅ ရက်နေ့က တရုတ်နိုင်ငံကပြုလုပ်ခဲ့တဲ့ ဘိုအော်ဖိုရမ် (Boao Forum) မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်စား ဒုတိယ ဝန်ကြီးချုပ် ကျန်ဂေါင်းလီ (Zhang Gaoli) ရဲ့ မိန့်ခွန်းနဲ့ ကျွန်တော်တို့နိုင်ငံ ဒုတိယသမ္မတ ဦးမြင့်ဆွေတို့ ပြောကြားခဲ့တာတွေကတော့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ဆန့်ကျင်ပြီး ပြောသွားကြတာကို တွေ့ရပါတယ်။

သမိုင်းကိုပြန်ကြည့်ရင် အမေရိကန်နိုင်ငံဟာ နိုင်ငံခြားက တင်သွင်းတဲ့ ကုန်ပစ္စည်းတွေကို နှစ်ပေါင်းအတော်ကြာ ဈေးနှုန်းမြှင့်တင်ထားခဲ့တယ်၊ အမေရိကန်သမ္မတတွေဖြစ်တဲ့ အီဗရာ ဟင်လင်ကွန်း (Abraham Lincoln)၊ ယူရီဆီဂရမ့် (Ulysses S Grant)၊ သီအိုဒရိုစဘဲ့ (Theodore Roosevelt) နဲ့ ဝီလီယံမက္ကလေ (William McKinley) တို့တွေဟာ အမေရိကန်နိုင်ငံရဲ့ စက်မှုထွန်းကားအောင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို အားပေးကြသူတွေပါ။ ၁၉ ရာစုနှောင်းပိုင်းမှာ ဂျာမနီနိုင်ငံဟာလည်း သူ့နိုင်ငံရဲ့ စက်မှုလက်မှု တိုးတက်ရေးအတွက် ကိုယ်ကျိုးစီးပွားကာကွယ်ရေး လုပ်ခဲ့သလို ဂျပန်နိုင်ငံဟာလည်း ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ လုပ်ခဲ့ပါတယ်၊ ဒီလိုအခြေအနေတွေကစက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေ ဖြစ်လာကြတယ်၊ ဒါကြောင့်မို့ စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံတိုင်းဟာ စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်ဖို့ဆိုရင် စီးပွားရေးအရ ကိုယ်ကျိုးစီးပွားကာကွယ်ရေး (economic Protect - ionism)ကိုတစ်စုံတစ်ခုသောအတိုင်းအတာအထိတော့ မလွဲမသွေလုပ်ခဲ့ကြရတယ်ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။

လွတ်လပ်သော ကုန်သွယ်ရေးစနစ်နဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတ ဝီလီယံမက္ကလေက ပြောသွားခဲ့တဲ့ စကားတစ်ခုရှိပါတယ်၊ လွတ်လပ်တဲ့ ကုန်သွယ်ရေးစနစ်မှာ ကုန်သည်တွေက အရှင်သခင်တွေပါ၊ ကုန်ထုတ်လုပ်သူတွေကတော့ သူတို့ရဲ့ကျေးကျွန်တွေဖြစ်ပါတယ်၊ "Under free trade the trader is the master and producer the slave" ဖရီးထရိတ်သမားတွေရဲ့ အရိုးရှင်းဆုံး မဲဆွယ်မှုကတော့ စားသုံးသူတွေဟာ ဈေးအသက်သာဆုံးကို ဝယ်နိုင်တဲ့အခွင့်အရေး "Buy where you can buy the cheapest" ဆိုတဲ့စကားကိုရှေ့တန်းတင်ပါတယ်၊ ဒါကို သမ္မတမက္ကလေရဲ့ တန်ပြန်တိုက်ခိုက်တဲ့ စကားကတော့"သင်ဝယ်ယူဖို့ အလွယ်ဆုံးနေရာမှာ ဝယ်ပါ" "Buy where you can pay the easiest" ဆိုတဲ့ဆောင်ပုဒ်ပါ၊ ကိုလိုနီဖြစ်ခဲ့တဲ့ အမေရိကန်နိုင်ငံဟာ အစပိုင်းမှာ ဥရောပကထုတ်ကုန်တွေနဲ့ ဈေးနှုန်းချင်း မယှဉ်နိုင်ခဲ့တဲ့ကာလ၊ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ သွင်းကုန်တွေကို အကောက်ခွန်ပိုပြီးကောက်ခံခဲ့တယ်၊ ပြည်တွင်းစက်မှုလုပ်ငန်းတွေဘက်က အကာအကွယ်ပေးခဲ့တယ်၊ ဒီလိုနဲ့ အမေရိကန်ဟာ ယနေ့စက်မှုထိပ်သီးနိုင်ငံအဖြစ် ရောက်ခဲ့တာပါပဲ။

ဒီနေ့ ကမ္ဘာ့စီးပွားရေးနေးကွေးနေပါတယ်၊ ဒါကြောင့်မို့ နိုင်ငံကြီးတွေဟာ စီးပွားရေးသီအိုရီ၊ ပေါ်လစီတွေကို ပြန်ဆန်းစစ်ကြတယ်၊ ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ ကြံစည်နေကြတယ်၊ စက်မှုလောကမှာတော့ ကမ္ဘာကြီးဟာ စတုတ္ထစက်မှု တော်လှန်ရေး (The fourth Industrial Revolution) ကာလကို ခြေချနေပြီလို့ ပြောပါတယ်၊ မီးရထားနဲ့ ရေနွေးငွေ့သုံးအင်ဂျင်တွေ တီထွင်သုံးစွဲခဲ့ကြတဲ့ ၁၈ ရာစုနှောင်းပိုင်းနဲ့ ၁၉ ရာစုအစောပိုင်းကို ပထမစက်မှုတော်လှန်ရေးကာလ၊ သောမတ်အယ်ဒီဆင်ရဲ့ တီထွင်မှုကြောင့် လျှပ်စစ်ဓာတ်အားကို တွင်ကျယ်စွာသုံးစွဲနိုင်ခဲ့ပြီး ဟင်နရီဖို့ဒ်ရဲ့မော်တော်ကားကို assembly လိုင်းနဲ့ အမြောက်အမြားထုတ်နိုင်တဲ့ ၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းကို ဒုတိယစက်မှုတော်လှန်ရေးကာလ၊ ၂၀ ရာစုနှောင်းပိုင်း ကွန်ပျူတာကို တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်ခဲ့တာနဲ့ အင်တာနက်တွေသုံးနိုင်လာတာက တတိယစက်မှုတော်လှန်ရေးကာလ၊ ယခု ၂၁ ရာစုလာတော့ စက်ရုပ်တွေကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြနိုင်ပြီး ဒရုန်း (drone) ခေါ်တဲ့ မောင်းသူမဲ့ လေယာဉ်တွေ၊ နာနိုနည်းပညာ (Nano-technology) နဲ့ အဆင့်မြင့် ပစ္စည်းတွေတီထွင်နိုင်ဖို့ လမ်းစရပြီး ဇီဝနည်းပညာ (Biotechnology) ရဲ့ဖွံ့ဖြိုးမှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးတွေ ပြောင်းလဲလာပြီး ဒါတွေဟာ စတုတ္ထစက်မှုတော်လှန်ရေးကာလကို စတင်ခြေချတာတွေပါ။ ကမ္ဘာကြီးမှာ စက်မှုတော်လှန်ရေးတွေဖြစ်၊ ထုတ်လုပ်မှုတွေ ဆန်းသစ်အားကောင်းကြပေမယ့် မြန်မာ့စက်မှုလောကမှာတော့ ဝိုးတဝါးပါပဲ အနာဂတ်ပျောက်နေပါတယ်၊ မြန်မာ့စက်မှုကဏ္ဍနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကွာဟချက်အတော်များပါတယ်၊ ကုန်သွယ်မှုလိုငွေဆိုရင်လည်း ၂၀၁၃-၁၄ မှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၅ ဘီလီယံ၊ ၂၀၁၄ - ၁၅ မှာ ၄ ဒသမ ၁၀၉ ဘီလီယံ၊ ၂၀၁၅-၁၆ မှာ ၅ ဒသမ ၄၄၁ ဘီလီယံ၊ ၂၀၁၆-၁၇ မှာ ၅ ဒသမ ၂၇ ဘီလီယံ နှစ်စဉ် ဘီလီယံချီပြီး ရှိနေတယ်၊ ကုန်သွယ်မှု ရငွေဟာလည်း သဘာဝဓာတ်ငွေ့ ပြန်ရောင်းချရ တဲ့ငွေက ဝင်ငွေအားလုံးရဲ့ ထက်ဝက်ကျော်ရှိပါတယ်၊ စက်မှုကဏ္ဍထုတ်ကုန်မည်မည်ရရမရှိပါ၊ စက်မှုကဏ္ဍမဖွံ့ဖြိုးခြင်း၊ ကုန်သွယ်ရေးလိုငွေနှစ်စဉ်ပြနေခြင်း စတာတွေဟာ တစ်ချိန်က နိုင်ငံကြီးတွေရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒသုံးစွဲဖို့ အဓိကအကြောင်းအရာတွေပါ။

အမေရိကန်မှာ သမ္မတဒေါ်နယ်ထရန့်တက်လာတော့ ၁၉၉၂ ခုနှစ် သမ္မတဂျော့အိပ်ဒဗလျူဘွတ်ချ် လက်ထက်က စခဲ့တဲ့ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုသုံးနိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် NAFTA ပြန်ပြီးဆန်းစစ်သုံးသပ်နေပြီ၊ ၁၉၉၇ ခုနှစ်ကစပြီး မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့တဲ့အတွက် အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်ရေးစာချုပ် AFTA အဖွဲ့ဝင်ဖြစ်နေတာမို့ မကြာခင် ဒီစာချုပ်ရဲ့သက်ရောက်မှုအရ အာဆီယံနိုင်ငံများမှ ပစ္စည်းများ လွတ်လပ်စွာ ဝင်ရောက်လာတော့မယ်လို့ သိရပါတယ်။

ဒီတော့ အိမ်နီးချင်းထိုင်းနိုင်ငံက သန်းဂဏန်းချီရှိနေတဲ့ မြန်မာလုပ်သားတွေကို အသုံးပြုပြီး ထိုင်းလုပ်ငန်းရှင်တွေက ကုန်ပစ္စည်းတွေထုတ်လုပ်ပြီးတော့ AFATA အခွင့်အရေးနဲ့ မြန်မာနိုင်ငံကိုကုန်ပစ္စည်းများ လွတ်လပ်စွာ ဝင်ရောက်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ မဖွံ့ဖြိုးတဲ့စက်မှုကဏ္ဍဖွံ့ဖြိုးဖို့လည်း တိုးတက်ဖို့ အခွင့်အလမ်းနည်းပါး၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားတွေကိုလည်း ပြန်ခေါ်ဖို့ကိစ္စကလည်း မလွယ်တော့မှာမို့ မိအေးနှစ်ခါနာလိုဖြစ်နေတယ်လို့ ခံစားမိတာပါပဲ။

**အိမ်နီးချင်းထိုင်းနိုင်ငံက သန်းဂဏန်းချီရှိနေတဲ့ မြန်မာလုပ်သားတွေကိုအသုံးပြုပြီး ထိုင်းလုပ်ငန်းရှင်တွေက ကုန်ပစ္စည်းတွေထုတ်လုပ်ပြီးတော့ AFATA အခွင့်အရေးနဲ့ မြန်မာနိုင်ငံကို ကုန်ပစ္စည်းများ လွတ်လပ်စွာ ဝင်ရောက်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ မဖွံ့ဖြိုးတဲ့စက်မှုကဏ္ဍဖွံ့ဖြိုးဖို့လည်း တိုးတက်ဖို့ အခွင့်အလမ်းနည်းပါး၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားတွေကိုလည်း ပြန်ခေါ်ဖို့ကိစ္စကလည်း မလွယ်တော့မှာမို့ မိအေးနှစ်ခါနာလိုဖြစ်နေ**

---

❒ *ကျောဖုံးမှ*

သင်္ကြန်ပွဲတော်ရက် ပြီးသွားပေမယ့် ကျွန်တော်တို့ ဒီလှေခွင်းတောင်နဲ့ ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်မှာ ရေကစားကြတဲ့အစဉ်အလာရှိနေသေးတော့ ဒီနေရာ ကို ရပ်ဝေးရပ်နီးကသူတွေ ရောက်အောင် လာပြီး ရေကစားရင်း ဘုရားဖူး၊ အပန်းဖြေလာရောက်ကြတာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

လှေခွင်းတောင်ဘုရားဖူးများသည် တောင်ခြေမှ တောင်ပေါ်အထိရောက်အောင် မဓောတမ်းတက်ရောက်ဖူးမြော်ကြပြီး တောင်ပေါ်မှနေ ပေါင်းလောင်းမြစ်ဖျား အလှရှုခင်းများ၊ စိမ်းလန်းစိုပြည်သာယာသည့် သဘာဝတောတောင်အလှ ရှုခင်းများကိုလည်း တဝကြီးကြည့်ရှုခံစားကြသည်။

လာရောက်သူများအနေဖြင့် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်တွင်လည်း စက်လှေများအပျော်စီးခြင်း၊ ရေချိုးခြင်း၊ အပျော်တမ်းရေကစားခြင်းများဖြင့် အနားယူအပန်းဖြေကြသည်။ မြစ်အတွင်း ရေကစားကြသူများ အဆင်ပြေစေရန်နှင့် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီး စောင့်ကြပ်ကြည့်ရှုပေးထားကြောင်း သိရသည်။

"ဒီနေ့ မနက်ကတည်းက ကျွန်တော်တို့ စောင့်ကြည့်နေတယ်။ အသက်အန္တရာယ် ထိခိုက်လောက်တဲ့ ပြဿနာတွေ ဘာတစ်ခုမှ မဖြစ်ပွားပါဘူး။ အားလုံးပဲ အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်စွာ ရေကစားကြတယ်။ အပျော်တမ်းစက်လှေတွေ စီးကြတယ်။ တစ်ယောက်စ နှစ်ယောက်စလောက်ပဲ ရေနစ်လို့ ကယ်ဆယ်လိုက်ရတယ်။ အချိန်မီ ကယ်ဆယ်လိုက်နိုင်တော့ အသက်အန္တရာယ် စိုးရိမ်စရာမရှိခဲ့ဘူး"ဟု ပျဉ်းမနားမြို့ ကြက်ခြေနီကယ်ဆယ်ရေးအဖွဲ့မှ ကိုမိုးသူက ပြောသည်။

"ဒီနှစ်မှာ အားလုံးအန္တရာယ်ကင်းကင်းနဲ့ ပျော်ပျော်ရွှင် လာရောက်အပန်းဖြေတာ တွေ့ရတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းအနေနဲ့ ဘာမှ ကြီးကြီးမားမား ကုသပေးရခြင်းမျိုးမရှိပါဘူး။ တချို့ကတော့ အပျော်လွန်တာလေးတွေတော့ရှိတယ်။ ဒါလည်း ထိခိုက်လောက်တဲ့ အဆင့်မရှိပါဘူး။ ကျွန်မတို့အနေနဲ့ လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ကူညီဆောင်ရွက်ပေးဖို့ အမြဲစောင့်ကြည့်ပေးနေပါတယ်"ဟု ဇေယျာသီရိမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ သားဖွားဆရာမ ဒေါ်အေးအေးမြင့်က ပြောသည်။

ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်အပန်းဖြေသူများအတွက် မြစ်ဆိပ်ကမ်းတွင် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များကလည်း မြစ်ကမ်းတစ်လျှောက် အစီအရီရှိနေသလို ဆိုင်တိုင်းနီးပါး စားသောက်သူများဖြင့် ပြည့်ကျပ်လျက်ရှိပြီး လက်မလည်အောင် တဖွဲဖွဲဖြင့် ရောင်းချလျက်ရှိသည်။

ဒေသခံစားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက "တစ်နှစ်ပတ်လုံးမှာ သင်္ကြန်ပွဲတော်ကာလနဲ့ ဒီလိုနှစ်ဆန်းတစ်ရက်ပဲ အဓိက ရောင်းရတာ။ခါတိုင်းဆိုလည်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေတော့ ရောင်းရတာတွေလည်း ရှိပါတယ်။ ဒီနေ့လောက်တော့ မရောင်းရဘူးပေ့ါ။ အဓိကကတော့ အရက် ဘီယာရောင်းတဲ့ဆိုင်တွေက ပိုရောင်းရတယ်။ ဒါပေမယ့်လည်း ဝယ်စားကြသူတွေများတော့ ရောင်းရတာ အဆင်ပြေပါတယ်" ဟု ပြောသည်။ မည်သို့ပင်ဖြစ်စေ ဇေယျာသီရိမြို့နယ်ရှိ လှေခွင်းတောင်စေတီနှင့် ပေါင်းလောင်း မြစ်ဆိပ်သို့ မြန်မာနှစ်ဆန်းတစ်ရက်တွင် ဘုရားဖူး၊ အပန်းဖြေလာရောက်ကြသူများသည် အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်လည်ပတ် အပန်းဖြေမှုကြောင့် ဘေးအန္တရာယ်ကင်းရှင်းပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာလျက်ရှိသည်။

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

---

## မြန်မာ့ရုပ်မြင်သံကြား

**၁၈-၄-၂၀၁၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၀ - နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး မိန့်ခွန်း
၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေ ဆောင်းပါးသုံးပုဒ်" ဦးဟန်ညွန့် (ဥပဒေ) (တရားလွှတ်တော်ရှေ့နေ နှင့် နိုတြီပဗ္ဗလစ်) ဒါရိုက်တာ-ဝေဠု(ဝသန်)
၁၀း၃၀ -"ညင်သာစီးဆင်း မြစ်တစ်စင်း"(ဂျာနယ်ကျော် မမလေး)(ဒုတိယပိုင်း)
၁၁း၅၀ -AFC CUP နှင့်မြန်မာ ကလပ်အသင်းများ
၁၃း၀၀ -ဆေးရောင်စုံရုပ်ရှင် **အလန်းလွန် အလွန်လန်း** (ပထမပိုင်း)(နေတိုး)၊ဝတ်မှုန်ရွှေရည်၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊စိုးပြည့်သဇင်၊ ချမ်းမီမီကို) (ဒါရိုက်တာ-ညီညီထွန်းလွင်)

**ညပိုင်း**

၁၆း၂၀ -Catch Asia News (ဂျပန်ကုမ္ပဏီကြီးများ၏၏ အောင်မြင်မှုဖြစ်ရပ် သုံးခု
၁၆း၄၅ -AFC CUP 2017 Myanmar Club ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Home United Vs Yadana bon)
၂၀း၀၀-ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅-ရှန်းကန်လူပ်ရှားဘဝများ ကျွန်တော်ညှော်လမ်းညွှန်
- **အမှိုက်ကစ**
- ဆေးရောင်စုံရုပ်ရှင် "ချစ်သောအရိမန္ဒနပူရ၏ မဟာအောင်ပွဲ"

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်

**နေပြည်တော် ဧပြီ ၁၇**

ယနေ့သည် ၁၃၇၈ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၇၉ ခုနှစ် မြန်မာနှစ်သစ်သို့ ကူးပြောင်းသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ယခုကဲ့သို့ နှစ်သစ်ကူးကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် မင်္ဂလာရှိရှိ အစပြုလေ့ရှိခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ရိုးရာဓလေ့ပင်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများသည်လည်း မြန်မာတို့၏ နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်တွင် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြခြင်း၊ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြခြင်း၊ ကောင်းမှုကုသိုလ် အလှူဒါနပြုကြခြင်းတို့ဖြင့် ၁၃၇၉ ခုနှစ် နှစ်သစ်ကို ကုသိုလ်ကောင်းမှုများဖြင့် အစပြုကြသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ နဝမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၊ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ဧည့်ပရိသတ်များက နာယူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ နေ့လယ်ပိုင်းတွင် ကမ္ဘာသူကမ္ဘာသားများနှင့် မြန်မာနိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်ပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက နေပြည်တော် ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများဖျန်းပက်ကာ မေတ္တာပို့သကြသည်။



ဆရာတော်၊ သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများဖျန်းပက်ကာ မေတ္တာပို့သကြစဉ်

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုဇယျဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းဘုရားကြီး၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားနေပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ပေးကြသည်ကိုလည်း တွေ့ရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများသို့ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်ပြီး ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားအား ဖူးမြော်ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ စေတီဝင်းအတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များက နံနက် ၉ နာရီတွင် သီလပေးတရားတော်များကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း ဟောကြား ချီးမြှင့်တော်မူကြပြီး စေတနာရှင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားသကဲ့သို့ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများမှာ မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက် များပြားသည်ကိုလည်း တွေ့ရသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းဦးက နှစ်သစ်မင်္ဂလာအခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောမနာပြောကြား၍ မင်္ဂလသုတ်အမွှန်းရွတ်ဆိုပူဇော်ခြင်း၊ မင်္ဂလသုတ်ပါဠိတော်ကို ဘာသာရေးဝတ်အသင်းသား အသင်းသူများက စုပေါင်းရွတ်ဖတ်ပူဇော်ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဝရဒါဠာ ဓာတုစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ကကြီးမှူး၍ ဆရာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြခြင်း၊ ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ (၁၉) ကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲများကို နှစ်ဦးဒါနအဖြစ် ပြုလုပ်ကြသည်။

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး ဘုရား)၌ (၁၆) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားတို့ကို နံနက် ၆ နာရီတွင် ဂန္ဓကုဋိတိုက်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရှစ်ပါးသီလခံယူ ဆောက်တည်ခြင်း၊ မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ကြကာ အဘယဒါနအဖြစ် ငါးများ ဘေးမဲ့ လွှတ်ကြပြီး ဓမ္မတေးသီချင်းများဖြင့် ပူဇော်ကြသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် အရုဏ်တက်ချိန်တွင် နှစ်သစ်ကူး ဆွမ်းဦးတင် ကပ်လှူခြင်း၊ နံနက် ၁၀ နာရီတွင် ကျိုက်ဝိုင်း ရွှေလက်ကောက်ကျောင်း ဆရာတော်ထံမှ ပရိသတ်များက ရှစ်ပါးသီလနှင့် ရေစက်ချတရားတော်တို့ကိုခံယူဆောက်တည်ကြပြီး ရွှေပြည်သာမြို့နယ်မှ စေတနာရှင်အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၄၄)ကြိမ်မြောက် မွန် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား (၁၄)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို နံနက် ၉ နာရီက ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်စိုးအောင်က ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး မွန်သက်ကြီးဘိုးဘွားများကို ရှိခိုးကန်တော့ကာ သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးနိုင်ချစ်ဖေနှင့် အဘွား မိထွေးလှိုင်တို့က ဩဝါဒစကားများပြောကြားကြသည်။

ယင်းနောက် သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်းများ လက်ဝယ်အရောက် ဂါရဝပြုပေးအပ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူ ၁၆ ဦး တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးများတစ်လျှောက်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။




ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပစဉ် ဓာတ်ပုံ-လှမိုး

ယနေ့တွင် ပုဂ္ဂလိက အငှားယာဉ်အချို့နှင့် YBS ယာဉ်လိုင်း အချို့တို့ကလည်း ခရီးသွားပြည်သူများထံမှ ယာဉ်စီးခမယူဘဲ ကုသိုလ်ဖြစ် အခမဲ့စီးနင်းခွင့်ပြုကြကြောင်း သိရသည်။

ယနေ့သည် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သည့် အားလျော်စွာ ဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်းခံယူဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ခေါင်းလျှော်ပေးခြင်း၊ လက်သည်း ခြေသည်းညှပ်ပေးခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။ ယင်းမှာ မြန်မာတို့၏ ရှေးဘိုးဘွားများလက်ထက်မှ စတင်ခဲ့သည့် ကောင်းမြတ်သောရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေ ပုံရိပ်ကောင်းများပင် ဖြစ်သည်။

## မော်ကျွန်းတွင် နှစ်သစ်ဦးအလှူဒါနပွဲများ မြို့ပေါ်နှင့်ကျေးရွာများ၌ ကျင်းပ

**မော်လမြိုင်ကျွန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နှစ်သစ်ဦး အလှူဒါနပွဲများကို ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့ပစ္ဆိမာရုံစာသင်တိုက် ကျောင်းခန်းမ၌ကျင်းပရာ ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တရေဝတာလင်္ကာရ (သဒ္ဓမ္မဇောတိကဓဇ)နှင့် ကျောင်းတိုက်ရှိ သံဃာတော်များကြွရောက်တော်မူပြီး နှစ်သစ်ဦးအလှူရှင်များက တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ယင်းနှစ်သစ်ဦး ဒါနပြုအလှူပွဲတွင် အလှူရှင်များက ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တရေဝတာလင်္ကာရနှင့် ကျောင်းတိုက်ရှိ သံဃာတော် ၃၅ ပါးတို့အား နှစ်သစ်ဦးအလှူအဖြစ် နေ့ဆွမ်း၊ မုန့်လုံးရေပေါ်၊ကြာဆံကြော်၊မုန့်စိမ်းပေါင်းနှင့် ရွှေရင်အေးများကို ဒါနပြုလှူဒါန်းကြသည့်အပြင် ပစ္ဆိမာရုံစာသင်တိုက်ရှိ ပြည်ထောင်စုတိုင်းရင်းသားပလောင်လူငယ်မောင်မယ်များကိုလည်း မြန်မာမုန့်မျိုး စုံတို့ကို ဒါနပြုလှူဒါန်းပေးကြသည်။

အဆိုပါ နှစ်သစ်ဦးအလှူဒါနပွဲများကို မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် နေအိမ်များတွင်လည်း သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း မြန်မာနှစ်ဆန်း ၁ ရက်က နှစ်သစ်ဦးအလှူဒါနပွဲများ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲများနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များတွင် ဥပုသ်သီတင်းဆောက်တည်ကောင်းမှုပြုပွဲများပြုလုပ်ကြသည်။

**မော်ကျွန်း-မြင့်အောင်**

# ဆိုင်ကလုန်းမုန်တိုင်း မာရသာကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိ

**နေပြည်တော် မေ ၁၇**

ဆိုင်ကလုန်းမုန်တိုင်း မာရသာသည် ယမန်နေ့ညပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့အနီးမှဖြတ်ကျော်၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် မုန်တိုင်းမတိုက်ခတ်မီကပင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားမှုများကြောင့် ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ကြောင်း သိရသည်။

မာရသာမုန်တိုင်းကြောင့် မာန်အောင်မြို့တွင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ် အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကာ ကျောက်ဖြူမြို့နယ် ရုံးချွန်ကျေးရွာအုပ်စု DP စခန်း အဆောင်အမှတ် - ၇ ပြိုလဲခဲ့ကြောင်း သိရသည်။

အလားတူ ရမ်းဗြဲမြို့နယ်တွင်လည်း ဘုန်းကြီးကျောင်း အမိုးများလန်ခြင်း၊ အုတ်တံတိုင်းပြိုလဲခြင်း၊ ပိုက်ဆိပ်တဲ အလုံး ၇၀ နှင့် ရဲကင်း၊ တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာများ အမိုးလန်ခြင်း၊ နေအိမ်များအမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အတူ သံတွဲမြို့နယ်တွင် အိမ်များပြိုလဲခြင်း၊ တဲအိမ်များပြိုလဲခြင်း၊ အမိုးလန်ခြင်းများနှင့် တောင်ကုတ် မြို့နယ်တွင် အနည်းငယ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

စစ်တွေ၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ကျိန္တလီမြို့နယ်များတွင် မုန်တိုင်းကြောင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

မေ ၁၆ ရက် ည ၇ နာရီက ဆိုင်ကလုန်းမုန်တိုင်း(မာရသာ) တိုက်ခတ်မှုကြောင့် ကျောက်ဖြူမြို့နယ် ကယ်ဆယ်ရေးစခန်း (IDP)တွင် ရှစ်ခန်းတွဲ နေအိမ်လိုင်းခန်းတစ်ခုပျက်စီးသွားကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ရှိပြီး ရမ်းဗြဲမြို့နယ်တွင် ကျေးရွာရှစ်ရွာမှ လူနေအိမ် အလုံး ၇၀၊ ဆေးရုံဆေးခန်းနှစ်ခု၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဌာနဆိုင်ရာ ရုံးတစ်ရုံး၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၂၄၆၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။





မာန်အောင်မြို့နယ်တွင် ကျေးရွာ ၁၈ ရွာမှ စာသင်ကျောင်းခြောက်ကျောင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် လူနေအိမ် ခုနစ်လုံး၊ အခြားအဆောက်အအုံနှစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၄၈၆၄၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရာ ခရိုင်တစ်ခုလုံး၌ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၃၁၈၂၄၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ပျက်စီးခဲ့သော သစ်ပင်များအား ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့များက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်ဆက်)၊ (သတင်းစဉ်)**

## မြို့သစ်မြို့နယ်ရှိ ယင်းချောင်းတံတားရေတိုက်စားသဖြင့် လမ်းလွှဲဘေလီတံတားပျက်စီး




**မြို့သစ် မေ ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင်း နေပြည်တော်-မြို့သစ်- ကံပြား လမ်းပေါ်တွင်ရှိသော ယင်းချောင်းတံတားသည် သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ဆောက်ရွက်လျက်ရှိရာ ခရီးသွားများအဆင်ပြေစေရန်အတွက် လမ်းလွှဲသံဘေလီ တံတားမှ သွားလာလျက်ရှိသည်။ မေ ၁၆ ရက် ညက မိုးများအဆက်မပြတ် ရွာသွန်းသောကြောင့် အဆိုပါဘေလီတံတားတွင် လမ်းလွှဲပြုလုပ်ပေးထားသော မြေသားလမ်းမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ **(ယာပုံ)**

အဆိုပါတံတား ချဉ်းကပ်တံတားကို ၂၀၁၄/၂၀၁၅ ခုနှစ်က မိုးပြင်းထန်စွာရွာသွန်းပြီး ရေတိုက်စားသွားသောကြောင့် သံဘေလီတံတားဖြင့် အစားထိုး၍ ခရီးသွားယာဉ်များ ဖြတ်သန်းလျက်ရှိသည်။

ယခုအခါ အဆိုပါ သံပေါင်ဘေလီတံတားမှာ ပျက်စီးသွားသဖြင့် ခရီးသွားယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာရေး အဆင်ပြေစေရန်အတွက် လမ်းဦးစီးဌာနတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက မြို့သစ်-ကံပြားလမ်း ကြန့်ကြာမှုမရှိစေဘဲ ပြန်လည်သွားလာနိုင်စေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်းထွန်း (မြို့သစ်)**

## မိုးရေချိန် စံချိန်သစ်များ

**နေပြည်တော် မေ ၁၇**

မေ ၁၇ ရက် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ အောက်ဖော်ပြပါ စခန်းများ၌ မေလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန် သစ်များကို တိုင်းထွာရရှိခဲ့ပါသည်-

**မိုးရေချိန်စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့် နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မကွေး | ၁၄၆ | ၅.၇၄ | ၈၉ | ၃.၅၀ | ၁၁.၄.၁၉၈၇ | ၄၄ |
| ၂။ | မင်းဘူး | ၁၂၂ | ၄.၈၀ | ၁၀၆ | ၄.၁၇ | ၁၁.၄.၁၉၈၇ | ၅၃ |
| ၃။ | အောင်လံ | ၁၂၀ | ၄.၇၇ | ၅၄ | ၂.၁၃ | ၂၉.၄.၂၀၁၆ | ၃၄ |
| ၄။ | ကျောက်ဖြူ | ၁၁၉ | ၄.၆၉ | ၉၉ | ၃.၉၀ | ၂၆.၄.၁၉၈၄ | ၅၄ |
| ၅။ | တောင်တွင်းကြီး | ၁၁၁ | ၄.၃၇ | ၄၆ | ၁.၈၁ | ၃၀.၄.၂၀၀၆ | ၂၀ |
| ၆။ | ဆင်ဖြူကျွန်း | ၁၀၃ | ၄.၀၆ | ၆၂ | ၂.၄၄ | ၁၁.၄.၁၉၈၇ | ၄၄ |
| ၇။ | ပဲခူး | ၉၆ | ၃.၇၈ | ၉၂ | ၃.၆၂ | ၂၉.၄.၂၀၀၆ | ၅၃ |
| ၈။ | ချောက် | ၈၃ | ၃.၂၇ | ၅၂ | ၂.၀၅ | ၃၀.၄.၁၉၈၉ | ၄၇ |
| ၉။ | ပခုက္ကူ | ၄၆ | ၁.၈၁ | ၃၈ | ၁.၅၀ | ၁၂.၄.၁၉၇၂ | ၅၁ |

(မိုး/ဇလ)

## ဒလမြို့နယ်တွင် သုံးနှစ်အရွယ်ကလေးတစ်ဦး ကတ်ကြေးကိုင်ကစားရာမှ အိမ်အောက်ကျကာ ကတ်ကြေးထိုးမိသေဆုံး

**ဒလ မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက် သဇင်လမ်း လယ်ကွင်းစပ်ရှိ အိမ်တစ်အိမ်၌ သုံးနှစ်သားအရွယ် ကလေးငယ်တစ်ဦး ကတ်ကြေးကိုင်၍ ကစားနေရာမှ နေအိမ်အောက်လိမ့်ကျကာ ကတ်ကြေးထိုးမိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် နံနက် ၁၁ နာရီကျော်က ဒေါ်အေးသူဇာသည် အမေဖြစ်သူ နေအိမ်၌ ထမင်းချက်နေစဉ် အိမ်၌ တစ်ဦးတည်းကျန်ခဲ့သော သားဖြစ်သူ အေးမျိုးဇော်မှာ ကတ်ကြေးကိုင် ကစားနေရာ အိမ်နောက်ဖေးအပေါက်အကျယ် နှစ်ပေ၊ အမြင့် သုံးပေခန့်မှ အိမ်အောက်သို့လိမ့်ကျပြီး အော်သံကြားသဖြင့် သွားကြည့်ခဲ့ရာ အေးမျိုးဇော် (၃ နှစ်)မှာ ဝဲဘက်ရင်ဘတ်အား ကတ်ကြေးထိုးမိလျက် တွေ့ရှိသဖြင့် ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံးမှုနှင့်ပတ်သက်၍ အလောင်းအား ဒလဆေးရုံမှ စစ်ဆေးပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

**သစ်တောသစ်ပင် တို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုးအလှတိုး**



## ဆင်တဲဝချောင်းရေများဝင်၍ ကြက်သွန်နီစိုက်ခင်းများ ရေနစ်မြုပ်

**တောင်သာ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ဧပြီ ၁၆ ရက် ညပိုင်းက မိုးရွာသွန်းမှုများ၍ ဆင်တဲဝချောင်းရေများပြီး တပင်ကန်ကျေးရွာ ချောင်းစပ်ရှိ ကြက်သွန်နီစိုက်ခင်းများ ရေဝင်နစ်မြုပ်ခဲ့သည်။

အဆိုပါရေဝင်နစ်မြုပ်မှုကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်သော မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့က ကြက်သွန်နီစိုက်ခင်းများ ရေဝင်နစ်မြုပ်မှုများကို ကွင်းဆင်းကြည့်ရှုပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## ဒလမြို့နယ်၌ အသက် ၉၀ နှင့်အထက် သက်ကြီးပူဇော်ပွဲကျင်းပ

**ဒလ ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် စေတနာရှင်များစုပေါင်း၍ မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဒလမြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် အဘိုး၊ အဘွား စုစုပေါင်း ၁၁၀ တို့အား မဟာသုမနာရာမ ကျောင်းတိုက်ဆရာတော် ဦးတိက္ခဉာဏ၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များက အဘိုးအဘွားများအား တစ်ဦးချင်းစီအလိုက် အလှူငွေများ၊ ခြုံစောင်များနှင့် တဘက်ထည်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အသက် ၁၀၆ နှစ် တစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ အသက် ၁၀၀ နှစ် နှင့် အထက် နှစ်ဦးကို တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀၊ အသက် ၉၉ နှစ် နှင့်အထက် ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၊ အသက် ၉၀ နှစ် အထက် ၁၀၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ၊ အဘိုး၊ အဘွား ၁၁၀ ဦးအတွက် ခြုံစောင် ၁၁၀ နှင့် စေတနာရှင်များမှ ထပ်မံလှူဒါန်းမှုများကြောင့် စုစုပေါင်း လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၄၈ သိန်း ၆ သောင်းကို ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(မြန်/ဆက်)**



## လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့



**ဟင်္သာတ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မိုးများရွာသွန်းပြီး ရုတ်တရက် လေပြင်းတိုက်ခတ်သဖြင့် လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာ အလှူငွေများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီက ပဲကြီးကျွန်းအုပ်စု ဥယျာဉ်စုကျေးရွာ ဝိဇိတာရာမ ဘုန်းကြီးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ပဲကြီးကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ရိက္ခာတန်ဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းများကို တာဝန်ရှိသူများက လေဘေးသင့် အိမ်ထောင်စုများထံ ပေးအပ်ခဲ့သည်။

ဟင်္သာတမြို့နယ်တွင် ဧပြီ ၁၆ ရက် ည ၇ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လူနေအိမ်တစ်လုံးပြိုကျ၍ လူတစ်ဦးသေဆုံးခဲ့ပြီး နေအိမ်လေးလုံး အမိုးလန်မှုများနှင့် ဝိဇိတာရာမ ဘုန်းကြီးကျောင်းမှ ဓမ္မာရုံတစ်ဆောင် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လူတစ်ဦးသေဆုံးမှုအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ပြိုကျနေအိမ်တစ်လုံးနှင့် အမိုးလန် နေအိမ်လေးလုံးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် ဘုန်းကြီးကျောင်း ဓမ္မာရုံ အမိုးလန်ပျက်စီးမှုအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း၊ လေဘေးသင့် အိမ်ထောင်စုငါးစုမှ မိသားစုဝင် ၂၅ ဦးတို့အတွက် တစ်ပတ်စာ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၅၀၄၀၀ စုစုပေါင်း ထောက်ပံ့ကြေးငွေကျပ် ၉၅၀၄၀၀ ကို လေဘေးသင့် ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## တောင်သာ-ကျောက်ပန်းတောင်းလမ်း လိမ်ပင်တံတားလမ်းလွှဲ ရေတိုက်စားပျက်စီး

**တောင်သာ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၄၂၃/၃-၄ ) ကြား၊ တံတားအမှတ်(၁/၄၂၄) (လိမ်ပင်တံတားတည်ဆောက်ဆဲ) တွင် လမ်းလွှဲအား ဧပြီ ၁၇ ရက် နံနက် ၆ နာရီခွဲက ရေတိုက်စား၍ ယာဉ်သွားလာမှု ခေတ္တပြတ်တောက်ခဲ့သည်။

အဆိုပါရေတိုက်စားမှုကို တံတားအထူးအဖွဲ့ (၅) မှ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ညနေ ၃ နာရီတွင် ယာဉ်များ အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာလျက်ရှိသည်။

တောင်သာမြို့နယ် တောင်သာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ အေးရွာကျေးရွာအနီး အသစ်တည်ဆောက်လျက်ရှိသော လိမ်ပင်တံတားလမ်းလွှဲမှာ မိုးရွာသွန်းမှုများ၍ ရေတိုက်စားပျက်စီးခဲ့မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လမ်းဦးစီးဌာနနှင့် တံတားအဖွဲ့တာဝန်ရှိသူများ၊ ဝဲလောင် ရဲစခန်းနှင့် ဝဲလောင်မီးသတ်စခန်းတို့မှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်မှုဖြင့် ယာဉ်နှင့် ဆိုင်ကယ်များဖြတ်သန်းနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မာရသာမုန်တိုင်းတိုက်ခတ်မှုကြောင့် မာန်အောင်မြို့နယ်၌ ပျက်စီးဆုံးရှုံးမှုရှိ

**မာန်အောင် ဧပြီ ၁၇**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ ဧပြီ ၁၆ ရက် ည ၈ နာရီက ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မာရသာသည် တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာတို့တွင် ဘုန်းကြီးကျောင်း၊ သံဃာ့ဆေးရုံ၊ စာသင်ကျောင်း၊ လူနေအိမ်အဆောက်အအုံများနှင့် အမိုးအကာများပျက်စီးခဲ့ကြောင်း သိရသည်။

**သိန်းဇေ (မြန်/ဆက်)**



## ဥတုရာသီ တောကိုမှီ၏

# ဆီးရီးယားနှင့် အာဖဂန်တွင်လုပ်ဆောင်နေသည့် လေကြောင်းတိုက်ခိုက်မှုများက မြောက်ကိုရီးယားအား ဒုံးကျည်စမ်းသပ်မှုမပြုလုပ်ရန် သတိပေးနေခြင်းဖြစ်ကြောင်း မိုက်ပန့်စ်ပြောကြား

**ဝါရှင်တန် ဧပြီ ၁၇**



အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် တောင်ကိုရီးယားခေတ္တသမ္မတ ခွမ်ကျိုအန်းတို့ ဆိုးလ်၌တွေ့ဆုံစဉ်

အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဆီးရီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် လတ်တလောပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကို သာဓကပြုလျက် မြောက်ကိုရီးယားအား ဒုံးကျည်စမ်းသပ်မှုများ ထပ်မံမလုပ်ဆောင်သင့်တော့ကြောင်း တနင်္လာနေ့က သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

မိုက်ပန့်စ်နှင့် တောင်ကိုရီးယား ခေတ္တသမ္မတ ခွမ်ကျိုအန်းတို့သည် မြောက်ကိုရီးယားက စမ်းသပ်ပစ်လွှတ်လိုက်သည့် ဒုံးကျည်စမ်းသပ်မှု မအောင်မမြင်ဖြစ်ခဲ့ပြီး နောက်တစ်ရက်အကြာတွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် ခေါင်းဆောင်နှစ်ဦးက တက်ဒ်ဒုံးကျည် ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုကို ဆောလျင်စွာ ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မြောက်ကိုရီးယားကို ဆန့်ကျင်သည့် ခုခံကာကွယ်မှုများကို ပိုမိုအားကောင်းလာအောင်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ဆီးရီးယားနှင့် အာဖဂန်နစ္စတန်တွင် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်၏ လက်တွေ့ကျသည့် ဖြေရှင်းမှုနှင့် အင်အားကြီးမားမှုကို ကမ္ဘာက သက်သေခံခဲ့ပြီဖြစ်ကြောင်း ပန့်စ်က ခွမ်နှင့်အတူ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် အမေရိကန် ပြည်ထောင်စုရှိ လက်နက်ကိုင်အင်အားစုများ၏ အင်အားကြီးမားမှုကို အကဲစမ်းသည့် ဒုံးကျည်စမ်းသပ်မှုမျိုးကို ထပ်မံမပြုလုပ်သင့်တော့ကြောင်း ပန့်စ်က ထည့်သွင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းက ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက်တွင် အမေရိကန်ရေတပ်က တိုမာဟော့ခ် ဒုံးကျည် ၅၉ စင်းကို ဆီးရီးယားလေပိုင်နက်အတွင်း ပစ်ခွင်းခဲ့သည်။ ထိုသို့ ပစ်လွှတ်ခဲ့ပြီးနောက်တွင် အမေရိကန်တပ်မတော်သည် ဗုံးများအားလုံး၏ မိခင်ဟု တင်စားခေါ်ဝေါ်သည့် နျူကလီးယား မဟုတ်သော အကြီးဆုံးဗုံးကို အာဖဂန်ရှိ အိုင်အက်စ်စစ်သွေးကြွများ အသုံးပြုလျက်ရှိသည့် လိုဏ်ခေါင်းနှင့် တူးမြောင်းများ အစုအဝေးရှိရာသို့ ကြဲချလိုက်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# လော့တီကုမ္ပဏီဥက္ကဋ္ဌနှင့် ပတ်ဂွမ်ဟေးအား အကျင့်ပျက်ခြစားမှုများနှင့် တရားစွဲ

**ဆိုးလ် ဧပြီ ၁၇**




တောင်ကိုရီးယားတွင် အစိုးရရှေ့နေများသည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်း ပတ်ဂွမ်ဟေးအား အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခဲ့သလို လော့တီကုမ္ပဏီအုပ်စု ဥက္ကဋ္ဌရှင်ဒေါင်ဒင်ကို လာဘ်ပေးလာဘ်ယူမှုဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးအား လာဘ်ပေးလာဘ်ယူမှု၊ အာဏာအလွဲသုံးစားလုပ်မှု ခြိမ်းခြောက်အကျပ်ကိုင်မှု၊ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များ ပေါက်ကြားစေမှုတို့ အပါအဝင် စွဲချက်ပေါင်း ၁၄ ချက်ဖြင့် အစိုးရ ရှေ့နေများက တရားစွဲဆိုထားကြောင်း ပြောခဲ့သည်။

သမ္မတဟောင်းပတ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက မတ် ၁၀ ရက်က ရာထူးမှ နုတ်ပယ်ခဲ့သည်။

လော့တီကုမ္ပဏီ ဥက္ကဋ္ဌအား စီးပွားရေးလုပ်ကွက်များရရှိရန် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ လာဘ်ပေးခဲ့သည်ဟုဆိုကာ အစိုးရ ရှေ့နေများက တရားစွဲဆိုထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးကွယ်လွန်

**ရောမ ဧပြီ ၁၇**

ကမ္ဘာ့အသက်ကြီးဆုံးဟု လူသိများသော အီတာလျံအမျိုးသမီး အမ်မာမိုရမ်နိုသည် အသက် ၁၁၇ နှစ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မိုရမ်နိုသည် အီတလီမင်းဆက် သုံးဆက်အထိ မီခဲ့သလို သမ္မတ ၁၂ ဦး၏ အုပ်ချုပ်မှုအတွင်း နေထိုင်ခဲ့သည်။

၁၈၉၉ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မွေးဖွားခဲ့သော မိုရမ်နိုသည် ၁၉ ရာစုအတွင်း မွေးဖွားခဲ့သူများအနက် နောက်ဆုံးအသက်ရှင် ကျန်ရစ်သူဖြစ်ကြောင်း သိရသည်။

မိုရမ်နိုသည် လွန်ခဲ့သောနှစ်ပေါင်း ဆယ်နှစ်ခန့်ထိ တစ်နေ့လျှင် ကြက်ဥသုံးလုံး စားသုံးလေ့ရှိကြောင်း၊ ၎င်းက ဘဝသက်တမ်းကိုရှည်ကြာစေသည့်အချက်တစ်ချက် ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကုန်ပစ္စည်းထောက်ပံ့ရေး အာကာသယာဉ် ရှင်ကျို့-1 အား တရုတ်လွှတ်တင်မည်

**ပေကျင်း ဧပြီ ၁၇**

တရုတ်နိုင်ငံ၏ပထမဆုံး ကုန်ပစ္စည်းထောက်ပံ့ရေး အာကာသယာဉ် ရှင်ကျို့-1အား ဧပြီ ၂၀ မှစတင်ကာ အာကာသအတွင်းသို့ လေးရက်ကြာ လွှတ်တင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အာကာသအစည်းအရုံးမှ ပြောကြားခဲ့သည်။

ယင်းအာကာသယာဉ်ကို လောင်းမတ်ချ် 7 $Y_2$ ဂြိုဟ်တုသယ်ဆောင်ရေးဒုံးပျံမှ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝမ်ချောင်းမြို့ရှိ ပစ်လွှတ်ရေးဇုန်သို့ အဆိုပါအာကာသယာဉ်အား ရွှေ့ပြောင်းထားပြီဖြစ်ကြောင်း ဧပြီ ၁၇ ရက်က အာကာသအစည်းအရုံး ထုတ်ပြန်ချက်အရ သိရသည်။

ဖေဖော်ဝါရီလက အာကာသယာဉ်နှင့် ဒုံးပျံအား တပ်ဆင်နေစဉ်အတွင်း နည်းပညာရှင်များက စမ်းသပ်မှုအမျိုးမျိုးပြုလုပ်ခဲ့ကြောင်း သိရသည်။ တီယမ်ကျို့ဝမ်းကုန်ပစ္စည်းထောက်ပံ့ရေးအာကာသယာဉ်သည် အခြားအကူအညီမပါဘဲ တည်ဆောက်ခဲ့သည့် တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသယာဉ်ဖြစ်သည်။

၎င်းသည် အာကာသအတွင်းလှည့်ပတ်နေသော Tiangong-2 အာကာသဓာတ်ခွဲခန်းနှင့်ချိတ်ဆက်ကာ လိုအပ်သော ပံ့ပိုးမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံကလွှတ်တင်မည့် ကုန်ပစ္စည်းထောက်ပံ့ရေးအာကာသယာဉ်သည် ကမ္ဘာမြေသို့ ပြန်လည်မရောက်ရှိခင် အာကာသအတွင်း စမ်းသပ်မှုများကိုလည်း လုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# ပေါ်တူဂီတွင် ဈေးဝယ်ကုန်တိုက်အနီး လေယာဉ်ငယ်တစ်စင်းပျက်ကျ၍ ငါးဦးသေဆုံး



**လစ္စဘွန်း ဧပြီ ၁၇**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းအပြင်ဘက် ရပ်ကွက်ဧရိယာအတွင်းရှိ ဈေးဝယ်ကုန်တိုက်တစ်ခုတွင် တနင်္လာနေ့က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူငါးဦးသေဆုံးသွားကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ပျက်ကျသွားသည့်လေယာဉ်သည် ပုဂ္ဂလိကလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းဖြစ်ပြီး လစ္စဘွန်းအနောက်ဘက်မှ ကီလိုမီတာ ၂၀ (၁၂ ဒသမ ၅မိုင်)အကွာခန့်ရှိ Cascais အပန်းဖြေစခန်းမြို့အနီးတွင်ရှိသည့် တိုင်ယက်စ်လေဆိပ်မှ ပျံသန်းထွက်ခွာလာပြီးနောက်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်သည် ပြင်သစ်နိုင်ငံ Marseiles သို့ ဦးတည်ပျံသန်း ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းအရေးပေါ်ဝန်ဆောင်မှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အန်ဒရီဖာနန်ဒီက ပြောကြားခဲ့သည်။ လေယာဉ်ပေါ်လိုက်ပါလာကြသည့် ပြင်သစ်နိုင်ငံသား သုံးဦးနှင့် ဆွစ်ဇာလန်နိုင်ငံသားတစ်ဦးတို့မှာလည်း လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးသွားခဲ့သည်။

လေယာဉ်သည် ထရပ်ကားတစ်စင်းပေါ်သို့ပျက်ကျခဲ့ပြီး မီးစွဲလောင်ခဲ့ကာ မြေပြင်ပေါ်ရှိလူတစ်ဦးမှာလည်း သေဆုံးသွားခဲ့ကြောင်း ဖာနန်ဒီက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ပေါ်တူဂီသမ္မတ မာဆယ်လိုရီဘယ်လိုဒီဆူဆာသည် လေယာဉ်ပျက်ကျမှုဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့သည်။ အခင်းဖြစ်ပွားရာ၌ ကယ်ဆယ်ရေးလုပ်သား ၅၀ ကျော်ခန့် ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရန် ရောက်ရှိနေခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ၁၃၇၉ခု နှစ်ဦး ရခိုင်ပြည်နယ်အနှံ့ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် ကြိုဆို ဆိုင်ကလုန်းမုန်တိုင်း“မာရသာ”က နှစ်ဦး မိုးပုလဲပန်းကြဲဖျန်းကာ နှုတ်ဆက်

သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ဇရုံကာသား

**ကံ့ကော်သင်းကာ၊ ရွှေရောင်ဖြာ၍၊ ငုဝါပိတောက်တို့အကြိုထောက်ကျရောက်လာသော အလုထူးသည့်နှစ်ဦးကာလ မြန်မာသက္ကရာဇ် ၁၃၇၉ခု ဦးတန်ခူးလဆုတ် ၆ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၉ခု တာခူးလပြည့်ကျော် ၆ ရက်၊ ခရစ်နှစ် ၂၀၁၇ခုနှစ် မေ ၁၇ ရက် တနင်္လာနေ့သည်ကား မြန်မာတစ်နိုင်ငံလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်ဦးရက်မြတ်ဖြစ်သည်။ သင်္ကြန်တွင်းကာလက ဆိုင်ကလုန်းမုန်တိုင်း“မာရသာ” (Maarutha)သည် ရခိုင်ပြည်နယ်ကိုဖြတ်ကျော်မည်ဟု မုန်တိုင်းသတင်းထုတ်ပြန်ထားသော်လည်း သင်္ကြန်ပွဲကိုပျော်ရွှင် အောင်မြင်စွာ ကျင်းပဆင်နွှဲနိုင်ခဲ့ကြောင်း မြင်တွေ့ရသည်။**

နှစ်ဆန်း ၁ ရက်နေ့တွင် မြန်မာနိုင်ငံအနှံ့ကုသိုလ်ဒါနပြုလုပ်ကြရာ ရခိုင်ပြည်နယ်တွင်လည်း ဥပုသ်သီလဆောက်တည်ကြသူများ၊ ဘုရားဖူးထွက်ကြသူများ၊ သက်ကြီးပူဇော်ပွဲများ၊ စတုဒိသာပြုလုပ်ကြသူများဖြင့် နှစ်သစ်ကောင်းမှုပြုလုပ်ကြကြောင်း သိရသည်။



စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက် သက်ကြီးပူဇော်ပွဲ၌ ရခိုင်ရိုးရာအကဖြင့် ကပြဖျော်ဖြေနေမှုကိုတွေ့ရစဉ်

### ဥပုသ်သီလဆောက်တည်ကြ

စစ်တွေမြို့ အာဂျိပ်တော်ကုန်းရှိဘုန်းတော်ကြီးကျောင်းတိုက်များ၊ စစ်တွေမြို့ပေါ်ရှိကျောင်းတိုက်များ၊ အခြားမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားနေကြောင်း၊ ထို့အပြင် သမိုင်းဝင်ဘုရားများဖြစ်သော ကျောက်တော်မဟာမြတ်မုနိဘုရား၊ ပေါက်တောမြို့နယ် ဆံတော်ရှင်ဘုရား၊ ပုဏ္ဏားကျွန်းမြို့နယ်ဦးထုတ်တော်ဓာတ်၊ မင်းပြားမြို့နယ် ကျိန်းတောင်ဘုရားတို့တွင်လည်း ဥပုသ်လီလဆောက်တည်ကြသူများ များပြားကြောင်း ဆက်သွယ်မေးမြန်းချက်များအရ သိရသည်။

စစ်တွေမြို့ အာဂျိပ်တော်ကုန်းရှိ ဝိမလဓမ္မဒါန (ဓာတ်လယ်) ကျောင်းတစ်ကျောင်း၌ပင် ဥပုသ်သည်တစ်ထောင်ခန့်ရှိကြောင်း ခန့်မှန်းရသည်။ ဥပုသ်စောင့်ရင်း ဝိပဿနာတရားတော်များကိုလည်း နာကြားကြကြောင်း သိရသည်။

“ဒီနေ့ဟာ ၁၃၇၈ ခုက ၁၃၇၉ ခု သို့ ကူးပြောင်းတဲ့နေ့ဖြစ်တာကြောင့် နှစ်သစ်ကူးတဲ့နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့် အသက် တစ်နှစ်ကြီးသွားတာပေါ့။ အသက်ကြီးသွားသလို အသိလည်းကြီးနေရမယ်။ အသိကြီးတယ်ဆိုတာက ကံအသိထက် ဉာဏ်အသိကြီးဖို့လိုတယ်။ ဉာဏ်အသိကြီးပါမှ တရားအသိကြီးလာမှာ၊ ဒါမှလည်း အသေမဦးမီ ဉာဏ်ဦးပြီး မိမိတို့မျှော်မှန်းရာ နိဗ္ဗာန်ကို မြတ်စွာဘုရားဟောကြားတဲ့နည်းလမ်းအတိုင်း ရောက်နိုင်ကြမှာပါ”စသည်ဖြင့်ဝိမလဓမ္မဒါန(ဓာတ်လယ်)ကျောင်းတိုက်ပဓာနနာယက၊ မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသုဝဏ္ဏဆရာတော်ကြီးက နှစ်သစ်တရားဦးဟောကြားရာတွင် ထည့်သွင်းဟောကြားသွားသည်။

### သက်ကြီးပူဇော်

သက်ကြီးပူဇော်ပွဲများကို စစ်တွေမြို့အပါအဝင် အခြားမြို့နယ်များ၊ ကျေးလက်တောရွာအနှံ့ ကျင်းပကြကြောင်း၊ အချို့ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ကြရသော်လည်း ယခုနှစ်တွင်ပြန်လည်ပြုလုပ်လာကြကြောင်း သိရသည်။ (၅၃) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ယနေ့နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီးတို့ တက်ရောက်ကာ သက်ကြီးရွယ်အိုများအား ပူဇော်ဂါရဝပြုကြပြီး လှုဖွယ်ဝတ္ထုများဖြင့် ပူဇော်ကြောင်း၊ ယင်းပူဇော်ပွဲတွင် အသက် ၁၀၀ အထက်ဘိုးဘွား ခုနစ်ဦးအပါအဝင် အသက် ၈၀ အထက်အဘိုး ၂၇၃ ဦး၊ အဘွား ၆၉၈ ဦး စုစုပေါင်း ၉၇၈ ဦးကိုပူဇော်နိုင်ခဲ့ကြောင်း၊ ယင်းဘိုးဘွားများကို ရပ်ကွက်များ တွင်လည်း မိမိတို့ ရပ်ကွက်အလိုက် ဖိတ်ကြားကာ ပူဇော်ကြကြောင်း၊ ရခိုင်ရိုးရာ ကကွက်များဖြင့်လည်း ကပြဖျော်ဖြေကြကြောင်း သိရသည်။

အချို့ကျေးရွာများတွင် နှစ်များစွာက အကြောင်းအမျိုးမျိုးကြောင့် မပြုလုပ်နိုင်ခဲ့သော သက်ကြီးပူဇော်ပွဲများကို ပြန်လည်ဖော်ထုတ်ကာ ပြုလုပ်ကြကြောင်း ဖုန်းဆက်သတင်းပို့ကြသူများလည်းရှိသည်။

“ကျွန်တော်တို့ ပေါက်တောမြို့နယ် မြင့်ဂါသစ်ကျေးရွာမှာ သက်ကြီးပူဇော်ပွဲကို အရင်က သုံးကြိမ်ပြုလုပ်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မပြုလုပ်နိုင်ခဲ့တာ တော်တော်ကြာပါပြီ။ ဒီနှစ်မှာ အဝေးရောက် ဒီရွာဇာတိဖွားတွေနဲ့ ရပ်သူရွာသားတွေစုပေါင်းပြီး လေးကြိမ်မြောက်အဖြစ်ပြုလုပ်တာပါ။ အသက်အကြီးဆုံးက ၉၃ နှစ်ပါ၊ အသက် ၇၀ အထက် အဘိုးအဘွား စုစုပေါင်း ၂၇ ဦးကို ပူဇော်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပီတိဖြစ်မိပါတယ်။ နောင်နှစ်မှာ ဒီထက်စည်ကားအောင်ကြိုးစားသွားမှာပါ” ဟု သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီဝင် ဦးကျော်အေးသိန်းက တယ်လီဖုန်းဖြင့် ပြောကြားသည်။

### လောကီအလုပ်မှ လောကုတ္တရာအလုပ်သို့

နှစ်သစ်ကူးပြောင်းခြင်းသည် လောကီအလုပ်တစ်ခုဖြစ်သော်လည်း သီလဆောက်တည်ခြင်း၊ ကုသိုလ်ပြုခြင်းစသော လောကုတ္တရာဘက်သို့ အသိစိတ်ကိုပြောင်းလဲကျင့်သုံးခြင်းသည် အလွန်မွန်မြတ်ကြောင်း ရခိုင်သမိုင်းသုတေသီများ၏ အမြင်များကိုလည်း သိရသည်။

“ဒီနှစ်သစ်ကူးတဲ့ဓလေ့ဟာ အိန္ဒိယကကူးပြောင်းလာတာဖြစ်တယ်။ အိန္ဒိယက သာကီဝင်တွေရဲ့ယဉ်ကျေးမှုတစ်ခုပါ။ အိန္ဒိယနဲ့ရခိုင်ဟာ ယဉ်ကျေးမှုအရ ဆက်နွယ်နေတာများတယ်။ ခုကနှစ်သစ်မှာ ဥပုသ်သီလဆောက်တည်ကြတယ်၊ ကုသိုလ်ပြုကြတယ်ဆိုတာ လောကုတ္တရာအလုပ်ဘက်ကို အသိစိတ်ကိုပြောင်းလဲလာကြတာဖြစ်တယ်” ဟု ရခိုင်သမိုင်းသုတေသီ“ရက္ခဋ္ဌာနီလရာသီ”ကျမ်းကိုပြုစုရေးသားထား သောအသျှင်ကုသလ (ငွေသဇင်-သံတွဲ) ဆရာတော်က မိန့်ကြားသည်။

### ဘုရားဖူးနှင့်ဒေသန္တရခရီး

နှစ်ဆန်း ၁ ရက်နေ့တွင် မိသားစုလိုက်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်လည်းကောင်း၊ စုပေါင်း၍လည်းကောင်းဘုရားဖူးသွားရောက်ခြင်း၊ အပန်းဖြေဒေသန္တရခရီးသွားလာကြခြင်းများလည်းရှိကြသည်။ “ကျွန်တော်တို့မိသားစုက မဟာမြတ် မုနိဘုရားကိုဖူးမြော်ပြီး ခု ဇီးချောင်းဆည်ကိုလေ့လာရေး အပန်းဖြေခရီးရောက်နေပါတယ်။ ခုဒီဆည်မှာလူတွေတော်တော်များများ ရောက်နေကြပါပြီ။ ညနေကျရင် ပိုစည်မယ်လို့ သိရပါတယ်။ ဒီကနေ့ မြောက်ဦးကိုဆက်ပြီး ဘုရားဖူးသွားမယ့်သူတွေလည်းရှိကြပါတယ်” ဟု ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာမှ ဦးလှရွှေက ဖုန်းဖြင့်ဆက်သွယ်ပြီး ဒေသအခြေအနေကို ပြောသည်။

ယနေ့နံနက်ပိုင်းမှစ၍ ရပ်ကွက်တိုင်းလိုလိုတွင် လမ်းဆုံလမ်းခွများ၌ မုန့်လှူဒါန်းကြသူများဖြင့်လည်းကောင်း၊ ညနေပိုင်းတွင်အချိုရည်၊ အချိုဘူးများ လှူဒါန်းသူများဖြင့်လည်းကောင်း စတုဒိသာဒါနပြုလုပ်သည်ကိုမြင်တွေ့ရသည်။

### မုန်တိုင်း “မာရသာ”၏မိုးပုလဲပန်း

ရခိုင်ပြည်နယ်သို့ ဧပြီ ၁၆ ရက် ညတွင် ဝင်ရောက်တိုက်ခတ်မည်ဟု မုန်တိုင်းသတင်းထုတ်ပြန်ထားသော ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း “မာရသာ”သည်အားပျော့စွာဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ စစ်တွေမြို့တွင် ဧပြီ ၁၆ ရက် ညနေတွင် လေအနည်းငယ်ထန်ကာ မိုးရွာသွန်းခဲ့သည်။

“ဘုန်းကြီးတို့သံတွဲမြို့ကို မုန်တိုင်းဖြတ်မယ်လို့သတင်းကြားတာနဲ့အစိုးရရောပြည်သူတွေပါ အသင့်ပြင်ဆင်ထားကြပါတယ်။ မုန်တိုင်းက ဧပြီ ၁၆ ရက် ည ၉ နာရီမှာစတင်ဖြတ်ပြီးတော့ ဧပြီ ၁၇ ရက်မှာ လေကပျော့သွားပါတယ်။ အပျက်အစီးမရှိပါဘူး။ လေက သရက်သီး၊ မရန်းသီးကြွေရုံအဆင့်ပါပဲ။ မိုးကတော့ နည်းနည်းရွာပါတယ်”ဟုသံတွဲမြို့မှဆရာတော်အသျှင်ကုသလက မိန့်ကြားသည်။

ကျောက်ဖြူက သတင်းထောက် စောမိုးကျော်ကလည်း မုန်တိုင်းသည် ကျောက်ဖြူမြို့ကို ဧပြီ ၁၆ ရက် ညနေတွင် လေပြင်းအဆင့်ဖြင့်သာ ဖြတ်သန်းခဲ့ကြောင်း၊ မုန်တိုင်းက ကံ့ကော်တောဘုရားကိုဦးခိုက်ကာသွားခဲ့ကြောင်း ကဗျာဆန်ဆန် ရယ်ရယ်မောမောဖြင့် ပြောပြသည်။

ရခိုင်ဒေသခံများက“မာရသာ”ဆိုင်ကလုန်းမုန်တိုင်းမှာအားပြင်းမည်မဟုတ်ဟုပြောဆိုကြကြောင်း၊ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်သော မုန်တိုင်းများသည် ဒီရေတက်ရက်များတွင်ဖြစ်ပေါ်ပါက အင်အားပြင်းတတ်ကြောင်း၊ ဒီရေကျရက်များတွင်ဖြစ်ပေါ်ပါက အင်အားပျော့တတ်ကြောင်း၊ ယခုမုန်တိုင်းသည် ဒီရေကျရက်များတွင်ဖြစ်ပေါ်လာသဖြင့် အားပျော့ခြင်းဖြစ်ကြောင်း။

မုန်တိုင်းဖြတ်သန်းပြီးနောက်မိုးရွာသွန်းခဲ့ရာ မုန်တိုင်း“မာရသာ”အနေဖြင့် ရခိုင်ပြည်နယ်အတွက် မိုးပုလဲပန်းကြဲဖျန်းကာ နှစ်သစ်ကိုကြိုဆိုနှုတ်ဆက်သကဲ့သို့ဖြစ်သွားကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**နှစ်သစ်ကူးပြောင်းခြင်းသည် လောကီအလုပ်တစ်ခုဖြစ်သော်လည်း သီလဆောက်တည်ခြင်း၊ ကုသိုလ်ပြုခြင်းစသော လောကုတ္တရာဘက်သို့ အသိစိတ်ကိုပြောင်းလဲကျင့်သုံးခြင်းသည် အလွန်မွန်မြတ်ကြောင်း ရခိုင်သမိုင်းသုတေသီများ၏ အမြင်များကိုလည်း သိရ**

## မိုင်းယောင်း၌ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့

မိုင်းယောင်း ဧပြီ ၁၇

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဟောင်ကြန့်အုပ်စု စစ်မှုထမ်းဟောင်းကျေးရွာတွင် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ သက်ကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်က စတင်၍ ကျင်းပခဲ့ကြောင်း၊ ကျေးရွာအတွင်းရှိ လူငယ်များက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် သက်ကြီးအဘိုးအဘွားများအား ဂါရဝတရားထားတတ်ပြီး ယဉ်ကျေးလိမ္မာသော လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ကျေးရွာအတွင်းရှိ အသက် ၆၅ နှစ်အထက်ရှိ အဘိုးအဘွား ၅၀ တက်ရောက် ပူဇော်ကန်တော့ခံခဲ့ကြကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

# ရခိုင်ရိုးရာသင်္ကြန်ပွဲတော် မောင်တောမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**မောင်တော ဧပြီ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်း ၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မောင်တောမြို့နယ် ရခိုင်ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ယိမ်းအဖွဲ့များ၏ ဖျော်ဖြေကပြမှုများနှင့်အတူ ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြို့မိမြို့ဖများက ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် ပျော်ရွှင်စွာ ရေပက်ကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက မဟာသင်္ကြန်ရိုးရာ အကအလှများဖြင့် ဆက်လက်ဖျော်ဖြေကြသည်။

မောင်တောမြို့နယ်အတွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ ရေပက်ခံထွက်သည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိပြီး ရပ်ကွက်/ကျေးရွာလမ်းများအတွင်း မိသားစု မဏ္ဍပ်ငယ်လေးများတွင်လည်း ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက်နေ့) မှ ဧပြီ ၁၉ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ရခိုင်တိုင်းရင်းသားနာမည်ကြီး အဆိုတော်များလည်း လာရောက်ဖျော်ဖြေ ပေးသွားမည်ဖြစ်ကြောင်း သင်္ကြန်ပွဲတော်ကျင်းပရေးဦးစီး ကော်မတီမှသိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး**



# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မယ်စဲ့မြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

**မယ်စဲ့ ဧပြီ ၁၇**

ကောဇာသက္ကရာဇ် ၁၃၇၉ ခု တန်ခူးလပြည့်ကျော် ၆ ရက် ဧပြီ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့ မွန်းတည့် ၁၂နာရီတွင် ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်သော အသက်(၇၀)အထက် အဘိုး အဘွားများအား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကြွရောက်လာသော ဧည့်ပရိသတ်တို့က အဘိုး အဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ရာ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကြွရောက်လာသော အဘိုးအဘွားများကို စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ သက်ကြီးပူဇော်ပွဲကို မယ်စဲ့မြို့ပေါ်နှင့် မြို့နှင့် ထိစပ်သောကျေးရွာများမှ အဘိုး ၃၅ ဦး၊ အဘွား ၃၈ ဦး စုစုပေါင်း ၇၃ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၊ လှူဖွယ်ပစ္စည်းနှင့် ဆေးမျိုးစုံတို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီခွဲတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ မိသားစုများ၊ မြို့မိမြို့ဖများက သံဃာတော်အရှင်သူမြတ်တို့အား ဩကာသကန်တော့ချီးဖြင့် ကန်တော့ကြရာ သံဃာတော်အရှင်သူမြတ်များမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်သရဇ္ဈာယ်တော်မူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့တွင်းအဝိုင်းပတ်ယာဉ်လိုင်းများမှ ယာဉ်ကြီးအချို့ အခမဲ့ယာဉ်စာတန်းချိတ်ပြေးဆွဲ

**ရန်ကုန် ဧပြီ ၁၇**

နှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ဧပြီ ၁၇ ရက်တွင် မြို့တွင်း အဝိုင်းပတ်ယာဉ်များအနက် မဟာဗန္ဓုလလမ်းပေါ်သွားနှင့်ဗိုလ်ချုပ်လမ်းအတိုင်းသွားယာဉ်ကြီးအချို့၏ ယာဉ်ရှေ့ပိုင်းတွင် အခမဲ့ယာဉ်စာတန်းများ ချိတ်ဆွဲထားသည်ကိုသခင်မြပန်း ခြံဂိတ်ရင်းများရှေ့တွင် မြင်တွေ့ရသည်။

အဆိုပါစာတန်းများမှာ ဗီနိုင်းထုတ်ခြင်းမဟုတ်ဘဲ အရေးပေါ် စီစဉ်လုပ်ဆောင်သည့်အသွင်ဆောင်နေသည်။ အနော်ရထာလမ်းမပေါ်တွင်မူ မွန်းလွဲ ၂ နာရီမှ စောင့်ကြည့်ရာ ၁ နာရီဝန်းကျင်ကြာသည်အထိ အခမဲ့စာတန်းချိတ်ပြေးဆွဲသည့်ယာဉ်မမြင်ရသေးကြောင်း အနော်ရထာလမ်း စံပြမှတ်တိုင်အနီး ဈေးသည်တစ်ဦးက ပြောသည်။ မဟာဗန္ဓုလလမ်းပေါ်သွား အဝိုင်းပတ်ယာဉ်ကြီးများ သင်္ကြန်အကြိုနေ့တွင် ကားခ ငွေကျပ် ၁၀၀ ဖြင့် ပြေးဆွဲသော်လည်း အကြတ်နေ့တွင် ငွေကျပ်၂၀၀ ဖြင့် ပြေးဆွဲသည်ကို စီးနင်းခဲ့သော မောင်ကောင်းက ပြောသည်။

ယာဉ်များ ပြန်လည်ပြေးဆွဲသော်လည်း အသွားအလာနည်းသော နှစ်ဆန်း ၁ ရက်နေ့တွင် ယာဉ်အချို့ အခမဲ့ပြေးဆွဲသကဲ့သို့ သွားလာရေးအဆင်မပြေမှုများ၊ ကားပေါ်တက်ကားခငွေကျပ် ၅၀၀၊ သင်္ကြန်အတက်နေ့ ညနေ ၅ နာရီ ဝန်းကျင်မှစ၍ ကားခ ငွေကျပ် ၁၀၀၀ ဖြင့် လိုက်ပါစီးနင်းနေရမှုများမဖြစ်စေရေး အရေးယူဆောင်ရွက်ခြင်းများကို အလေးထားလုပ်ဆောင်ပေးစေလိုပါသည်ဟု ရွှေပြည်သာမှ လိုင်းကားဖြင့်လာသူ ကိုရဲက ပြောဆိုသည်။ **ခင်ဆိုင်**




# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၂၆၃ စီး၊ သွင်းကုန် ၃၉၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိပါသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်

**မြစ်ကြီးနား ဧပြီ ၁၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြုလုပ်သော မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့အိမ်ရာ ဧရာဝတီမြစ်ကမ်းနံဘေး၌ ပြုလုပ်ခဲ့သည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး ဒေါ်ဂျေကော့ဘူ၊ ပြည်နယ် ဝန်ကြီးများနှင့် ဇနီးများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီးနှင့် ငါးတိန်းအကောင်ရေ နှစ်သိန်းတို့ကို ဧရာဝတီမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တာမွေ၌ နှစ်ဦးဒါန ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၇ လမ်း မိသားစုတို့က ယနေ့ မွန်းလွဲ ၂ နာရီတွင် လမ်းရှိ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ညနေ ၄ နာရီတွင် တာမွေမြို့နယ် ဆုထူးပန်စာသင်တိုက်မှ ပဓာနနာယကဆရာတော်ကြီးအပါအဝင် စာချ၊ စာသင်ရဟန်းသာမဏေ အပါး ၂၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ညနေ ၆ နာရီတွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားနာယူခြင်းတို့ကို နှစ်ဦးအလှူဒါနအဖြစ် ကုသိုလ်ကောင်းမှုပြုခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

# ဖပီလုံပါဝုန်းတောရကျောင်း၌ ကုသိုလ်ပြုသူများစည်ကား

**မိုင်းယောင်း ဧပြီ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် နှစ်ဆန်း ၁ ရက်က ဝမ်မန်းအုပ်စု ဝမ်ကော်လုတ်နှင့် ဝိန်းကျိုင်းကျေးရွာအကြားရှိ ဖပီလုံပါဝုန်း(ဈာန်ရကိုရင်ကြီး)တောရကျောင်း၌ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့ရောက်တိုင်း ဈာန်ရကိုရင်ကြီးတောရကျောင်း၌ ကုသိုလ်ပြုသူများ၊ တရားဘာဝနာအားထုတ်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များသည်လည်း မိုင်းယောင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်၊ ရွှေညောင်ပင်အပြင် ဈာန်ရကိုရင်ကြီးတောရကျောင်းကိုလည်း မြို့၏သမိုင်းဝင် အထင်ကရနေရာတစ်ခုအဖြစ် ပွင့်လင်းရာသီတွင် လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပ

**တပ်ကုန်း ဧပြီ ၁၇**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ အသက်(၈၀) နှစ်နှင့် အထက် အဘိုး၊ အဘွား ၇၀ အား သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၈နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မိုယ်းကောင်းကျောင်းတိုက်ဆရာတော်လေးပါး၊ ဘုရားနီကျောင်းတိုက်ဆရာတော် တစ်ပါးတို့ကို ဆွမ်း၊ ဘောဇဉ်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ငါးပါးသီလဆောက်တည်ခဲ့ကြသည်။

**တင်စိုးလွင်**



**ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) နံနက်က စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရားတွင် ဘုရားဖူးသူ၊ သီလယူဥပုသ်ဆောက်တည်သူတို့ဖြင့် စည်ကားများပြားလျက်ရှိပြီး အလှူရှင်များက မုန့်၊ အချိုရည်တို့ဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းကြစဉ်**

ကိုကြီးတင်

# သင်္ကြန်ကာလအတွင်း သင်္ကြန်နှင့်ပတ်သက်၍ ပြစ်မှုပေါင်း ၁၂၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၈၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၇၃ ဦးရှိ

**နေပြည်တော် မေ ၁၇**

သင်္ကြန်ကာလအတွင်း အဘက်ဘက်မှ လုံခြုံရေးများ ဆောင်ရွက်နေသော်လည်း ပြစ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

သင်္ကြန်နောက်ဆုံးနေ့ ဖြစ်သော အတက်နေ့တွင် ပြစ်မှုပေါင်း ၆၀ မှု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားခဲ့သော ပြစ်မှုများမှာ လူသတ်မှုတစ်မှုမှ သေဆုံးသူတစ်ဦး၊ ယာဉ်တိုက်မှုငါးမှုမှ ဒဏ်ရာရရှိသူ ၁၃ ဦး၊ နာကျင်စေမှု ၂၀ မှ ဒဏ်ရာရရှိသူ ၂၉ ဦး၊ အခြားအမှု ခုနစ်မှု၊ လက်နက်မှု နှစ်မှု၊ ယစ်မျိုးဖမ်းဆီးမှု နှစ်မှု၊ ခိုးမှု/ ခါးပိုက်နှိုက်မသက်ာမှု ၂၃ မှု၊ သေမှုသေခင်း တစ်မှုမှ သေဆုံးသူ တစ်ဦးရှိခဲ့ရာ စုစုပေါင်း ၆၀ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရရှိသူ ၄၂ ဦး ရှိခဲ့သည်။

သို့ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း စုစုပေါင်း ပြစ်မှု ၁၂၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၃ ဦး ရှိခဲ့သည်။

ယမန်နှစ် ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလတွင် ပြစ်မှုပေါင်း ၉၆၇ မှု၊ သေဆုံးသူ ၂၇၂ ဦး၊ ဒဏ်ရာရရှိသူ ၁၀၈၆ ဦးရှိခဲ့၍ ယခုနှစ်တွင် ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလထက် အမှုပေါင်း ၂၃၃ မှု ပိုမိုဖြစ်ပွားခဲ့ပြီး ယမန်နှစ်ကထက် သေဆုံးသူ ၁၃ ဦး ပိုများခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဟာသင်္ကြန်နှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သောပြစ်မှုများမှာ နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ ၃၉ မှု၊ သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရရှိသူ ၂၈ ဦး၊ ကချင်ပြည်နယ်၌ ၃၄ မှု၊ သေဆုံးသူ ကိုးဦး၊ ဒဏ်ရာရရှိသူ ၁၅ ဦး၊ ကယားပြည်နယ်၌ ခုနစ်မှု၊ သေဆုံးသူတစ်ဦး၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ ကရင်ပြည်နယ်၌ ၁၅ မှု၊ သေဆုံးသူ ငါးဦး၊ ဒဏ်ရာရရှိသူ ၃၀ ဦး၊ ချင်းပြည်နယ်၌ သုံးမှု၊ သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရရှိသူ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၆၇ မှု၊ သေဆုံးသူ ၂၆ ဦး၊ ဒဏ်ရာရရှိသူ ၁၉၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၄၂ မှု၊ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁၅၄ မှု၊ သေဆုံးသူ ၃၇ ဦး၊ ဒဏ်ရာရရှိသူ ၁၈၃ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၅၆ မှု၊ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၄၅ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ အမှု ၁၆၀၊ သေဆုံးသူ ၃၆ ဦး၊ ဒဏ်ရာရရှိသူ ၁၃၆ ဦး၊ မွန်ပြည်နယ်၌ အမှု ၅၀၊ သေဆုံးသူ ၂၀၊ ဒဏ်ရာရရှိသူ ၆၆ ဦး၊ ရခိုင်ပြည်နယ်၌ ၄၇ မှု၊ သေဆုံးသူ ၁၇ ဦး၊ ဒဏ်ရာရရှိသူ ၆၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၂၃ မှု၊ သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၁၁၁ ဦး၊ ရှမ်းပြည်နယ်၌ ၅၉ မှု၊ သေဆုံးသူ ၂၉ ဦး၊ ဒဏ်ရာရရှိသူ ၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၄၄ မှု၊ သေဆုံးသူ ၂၈ ဦး၊ ဒဏ်ရာရရှိသူ ၁၀၄ ဦး ရှိကြောင်း သိရသည်။

ထို့အတူ မဟာသင်္ကြန်နှင့် မပတ်သက်သော သင်္ကြန်ကာလ လေးရက်အတွင်း ပြစ်မှုပေါင်း ၉၉၂ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၆၉ ဦးနှင့် ဒဏ်ရာရရှိခဲ့သူ ၈၇၉ ဦးရှိကြောင်း သိရသည်။

သို့ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ လေးရက်အတွင်း သင်္ကြန်နှင့်ပတ်သက်၍ ဖြစ်ပွားသော ပြစ်မှု ၁၂၀၀၊ သေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရရှိခဲ့သူ ၁၀၇၃ ဦးရှိခဲ့၍ မဟာသင်္ကြန်ကာလ အတွင်း စုစုပေါင်း ပြစ်မှု ၂၁၉၂ မှု၊ သေဆုံးသူ ၅၅၄ ဦး၊ ဒဏ်ရာရရှိခဲ့သူ ၁၉၅၂ ဦး ရှိခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ဒိုက်ဦးမြို့နယ် ဒရယ်မီးတာဆုံ၌တရားမဝင်ပိတောက်ခွဲသားများသိမ်းဆည်းရမိ



**ဒိုက်ဦး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၈)ရပ်ကွက် ဒရယ်မီးတာဆုံ၌ မေ ၁၆ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က တာဝန်ရှိသူများက သတင်းအရရှာဖွေရာ ယာဉ်မောင်း နေမျိုးဦး(၂၇ နှစ်) မဟာမြိုင်ယာဉ်ဝင်းဟောင်း ပဲခူးမြို့နေသူနှင့် ယာဉ်နောက်လိုက် သန့်ဇင်ဦး(၁၇ နှစ်)ပေါ်တော်မူရပ်ကွက် သထုံမြို့နေသူတို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 6M/---- ကန်ဒါအမျိုးအစား (ခြောက်ဘီး)ယာဉ်ပေါ်တွင် တရားမဝင်ပိတောက်သား (ခွဲသားဆိုက်စုံ) ၂၇ ချောင်း နှစ်တန်ခန့် ခန့်မှန်းတန်ဖိုး ငွေကျပ် ခုနစ်သိန်းခန့်တို့အား ယာဉ်နှင့်အတူ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အပျော်လွန်မှုကြောင့် မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ ဒဏ်ရာရရှိသူ ၈၁၃ ဦးနှင့် သေဆုံးသူ ၁၇ ဦး ရောက်ရှိ

**မန္တလေး မေ ၁၇**

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အပျော်လွန်လည်ပတ်မှုကြောင့် သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ ထိခိုက်ဒဏ်ရာရရှိသူ ၈၁၃ ဦးနှင့် သေဆုံးသူ ၁၇ ဦး ရောက်ရှိလာကြောင်း ၎င်းဆေးရုံကြီး မှတ်တမ်းများအရ သိရသည်။

"အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအနက် ပြင်ပလူနာအဖြစ် ၄၈၃ ဦး လာရောက်ပြသကြပြီး အတွင်းလူနာအဖြစ် တက်ရောက်ကုသသူ ၃၃၀ နှင့် သေဆုံးပြီးနောက် ရောက်ရှိလာသူ ၁၇ ဦးရှိကြောင်း ၎င်းဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်ကပြောသည်။သေဆုံးပြီးရောက်လာတဲ့သူတွေက အမျိုးသား ၁၆ ဦးနဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ဒီနှစ်သင်္ကြန်အတွင်းမှာ ရောက်လာတဲ့လူနာတွေရဲ့မှတ်တမ်းအရ မန္တလေးခရိုင်အတွင်းမှာ ယာဉ်မတော်တဆမှုကြောင့် ရောက်လာသူနည်းပါးသလို အခုရောက်ရှိလာတဲ့ သေဆုံးသူတွေကလည်း မန္တလေးတိုင်းဒေသကြီးရဲ့ အနီးပတ်ဝန်းကျင်မြို့နယ်တွေက ဖြစ်ပွားပြီး ရောက်လာသူတွေဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။ ပြီးခဲ့သည့်၂၀၁၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံသို့ လာရောက်ပြသကြသည့်လူနာပေါင်း ၇၇၇ ဦးရှိပြီး ၎င်းတို့အနက် ပြင်ပလူနာ ၄၈၀ ၊ အတွင်းလူနာ ၂၈၁ ဦး၊ သေဆုံးပြီးမှ ဆေးရုံကြီးသို့ရောက်ရှိလာသူ ၁၆ ဦးနှင့် ဆေးရုံရောက်ရှိပြီးမှ သေဆုံးသူ ၁၄ ဦး ရှိခဲ့ကြောင်း သိရသည်။ **တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပခုက္ကူ၌ လင်ခရူဆာယာဉ်တိုက်မိ၍ လူတစ်ဦးသေဆုံး

**ပခုက္ကူ မေ ၁၇**

ပခုက္ကူမြို့မြို့ရှောင်လမ်းတွင် မေ ၁၆ ရက် ညနေပိုင်းက ဆိုင်ကယ်နှင့် လင်ခရူဆာယာဉ်တို့ တိုက်မိ၍ လူတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး(စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းက သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေဗျိုင်းဖြူစက်သုံးဆီဆိုင်အနီး၌ မြို့ရှောင်လမ်းအတိုင်း ရောဝတီတံတားဘက်မှ စက်မှုဇုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်နံပါတ်မမှတ်မိ (ယာဉ်မောင်းစုံစမ်းဆဲ) လင်ခရူဆာယာဉ်သည် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ၎င်းလမ်းအတိုင်း စက်မှုဇုန်ဘက်မှ ရောဝတီတံတားဘက်သို့ မြင့်ကြည်(၂၆ နှစ်)ညောင်လှကျေးရွာ မန္တလေးတိုင်းဒေသကြီး နေသူမောင်းနှင်ပြီး နောက်တွင်တစ်ရွာတည်းနေ အောင်ကျော်ဇံ (၂၉ နှစ်) လိုက်ပါလာသော ၅၃ယ/---- ဆိုင်ကယ်ကို တိုက်မိသဖြင့် မြင့်ကြည်သည် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အောင်ကျော်ဇံတွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# နေပြည်တော်ရာဇဌာနီ လမ်းမကြီး၌ ယာဉ်တိမ်းမှောက် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီး၌ ယာဉ်တိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားရာ ယာဉ်မောင်းမှာ မီးလောင်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ည ၇ နာရီ ၁၅ မိနစ်က ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးအတိုင်း ပန်းခင်းမီးပွိုင့်ဘက်မှ ကုမုဒြာကြာပန်းအဝိုင်းဘက်သို့ ယာဉ်မောင်း အာကာဌေး (၂၀နှစ်)လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး မောင်းနှင်သော ယာဉ်သည် ဥပ္ပါတသန္တိစေတီတော်အလွန်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာမှ ကားမီးလောင်မှု ဖြစ်ပွားပြီး ယာဉ်မောင်းသူမှာ အခင်းဖြစ်နေရာတွင် မီးလောင်သေဆုံးခဲ့သည်။

အခင်းဖြစ်နေရာသို့ နေပြည်တော်ယာဉ်မှုစစ်ရဲအုပ်အေးဇော်ဝမ်းနှင့် ရဲအုပ်သန်းကျော်ဌေးတို့ ရောက်ရှိခဲ့ပြီး ပျဉ်းမနားမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ပုဗ္ဗသီရိမြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးလှိုင် ဝင်းအောင်၊ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်တို့ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

အခင်းဖြစ်စဉ်တွင် ယာဉ်နှင့်အတူ ယာဉ်မောင်း အာကာဌေးတစ်ဦးသာ ယာဉ်ပေါ်တွင်ပါရှိပြီး ပတ္တာနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ယာဉ်ချိုးကွေ့ရာမှ ရေမြောင်းအတွင်းသို့ကျ ယာဉ်ပေါ်ပါသူတစ်ဦး သေဆုံး

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် ဗန္ဓုလလမ်း၌ မေ ၁၇ ရက် နံနက် ၆ နာရီခန့်တွင် ဗထူးလမ်းမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာသော 6J/ ----Mark II (ယာဉ်မောင်းစိစစ်ဆဲ)ယာဉ်သည် မင်းရဲကျော်စွာလမ်းအရောက် ဘယ်ဘက်သို့ချိုးကွေ့စဉ် လမ်းညာဘက်ဘေး ရေမြောင်းအတွင်းသို့ ကျသွားသဖြင့် ယာဉ်ပျက်စီးသွားပြီး ယာဉ်ပေါ်ပါလာသူ ဦးသန်းထွန်း (၅၃ နှစ်)သည် ဒဏ်ရာများရရှိကာ အခင်းဖြစ်ရာနေရာ၌ သေဆုံးသွားသောကြောင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မဆင်မခြင်မောင်းနှင်မှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရဲစခန်းက ယာဉ်မောင်းအား စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေကစားနေသူများထံမှ ဖုန်းများနှင့် ငွေများထည့်ထားသည့်အိတ်ကို ဓားဖြင့်ဖြတ်၍ ခိုးယူသူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူများ




နှင့်အတူ မေ ၁၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မဟာသင်္ကြန်ကာလ မှုခင်းကျဆင်းရေးလုပ်ငန်းများနှင့် လုံခြုံရေးတာဝန်များဆောင်ရွက်နေစဉ် အောင်မြေသာစံမြို့နယ် ၆၆ လမ်း ၂၅×၂၆ လမ်းကြား MARITIME ရေကစားမဏ္ဍပ်ရှေ့၌ ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူများဖြစ်သည့် အိုးဘိုဘုတာရပ်နေ စန်းထွေးအောင်(၁၉ နှစ်)၊ ပုသိမ်ကြီးမြို့နယ် မန်ကျီးပင်စောက်ကျေးရွာနေ စိန်ကြီး(၁၉ နှစ်)၊ ရေဝန်းကျေးရွာနေ အောင်တင်စိုး(၂၀နှစ်)၊ ကသစ်ကုန်းရပ်နေ ဝင်းကျော်ဦး(၁၈ နှစ်)နှင့် သာစည်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းရန်နိုင်(၂၀ နှစ်)တို့ ငါးဦးအား တွေ့ရှိစစ်ဆေးခဲ့သည်။

၎င်းတို့အားစစ်ဆေးချက်အရ မဏ္ဍပ်ရှေ့၌ လာရောက်ရေကစားနေသူများထံမှ လက်ကိုင်ဖုန်းနှင့် ငွေများထည့်ထားသည့် ရေစိုခံအိတ်များကို ဓားဖြင့် ဖြတ်ယူခိုးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ပင်လည်ဘူးမြို့နယ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းမိ

**ပင်လည်ဘူး မေ ၁၇**

ကသာခရိုင် ပင်လည်ဘူးမြို့နယ် နန်းတပ်ရဲကင်းစခန်းမှူး ရဲအုပ်စိုးခိုင်နှင့်အဖွဲ့သည် မေ ၁၅ ရက် ညနေ ၃ နာရီခန့်က မိချောင်းအင်းကျေးရွာအနီးအရောက် မိချောင်းအင်းကျေးရွာဘက်မှ ပင်လည်ဘူးဘက်သို့ ယာဉ်မောင်း ဝင်းနိုင် မောင်းနှင်လာသည့် ယာဉ်အမှတ်YGN 6G/----ပါဂျဲရိုးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးစဉ် ယာဉ်မောင်း ဝင်းနိုင်မှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် အဆိုပါကားမှာလည်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် လိုင်စင်မဲ့ကားဖြစ်ကြောင်းတွေ့ရှိရသဖြင့် ယာဉ်မောင်း ဝင်းနိုင်(၃၃ နှစ်) နောင်ရင်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူအား ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# နှစ်သစ်ကူးကုသိုလ် လူပေါင်း ၁၀၀၀ စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် မေ ၁၇**
မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကုသိုလ်ထူးအဖြစ် ရွှေတိဂုံစေတီတော်၏ (၂၉) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို စေတီတော်ရင်ပြင်ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

"ဒီကနေ့ကတော့ ရွှေတိဂုံစေတီတော်ရဲ့ ဒါနဥပပါရမီအဖွဲ့ရဲ့ (၂၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲဖြစ်ပါတယ်။ ဒီလို မြန်မာနှစ်ဆန်း ၁ ရက်နေ့မှာ သွေးလှူဒါန်းတာကတော့ ထူးခြားတဲ့ ကုသိုလ်တစ်ခုဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်မှာတစ်နှစ်ကို သုံးကြိမ် စုပေါင်း သွေးလှူဒါန်းပါတယ်။ ဧပြီလထဲမှာကတော့ နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပြီး ဩဂုတ်လမှာတော့ မေတ္တာအခါတော်နေ့မှာဖြစ်ပါတယ်။ ဒီဇင်ဘာလမှာတော့ သွေးလှူရှင်များ ဂုဏ်ပြုပွဲနေ့ဖြစ်ပါတယ်။ အဓိကကတော့ ရွှေတိဂုံစေတီတော်မှာရှိတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ကြိုတင်စာရင်းပေးထားတဲ့ ရဟန်းသံဃာတော်တွေ၊ သီလရှင်ဆရာလေးတွေကလည်း ပါဝင်ပါတယ်။ နံနက်ပိုင်းမှာတော့ မှတ်ပုံတင်စာရင်းသွင်းပေးထားတဲ့သူပေါင်း ၄၀၀ ကျော်ရှိပါတယ်။ ဒီနေ့တစ်နေ့လုံးဆိုရင် လူပေါင်း ၁၀၀၀ ခန့်ရှိမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်သီတာအောင်က ပြောသည်။

ရွှေတိဂုံစေတီတော် ဒါနဥပပါရမီသွေးလှူဒါန်းခြင်းကို ၂၀၀၇ ခုနှစ် ဩဂုတ်လမှစတင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ၁၀ နှစ်ပြည့်မြောက် တော့မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် သုံးကြိမ်လှူဒါန်းကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-ထွန်းအောင်ရှိန်**
**(မြန်မာ့အလင်း)**

# မန္တလေးတွင် ကုသိုလ်ပြု ငါးလွှတ်လိုသူများအတွက် ငါးသားပေါက်ရောင်းချ

**မန္တလေး မေ ၁၇**
မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့ကျုံးတောင်ဘက်တစ်လျှောက်၌ ဇီဝိတဒါနကုသိုလ်ပြု ငါးလွှတ်လိုသူများအတွက် သားပေါက်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။



ယခင်နှစ်များကကျုံးအတွင်းလာရောက်၍ငါးလွှတ်သူများအနေဖြင့်ကိုယ်တိုင်ဝယ်ယူလာပြီးမှ လွှတ်နိုင်သော်လည်း ယခုနှစ်တွင်ကျုံးတစ်လျှောက်ငါးသားပေါက်အမျိုးမျိုးအား ပလတ်စတစ်အိတ်အတွင်း အဆင်သင့် ထည့်သွင်းရောင်းချပေးနေသည့် ဆိုင်များကြောင့် အလွယ်တကူဝယ်ယူလှူဒါန်းနိုင်သဖြင့် ကုသိုလ်ပြုသူ ပိုမိုများပြားလျက်ရှိသည်။

"ရုံးကိုအန္တရာယ်ကင်းပရိတ်တရားနာရှိလို့သွားရင်း ဒီကျုံးတစ်လျှောက်မှာ ငါးအရှင်လေးတွေရောင်းနေတာတွေ့လို့ဝယ်ပြီး ဇီဝိတဒါနကုသိုလ်ပြုလွှတ်ပေးနေတာပါ၊ ဒီလိုအလွယ်တကူရောင်းချပေးနေလို့လည်း လှူဒါန်းလိုသူတွေ အဆင်ပြေပြေနဲ့ လှူနိုင်တာပါ" ဟု ငါးလွှတ်ကုသိုလ်ပြုနေသူ မမီမီမေသွင်ကပြောသည်။

အဆိုပါငါးများကို မန္တလေးမြို့အနီးရှိငါးကန်များမှသွားရောက်ဝယ်ယူပြီးငါးအရွယ်အစားနှင့်အကောင်ရေအလိုက် ငွေကျပ် ၁၅၀၀ မှ ၅၀၀၀ အထိ ဈေးနှုန်းများ သတ်မှတ်ရောင်းချပေးလျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ်မှငါးသားပေါက်များ လာရောက်ရောင်းချသူကိုတင်ဦးက ပြောသည်။

"အရင်နှစ်တွေကတော့ ဒီလောက်ဆိုင်တွေ မများဘူး။ ဒီနှစ်မှဆိုင်တွေကများလာတယ်။ ဒါပေမဲ့အလွယ်တကူမြင်တွေ့နေလို့လားမသိဘူး။ လာပြီးကုသိုလ်ပြုသူတွေများလို့ ဆိုင်အားလုံးရောင်းကောင်းကြပါတယ်" ဟု ၎င်းကပြောသည်။

ယနေ့သည် မြန်မာတို့၏နေ့ထူးနေ့မြတ်ဖြစ်သော နှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်နှင့်အညီ မန္တလေးတစ်မြို့လုံး၌ ကောင်းမှုကုသိုလ်ပြုသူများနှင့် စည်ကားလျက်ရှိပြီး ယခုကျုံးတောင်ဘက်ခြမ်းတစ်လျှောက်တွင်လည်း နံနက်ပိုင်းတွင် စတုဒိသာကျွေးမွေးလှူဒါန်းသူများနှင့် ညနေပိုင်းတွင် ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုသူများ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပုံနှိပ်စက်ရောင်းချသူများအားဖိတ်ကြားခြင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် စွမ်းဆောင်ရည်မြင့်မားပြီး နှစ်တာရှည်အသုံးခံနိုင်သည့် 4 Hi Tower 4 Unit ရောင်စုံပတ်လည်ပုံနှိပ်စက်ဝယ်ယူရန်ရှိပါသည်။ သို့ဖြစ်ပါ၍ ပုံနှိပ်စက်ရောင်းချလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် မိမိတို့ရောင်းချလိုသည့် စက်အရည်အသွေးများကို လာရောက်မိတ်ဆက် ရှင်းလင်းပြသနိုင်ရေးအတွက် (၁၈-၄-၂၀၁၇) ရက်နေ့မှ (၂၄-၄-၂၀၁၇)ရက်နေ့အတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈**

# မုံရွာမြို့၌ မဟာသင်္ကြန်ဆွမ်းလောင်းပွဲတော်နှင့် ရေသပ္ပာယ်ပွဲတော် စည်ကားစွာကျင်းပ

**မုံရွာ မေ ၁၇**
ဇီဝိတဒါနပွဲတော်များကို မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အခြားကုသိုလ်ပြုပွဲတော်များနှင့်အတူ အနယ်နယ်အရပ်ရပ်တွင် ကျင်းပလျက်ရှိရာ မုံရွာမြို့ အောင်ဇေယျံရပ်ကွက် မဟာသင်္ကြန် ဆွမ်းလောင်းပွဲတော်နှင့် ဘုရားသုံးဆူ ရေသပ္ပာယ်ပွဲတော်ကို ၁၂၉ကြိမ်မြောက်အဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မြန်မာနှစ်ဆန်း ၁ ရက်(မေ ၁၇)ရက်က စည်ကားစွာကျင်းပသည်ကိုတွေ့ရသည်။

"မုံရွာမြို့အောင်ဇေယျံရပ်ကွက်မှာ နှစ်ဆန်း ၁ ရက် နှစ်ဦးဆွမ်းလောင်းပွဲတော်နဲ့ရေသပ္ပာယ်ပွဲတော် ကျင်းပလာတာ ဘိုးဘွားအဆက်ဆက်ထိန်းသိမ်းကျင်းပလာတာ ၁၂၉ ကြိမ်ရှိပြီဖြစ်ပါတယ်။ နှစ်ဆန်း ၁ ရက်နေ့ မနက်ပိုင်းမှာ အောင်ဇေယျံရပ်ကွက် ဓမ္မာရုံရှေ့မှာ ဆွမ်းသပိတ်နဲ့အတူ လှူဖွယ်ဝတ္ထုပစ္စည်းတွေကိုမဲနှိုက်ပြီး ကျရာကျောင်းကသံဃာတော်ကိုလှူဒါန်းကြတာပါ။ ရပ်ကွက်ထဲမှာ သပိတ်ယူမယ့်စာရင်း ကောက်ယူတာ ၁၀၃ လုံး ရတဲ့အတွက် သံဃာ ၁၀၃ ပါးပင့်ပြီး တစ်ပါးကို ဆွမ်း၊ ဆွမ်းဟင်းနဲ့ လှူဖွယ်ပစ္စည်းတွေနဲ့အတူ တစ်ပါးကို အလှူငွေ ကျပ် တစ်သောင်းအနည်းဆုံး လှူဒါန်းနိုင်ခဲ့ကြပါတယ်" ဟု အောင်ဇေယျံရပ်ကွက်နေ ဦးသောင်းငွေက ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နှစ်ဆန်း ၁ ရက်နေ့၌ အင်္ဂပူမြို့တွင် သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲကျင်းပ

**အင်္ဂပူ မေ ၁၇**
ဟင်္သာတခရိုင် အင်္ဂပူမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ၁၃၇၉-ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက အဘိုးအဘွားများကို ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။ ယင်းနောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဘိုးဘွားများအတွက် လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက ဘိုးဘွားများကို ကန်တော့ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်ဝေဦးနှင့်အဖွဲ့ဝင်များမှ ဘိုးဘွားများအား ဝတ္ထုငွေနှင့်ပစ္စည်းများ ပေးအပ်ကန်တော့ခဲ့သည်။ အင်္ဂပူမြို့အမှတ် ၁၊ ၂၊ ၃ ရပ်ကွက်များမှ အသက် (၈၅)နှစ်အထက်သက်ကြီး ဘိုးဘွား ၆၀ တို့ကို တစ်ဦးလျှင် အလှူငွေကျပ်(တစ်သောင်း) နှင့် ကန်တော့ပစ္စည်း(၆)မျိုးအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
| --- | --- | --- |
| ၁ | ၀၅/မမ/CTM (17-18) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊မော်လမြိုင် နှင့် ပုဂံ ဘူတာကြီးများတွင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် ၁၈.၅.၂၀၁၇ (ကြာသပတေးနေ့ ) (၁၄ : ၃၀)နာရီ
၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၈.၄.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

**သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဟုမ်းယူနိုက်တက်နှင့်ရတနာပုံအသင်း ယနေ့ကစားမည်

**နေပြည်တော် မေ ၁၇**
၂၀၁၇ ရာသီ AFC CUP ပြိုင်ပွဲ အုပ်စု (H) ပွဲစဉ် (၅) အဖြစ် စင်ကာပူကလပ် ဟုမ်းယူနိုက်တက် အသင်းနှင့် မြန်မာကလပ် ရတနာပုံအသင်းသည် မေ ၁၈ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပွဲမှာ ရတနာပုံနှင့် ဟုမ်းယူနိုက်တက်အတွက် နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ အုပ်စုပွဲစဉ်အားလုံး မပြီးဆုံးမီ အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ယင်းအုပ်စုမှာ သုံးသင်းသာ ပါဝင်သောကြောင့် တစ်သင်းလျှင် လေးပွဲစီသာ ကစားရမည်ဖြစ်ပြီး ပွဲစဉ် (၄) အပြီးတွင် ဟုမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ ရတနာပုံအသင်းက နှစ်ပွဲကစား လေးမှတ်၊ ထန်ကွမ်နင်အသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားသည်။ လက်ရှိအနေအထားအရ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် ဟုမ်းယူနိုက်တက်နှင့် ရတနာပုံတို့သာ မျှော်လင့်ချက်ရှိတော့ပြီး ထန်ကွမ်နင်အသင်းမှာ အတောင့်ဆုံးအုပ်စု ဒုတိယနေရာအတွက်ပင် မျှော်လင့်ချက် အနည်းငယ်သာရှိတော့သည်။

ရတနာပုံအသင်းသည် အုပ်စုပထမနေရာအတွက် စင်ကာပူမြေတွင် အနိမ့်ဆုံးသရေကစားရန် လိုအပ်နေပြီး အနိုင်ရခဲ့ပါက ထန်ကွမ်နင်၊ ဗီယက်နမ်နှင့်ပွဲမတိုင်မီ ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်သည်။ သရေကျခဲ့ပါက နှစ်သင်းစလုံး ဆီမီးဖိုင်နယ်တက်ရောက်ရန် ရတနာပုံ-ထန်ကွမ်နင်ပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲတွင် ဟုမ်းယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ရတနာပုံအသင်းသည် ဟုမ်းယူနိုက်တက်နှင့်အိမ်ကွင်းပွဲ၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ထန်ကွမ်နင်အသင်းနှင့်အဝေးကွင်းပွဲ၌ တစ်ဂိုးစီ သရေကျထားသည်။ ဟုမ်းယူနိုက်တက်အသင်းသည် အုပ်စုပထမပွဲတွင် ရတနာပုံကို ရှုံးနိမ့်ခဲ့သော်လည်း ထန်ကွမ်နင်အသင်းကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရခဲ့သောကြောင့် အုပ်စု ဦးဆောင်ခွင့်ရထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာနှစ်သစ်တွင် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**ဦးတန်ခူးလပြည့်ကျော် ၆ ရက်နေ့သည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၇၉ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသွားပြီဖြစ်သည်။ ထိုကူးပြောင်းမှုနှင့်အတူ ကျွန်ုပ်တို့အားလုံး လက်ခံလိုက်ရသောအချက်သည် အသက်တစ်နှစ်စီကြီးသွားခြင်းပင်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများ ရှိသလို ကျရှုံးမှုများကို ကြုံခဲ့ရသူများလည်း ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အဆွေစာရှုသူသည် အောင်မြင်သူလား၊ ကျရှုံးသူလား။ ဤနေရာတွင် အောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာ၍မရနိုင်ချေ။ ကျန်းမာရေးဒေါင်ဒေါင်မြည်အောင် ကောင်းမွန်နေမှသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုရမည်ဖြစ်သည်။**

ငွေကြေးနှင့် ရာထူးများမည်မျှပင်တိုးတက်ပိုင်ဆိုင်အောင်မြင်နေစေကာမူ ဆေးရုံနှင့် ဆေးခန်းကို အကြိမ်ကြိမ်သွားနေရသူတစ်ဦးသည်အောင်မြင်မှုရရှိသည်ဟု မဆိုနိုင်ချေ။ ထို့အပြင် ဘာသာရေး၊ လူမှုရေးနှင့် ပရဟိတလုပ်ငန်းများတွင် အနည်းငယ်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသူသည်လည်း နှစ်ဟောင်းတွင် အောင်မြင်မှုရရှိသူမဟုတ်ချေ။ မိမိအကျိုးအပြင် အများအကျိုးကိုပါ တတ်စွမ်းသရွေ့ ဆောင်ရွက်နိုင်ခဲ့သူများသာလျှင် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

တချို့သောသူများသည် ရာထူးနှင့်ငွေကြေးပစ္စည်းဥစ္စာများ မြောက်မြားစွာ ရရှိပိုင်ဆိုင်ထားကြသော်လည်း ထိုရာထူး၊ ငွေကြေးနှင့် ပိုင်ဆိုင်မှုပစ္စည်းများအပေါ် လောဘတက်ပြီး သာယာမိန်းမောနေသဖြင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ရန် သတိမေ့လျော့နေတတ်ကြသည်။ ထိုသူများသည် လူ့အသိုက်အဝန်းနှင့် အဆက်ပြတ်နေသဖြင့် ကျရှုံးမှုနှင့်ရင်ဆိုင်နေရချိန်တွင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်ကြသည်။ ကျရှုံးမှုဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်းမရှိကြချေ။

ကျွန်ုပ်တို့သည် ၁၃၇၈ ခုနှစ်တွင် လုပ်ဆောင်ခဲ့သည့် အောင်မြင်မှုနှင့် ကျရှုံးမှုများ၊ အမှန်နှင့်အမှားတို့ကို ဆင်ခြင်သုံးသပ်ပြီးနောက် ၁၃၇၉ ခုနှစ်အတွက် သင်ခန်းစာဖော်ထုတ်သွားရန် လိုအပ်ပါသည်။ ထို့အပြင် လိုအပ်ချက်မှန်သမျှကို ကြိုတင်ပြင်ဆင်သွားရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာနှစ်သစ်တွင် စိတ်သစ်ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားသင့်ပါသည်။ သို့မှသာလျှင် မြန်မာနှစ်သစ်တွင် တိုးတက်အောင်မြင်မှုများ ရရှိပြီးနောက် မင်္ဂလာရှိသော အရာများကို လက်ဝယ်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

မြန်မာနှစ်သစ်တွင် ဆောင်ရွက်သင့်သည့်အချက်များကို ဖြစ်နိုင်ပါက မှတ်စုစာအုပ်တွင် ချရေးထားသင့်ပေသည်။ ထိုသို့ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန် (New Year Resolution) ဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံကြီးသားများသည် နှစ်စဉ် တစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန်(New Year Resolution)ချမှတ်လေ့ရှိသည်။ ထိုနည်း တူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများသည်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် နယ်ပယ်များတွင် အောင်မြင်စွာကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့်ရည်မှန်းချက်များ ချမှတ်ထားပြီး ဆောင်ရွက်သွားသင့်ပါသည်။

နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအား တစ်နှစ်တာကာလအတွင်း များပြားလှသော တာဝန်များ ထမ်းဆောင်ခဲ့ရမှုကြောင့် ကုန်ခန်းသွားသော အင်အားများ ပြန်လည်ဖြည့်ဆည်းနိုင်ရန်၊ သင်္ကြန်ကာလအတွင်း မြန်မာ့အစဉ်အလာနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားနိုင်စေရန်နှင့် ကောင်းမှုကုသိုလ်များပြုလုပ်နိုင်ရန်အတွက် ရက်ရှည်ရုံးပိတ်ရက်များ ပေးထားပါသည်။ ထိုရုံးပိတ်ရက်ကာလကို အကျိုးရှိစွာ အသုံးချသူများရှိသလို အကျိုးမဲ့စွာ ဖြုန်းတီးကြသူများလည်း ရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ အကျိုးရှိသည့် အလုပ်နှင့် အကျိုးမဲ့သည့်အလုပ်တို့ကို လုပ်ဆောင်ခြင်းသည် ကိုယ်စီရွေးချယ်မှုအပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ဝန်ထမ်းအားလုံးကို ရုံးပိတ်ရက် သာတူညီမျှ ပေးထားသော်လည်း အကျိုးကျေးဇူးရရှိမှုပိုင်းတွင်မူ ကွာခြားမှုများ ရှိနေမည်ဖြစ်သည်။

ရုံးပိတ်ရက်အားလုံးကို အပျော်အပါးနှင့် အချိန်ဖြုန်းခဲ့သူများသည် ငွေကုန်လူပန်းသာဖြစ်နေကြမည်။ ရုံးစတက်သည့်တစ်နေ့လုံး မည်သည့်အလုပ်ကိုမျှ မည်မည်ရရ မလုပ်နိုင်ဘဲ အချိန်ဖြုန်းပြီး အချိန်တန်ရုံးဆင်းသွားကြသည်။ ထိုသူများသည် လူ့အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက်သော်လည်းကောင်း ကောင်းကျိုးပေးလေ့မရှိသည့် ဆန်ကုန်မြေလေးဝန်ထမ်းများသာ ဖြစ်ကြသည်။ ထိုဝန်ထမ်းများဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေမည်ဆိုလျှင် ထင်သလောက် ခရီးပေါက်မည်မဟုတ်ချေ။ တာဝန်ရှိသူအဆင့်ဆင့်ကလည်း ထိုသူများကို ထိန်းကျောင်းကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်သည်။

သို့သော် သင်္ကြန်ရုံးပိတ်ရက်အတွင်း ဒါန၊ သီလ၊ ဘာဝနာစသည့် မင်္ဂလာရှိသော ကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာ ဖြတ်သန်းခဲ့သူများသည် မျက်နှာများ ကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ပြည့်နှက်လျက်ရှိကြသည်။ ထိုသူများသည် ရုံးဌာနများသို့ ပြည့်ဝနေသော စိတ်ဓာတ်ခွန်အားတို့ဖြင့် ချီတက်လာလေ့ရှိကြသည်။ ရုံးသို့ရောက်ချိန်တွင်လည်း သင်္ကြန်ကာလအတွင်းက ရရှိခဲ့သောကောင်းမှုကုသိုလ်များကို အချင်းချင်းမျှဝေပြီး သာဓုအကြိမ်ကြိမ်ခေါ်ကြရသဖြင့် ပီတိကုသိုလ်များ ထပ်မံရရှိကြပြန်သည်။

ထို့နောက် ရုံးခန်းအတွင်း၌ ပိတ်ထားသည့်ကာလအတွင်း တင်နေသော ဖုန်များ၊ အမှိုက်များကို သန့်ရှင်းရေးလုပ် ဆောင်ရွက်ရန် စောင့်ဆိုင်းနေသော လုပ်ငန်းတာဝန်များကို ဦးစားပေးအဆင့်လိုက်ခွဲခြားပြီး ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို နေ့ချင်းပြီးရန်အတွက် စိတ်ရောကိုယ်ပါ အားတက်သရော တက်ညီလက်ညီ စတင်လုပ်ကိုင်ကြသဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးလေ့ရှိကြသည်။ ထိုသူများသည် တိုင်းပြည်နှင့် လူမျိုးအကျိုးကို အစဉ်သယ်ပိုးနေသော ဝန်ထမ်းကောင်းများ ဖြစ်ကြသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအပေါ်တွင် များစွာမှီတည်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသော စာရေးသူအပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် တိုင်းပြည်နှင့် လူမျိုးအပေါ်တာဝန်ကျေပွန်ရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအား အနားယူ၍ ခွန်အားဖြည့်ဆည်းနိုင်ရန်အတွက် နှစ်စဉ် သင်္ကြန်ကာလတွင် ရုံးပိတ်ရက်များ ပေးထားသကဲ့သို့ ဝန်ထမ်းများအပိုင်းကလည်း ရုံးပြန်ဖွင့်ချိန်တွင် လုပ်ငန်းတာဝန်များကို စိတ်ရောကိုယ်ပါ အားတက်သရော အင်တိုက်အားတိုက် ဆောင်ရွက်သွားသင့်ပါသည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို အပြန်အလှန် အကျိုးပြုသင့်ပါသည်။

လူတစ်ဦးသည် စား၊ ဝတ်၊ နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိနေပါသည်။ ထိုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများအပေါ်တွင်သာ မူတည်နေပါသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိသားစုနှင့်လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို အနည်းအကျဉ်းမျှ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်သည်။ အဆွေစာရှုသူသည် နှစ်ဟောင်းကာလတွင် မိသားစုနှင့်လူ့အသိုက်အဝန်းအတွက် တစ်ခုခုဆောင်ရွက်ပေးနိုင်ခဲ့မည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူ့လောကတွင် လူပိုတစ်ဦးဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များ ချမှတ်ထားသင့်ပါသည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန် လိုအပ်ပါသည်။

၁၃၇၈ ခုနှစ်သည် မြန်မာနိုင်ငံအတွက်အရေးပါသော နှစ်တစ်နှစ်ပင်ဖြစ်သည်။ နိုင်ငံတကာမျက်နှာစာတွင် ကောင်းမွန်သောသတင်းများ ထွက်ပေါ်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများ၏ ပွင့်လင်းသောရင်ဖွင့်သံများကို နားထောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကိုသာ အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် နှစ်ပေါင်း ၇၀ နီးပါးဖြစ်ပွားနေသော ပြည်တွင်းစစ်မီးများ ချုပ်ငြိမ်းသွားမည် ဖြစ်သည်။

ထိုသို့ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိလာချိန်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာ အဓိကထား၍ တစိုက်မတ်မတ်လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးကိုလိုလားသော မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ထာဝရငြိမ်းချမ်းရေးစာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဟု ခိုင်မာစွာယုံကြည်မျှော်လင့်ထားပါသည်။ ထို့နောက် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ပြီး တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့တန်ဖိုးထားမှုများကို ဆွေးနွေးတင်ပြတောင်းဆိုနိုင်မည် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီ စိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစုနှင့်တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက်ခိုင်မာသော သန္နိဋ္ဌာန်များချမှတ်ဆောင်ရွက်လျက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားပါရစေ။

**မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက်ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီ စိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။**



## ကျောင်းကုန်းမြို့နယ်၌ ရေတွင်းဟောင်းများအား ပြန်လည်တူးဖော်ပေး

**ကျောင်းကုန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ညောင်ဝိုင်းကျေးရွာ၌ အိမ်ခြေ ၈၀ ကျော် လူဦးရေ ၃၀၀ ခန့် အသုံးပြုနေသော ရေတွင်းဟောင်း နှစ်ဆယ်ကို ဧပြီလဒုတိယပတ်က ပြန်လည်တူးဖော်ပေးခဲ့ကြကြောင်း သိရသည်။

ညောင်ဝိုင်းကျေးရွာ လူငယ်များစုပေါင်း၍ သင်္ကြန်တွင်းကာလ ကုသိုလ်ယူသည့်အနေဖြင့် အသုံးမပြုတော့သည့် ရေတွင်းများကို ပြန်လည်တူးဖော်ပေးခြင်းဖြစ်ပြီး အခက်အခဲများရှိကြောင်း၊ တချို့ နက်သည့်ရေတွင်းများဆို အောက်ဆီဂျင်မရသဖြင့် အသက်ရှူရန်ခက်ခဲကြောင်း ကျေးရွာနေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးဆိုသည့် စိတ်ဆန္ဒတစ်ခုတည်းကြောင့် ဝါသနာတူ လူငယ်များစုပေါင်း၍ ကုသိုလ်ယူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။


**ဝင်းကြိုင်(ပြန်/ဆက်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

# အပူရှပ်လေဖြတ်ခြင်း (Heat Stroke) မဖြစ်စေဖို့

ကြည်လွင်မြင့်(မုံရွာ)




အပူရှပ်ခြင်းဆိုသည်မှာ ပြင်းထန်သောအပူဒဏ် (နေပူဒဏ်) နှင့် ထိတွေ့ပြီး အရေပြားမှ တစ်ဆင့် ခန္ဓာကိုယ်သွေးကြောများ အတွင်းသို့ အပူဓာတ် လွန်ကဲစွာရောက်သွားပြီး ဖျားလာခြင်း၊ ထို့နောက်ဦးနှောက်သွေးကြောပေါက်ကာ သတိလစ်ခြင်း၊ ဦးနှောက်အတွင်း သွေးယိုစိမ့်မှုကြောင့် လေဖြတ်ပြီး ခန္ဓာကိုယ် တစ်ခြမ်း (သို့မဟုတ်) တစ်စိတ် တစ်ဒေသ မလှုပ်ရှားနိုင်တော့ခြင်း၊ စကားပီသအောင် မပြောနိုင်ခြင်း (သို့မဟုတ်) လုံးဝ စကားမပြောနိုင်တော့ခြင်း ဖြစ်ရပ်များ ဆက်တိုက်ဆိုသလို ဖြစ်ပွားခြင်းကို ခေါ်သည်။

အပူရှပ်၍ လေဖြတ်ခြင်းသည် အောက်ပါအတိုင်း နှစ်မျိုးရှိနိုင်ပါသည်။

(က) နေပူထဲမှပြန်လာပြီး အအေးထဲသို့ ဝင်ရောက်ခြင်း၊ ရေအေးသောက်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်မိခြင်း။

(ခ) အအေးခန်းအတွင်း နေထိုင်ရာမှ ရုတ်တရက် ပူပြင်းသော နေရောင်အောက်သို့ ထွက်ခြင်း။ (ဥပမာ- အဲကွန်းကားစီးပြီး ဆင်းလိုက်သောအခါ ပူပြင်းသောနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း။)

အပူအအေး ဝိရောဓိဖြစ်ခြင်းဟုခေါ်သော ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း သွေးစီးကြောင်းများတွင် သွေးကြောများ ရုတ်ခြည်းပြောင်းလဲမှုဒဏ်ကို မခံနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲခြင်း၊ သွေးကြောငယ်လေးများ ပြတ်ထွက်ခြင်းများ ဖြစ်နိုင်ပေသည်။ အသက်ကြီးသော သူများတွင် ပို၍ဖြစ်ရခြင်းမှာ သူတို့၏ သွေးကြောများမှာ ဟောင်းနွမ်းပြီးမာဆတ်မှုကြောင့် ပူ၍ကျယ်ခြင်း၊ အေး၍ ကျုံ့ခြင်းဒဏ်ကို မခံနိုင်ခြင်းဖြစ်သည်။ ပလတ်စတစ်ပိုက်များ ဟောင်းနွမ်းသောအခါ မာကျွတ်ဆတ်ပြီး ကွဲလွယ်ပေါက်လွယ်သည့် သဘောပင်ဖြစ်သည်။

လူကြီးများတွင်သာမက လူငယ်နှင့်လူလတ်ပိုင်းများတွင်လည်း Heat Stroke ကြောင့် သတိ လစ်ခြင်း၊ အဖျားကြီး၍တက်ခြင်း၊ ဖျားပြီး ဦးနှောက်အမြှေးရောင်ခြင်း၊ အဖျားကြီးလွန်း၍ အတွင်းသွေးကြောများပေါက်ခြင်း၊ ဦးနှောက်သွေးကြောငယ်များပေါက်ခြင်းတို့ ဖြစ်နိုင်ပေသည်။

လွန်ခဲ့သော ရက်ပိုင်းအတွင်းကပင် အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးမှာ နေပူပြင်းချိန် အပြင်မှပြန်လာပြီး အိမ်ရောက်သောအခါ ရေသန့်ဘူးကို ရေခဲသေတ္တာအတွင်းမှ ယူသောက်ပြီး ခဏအကြာတွင် နှုတ်ခမ်းများ ပြာနှမ်းလာပြီး စကားမေးမရဖြစ်ကာ ဆေးရုံပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်းနှင့် မိသားစုမှ "သူသောက်ခဲ့တဲ့ ရေခဲရေကို စစ်ဆေးကြည့်တော့ ရိုးရိုးသောက်ရေဘူးပါ။ အလောင်းကို ဆေးရုံသို့ပို့ပြီး ရင်ခွဲစစ်ဆေးချက်အရ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးတာလို့ ဆရာဝန်က အတည်ပြုပါတယ်" ဟု ဆိုသည်။ ထို့ကြောင့် အသက်ကြီးသူများသာမက လူငယ်များပါ သတိမထားလျှင် Heat Stroke ကြောင့် ရုတ်တရက်အသက်ဆုံးရှုံးနိုင်သည်ကို သတိပြုရန်လိုသည်။

အပူရှပ်၍ လေဖြတ်ခြင်း Heat Stroke မဖြစ်စေရန် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်။ မလွဲမရှောင်သာ၍ ထွက်ရလျှင် လုံခြုံသောအဆောင်း၊ အကာ၊ ထီး၊ ဦးထုပ် ပါရန်လိုသည်။

(ခ) စောင့်ဆိုင်းရသောအလုပ်ဖြစ်လျှင် သစ်ပင်အရိပ်၊ အဆောက်အအုံအရိပ်၊ အမိုးအကာအောက်မှ စောင့်ပါ။

(ဂ) ရေငတ်လျှင် ရိုးရိုးရေသောက်ပါ။ ရေခဲရေမသောက်ပါနှင့်။

(ဃ) အဲကွန်းကား စီးသွားပြီး လိုရာရောက်၍ နေပူရှိန်ပြင်းသောနေရာတွင် ဆင်းရမည်ဆိုလျှင် မဆင်းမီက ကြိုတင်၍ ရေသောက်ထားပါ။ အစာအိမ်အတွင်း ရေရှိလျှင် သွေးကြောများက ရေကို စုပ်ယူထားသဖြင့် တော်ရုံအပူဒဏ်ကို ခံနိုင်သည်။

(င) နေပူထဲမှပြန်လာပြီး ရေခဲရေ (လုံးဝ) မသောက်ပါနှင့်၊ ရေမချိုးပါနှင့်၊ မျက်နှာမသစ်ပါနှင့်၊ ခြေထောက်မဆေးပါနှင့်။

(စ) ရေနွေးကြမ်းတွင် ဆားလျှော်အနည်းငယ်ခပ်သောက်ခြင်းသည် ရှေးလူကြီးများ၏ အပူဒဏ်ကာကွယ်နည်းဖြစ်ပါသည်။

ရှေးလူကြီးများသည် နွေရာသီရောက်လာသောအခါ ကျောက်၊ ဝက်သက်စသော အပူကန်၊ အပူငုပ်ရောဂါများ ကာကွယ်နိုင်ရန် အသားမရင့်သေးသော အုန်းစိမ်းရည်ကို တိုက်လေ့ရှိသည်။ အသားတည်ခါစ ဇွန်းခြစ်ဟု ခေါ်ဆိုသော အုန်းစိမ်းရည်သည် အုန်းခြောက်ရည်နှင့်မတူ။ ဆန့်ကျင်ဘက်ဖြစ်သည်။ အကျိုးသွားမှာလည်းမတူ။ အုန်းခြောက်ရည် သောက်လျှင် အပူကန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ယားနာများ ထခြင်းစသော ဆိုးကျိုးများ ခံစားရလေ့ရှိသည်။ အုန်းစိမ်းရည်နှင့် အုန်းခြောက်ရည် မတူညီသော ခြားနားချက်မှာ အုန်းရည်ပေါ်တွင် အဆီများဝေ့နေလျှင် အုန်းခြောက်ရည်ဖြစ်နိုင်သည်။ အရသာမှာ အချိုနှင့်အငန်ရောစပ်နေသည်။ လေသလပ်ထားလျှင် ခဏအတွင်း အချဉ်ဓာတ်ပေါက်သွားလေ့ရှိသည်။ ထို့ကြောင့် ရှေးကဆေးဆရာကြီးများက ကျောက်၊ ဝက်သက် ရောဂါများ ကုသရာတွင် အုန်းစိမ်းရည် ချက်ချင်းမရနိုင်ပါက နတ်အုန်းသီးကဲ့သို့ အုန်းခြောက်ရည်ကို ယူပြီး မီးဖြင့် ဆူပွက်အောင်ကျိုကာ ဆေးနှင့်ရောတိုက်လေ့ရှိသည်။ စာရေးသူသည် အလွန် ပူပြင်းသော နွေရာသီတစ်ခုတွင် ရန်ကုန်မြို့မှ မြစ်တစ်ဖက်ကမ်းသို့ကူးပြီး သန်လျင်မြို့ရှိ ရေလယ်ကျောက်တန်းဘုရားသို့ သွားခဲ့ဖူးသည်။ ရေလယ်ကျောက်တန်းဘုရား၏ တစ်ဖက်ကမ်းတွင် ခိုလှုံစရာအရိပ်မရှိ။ နေကလည်း ပူပြင်းနေချိန်တွင် အရိပ်မိုးပေးထားသော အုန်းစိမ်းအခိုင်လိုက်ကို ချက်ချင်းဖောက်ပြီးသောက်ရန် ရောင်းချသောဆိုင်လေးများကို တွေ့ရသည်။ ဆိုင်ရှင်အမျိုးသမီးက "နေပူထဲကလာရင် ရေခဲရေ မသောက်နဲ့၊ အပူငုပ်ပြီး လည်ချောင်းနာလိမ့်မယ်။ အုန်းစိမ်းရည်သောက်၊ အပူငြိမ်းတယ်" ဟု ပြောသဖြင့် အုန်းစိမ်းရည်တစ်လုံးကို ပိုက်တပ်ပြီး စုပ်သောက်လိုက်သောအခါ ရင်တွင်းမှ အေးသွားပြီး အားရှိသွားသကဲ့သို့ ခံစားရပါသည်။

ဂျပန်ခေတ် ဆေးဝါးရှားပါးသောကာလက အားပြတ်သော လူနာများ၊ ဝမ်းလျှော၊ ဝမ်းပျက်သော လူနာများကို ဂလူးကို့စ် အချိုရည်မရှိသဖြင့် အုန်းစိမ်းကိုထိပ်မှ ကွက်မြီးဖြတ်ပြီး အပ်စိုက်ကာ အကြောဆေး အဖြစ် သွင်းပေးရသည်ဟု ဖတ်ရဖူးသည်။ အုန်းစိမ်းရည်၏ အစွမ်းသတ္တိမှာ အနောက်တိုင်းဆရာဝန်များကပင် အသိအမှတ်ပြု သုံးစွဲကြရသည်။ အုန်းသီး၏ ထူးခြားချက်များမှာ အတွင်း၌ ရှိနေသော အုန်းရည်သည် မခွဲမဖောက်သမျှ ကာလပတ်လုံး ခန်းသွားသည်ဟုမရှိ၊ ချဉ်သွားသည် ဟူ၍လည်း မရှိပေ။ ယခုအခါ လူနေထူထပ်သော မြို့ကြီးများတွင် အပူရှိန်မြင့်တက်လာသဖြင့် Heat Stroke ခေါ်အပူရှပ်၍ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ အဖြစ်များသော ရာသီဖြစ်သည်။ ဆီးပူ၊ ဆီးအောင့် ရောဂါများ လည်း အဖြစ်များသည်။ အမျိုးသမီးများတွင် မီးယပ်ဖြူဆင်းရောဂါ၊ သွေးဆင်းလွန်သောရောဂါများဖြစ်လေ့ရှိသည်။ ထိုကဲ့သို့ အပူကန်၊ အပူငုပ်ရောဂါများအတွက် အုန်းစိမ်းရည်ကို သောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

အမျိုးသားလူကြီးများ ဖြစ်လေ့ရှိသော ဆီးကျိတ်ရောင်ရောဂါကိုလည်း သက်သာစေနိုင်သည်။ အုန်းစိမ်းရည်သည် အာဟာရဓာတ် ကြွယ်ဝပြီး အပူငြိမ်းရုံသာမက အရိုးအဆစ်၊ အရွတ်၊ ကြွက်သားများပါ ကောင်းစေနိုင်သော အာနိသင်အထူးရှိသည်။ တံတိုင်းသုံးထပ်၊ ကာရံပတ်၊ ဘယ်နတ်ရေကန်နည်း (ပဟေဠိ အဖြေ = အုန်းသီး) အပင်တွင်ရင့်ပြီး ကြွက်မြီးခြောက်သည့် အုန်းသီးသည် အသားရင့်ပြီး အုန်းရည်နည်းသည်။ ရင့်သောအုန်းရည်တွင် အဆီများ ဝေ့နေသဖြင့် အုန်းခြောက်ရည်ဟုခေါ်သည်။ အပူကန်၍ အဖုအပိမ့်များထွက်တတ်သည်၊ မသောက်အံ့ဟု ဆိုသည်။ အုန်းစိမ်းရည်သောက်လိုလျှင် အပင်တွင် ကြွက်မြီးမခြောက် အသားမရင့်သေးသော အုန်းသီး အနုဆိုင်များအခေါ် အရည်သောက်အုန်းကိုသာ ရွေးချယ်ဝယ်ယူသင့်ပေသည်။

ဥတုဘောဇနသင်္ဂဟကျမ်းအလိုအရ မနုမရင့် လတ်လတ်လောလော အုန်းသီးရည်သည် သုတ်ကိုပွားစေတတ်၏။ အဆီသြဇာရှိ၏။ ချို၏။ အချို့စဉ်းငယ်ဖန်၏။ အေး၏။ ကြေလွယ်၏။ ရေငတ်ခြင်း၊ သည်းခြေနှင့်လေနာတို့ကိုနိုင်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ ဆီးကို့ရှင်စေတတ်၏။ ဝမ်းမီးချက်၍ကျက်လျှင်ချို၏။ အချို့အုန်းရည်ငန်၏။ နှလုံးကြည်လင်စေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ အလွန်နုသော အုန်းသီးရည်သည် ဝမ်းကျတတ်၏။ ဆွတ်ခူး၍ကြာပြီးသော အရည်သည် ဝမ်းချုပ်၏။ ကြေခဲ၏။ သည်းခြေကို ပျက်စေတတ်၏...ဟု ရေးသားထားသည်ကို ဖတ်ရှုလေ့လာတင်ပြလိုက်ပါသည်။

**အပူအအေး ဝိရောဓိဖြစ်ခြင်းဟုခေါ်သော ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တွင်းသွေးစီးကြောင်းများတွင် သွေးကြောများ ရုတ်ခြည်းပြောင်းလဲမှုဒဏ်ကို မခံနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲခြင်း၊ သွေးကြောငယ်လေးများ ပြတ်ထွက်ခြင်းများ ဖြစ်နိုင်ပေသည်။ အသက်ကြီးသောသူများတွင် ပို၍ဖြစ်ရခြင်းမှာ သူတို့၏ သွေးကြောများမှာ ဟောင်းနွမ်းပြီး မာဆတ်မှုကြောင့် ပူ၍ကျယ်ခြင်း၊ အေး၍ ကျုံ့ခြင်းဒဏ်ကို မခံနိုင်ခြင်းဖြစ်သည်။**

# ကုန်းပြင်ကျေးရွာ၌ သီတာချောင်းကူးတံတားအား ဂျပန်နိုင်ငံ(GGP) အကူအညီဖြင့် တည်ဆောက်လျက်ရှိ



**ရေကြည် ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကုန်းပြင်ကျေးရွာအုပ်စု ကုန်းပြင်ကျေးရွာရှိ သီတာချောင်းကူးတံတားကို မတ် ၁၂ ရက်မှစ၍ ပြည်သူအများသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ် (GGP) မှ အမေရိကန်ဒေါ်လာ ၁၇၅၃၅ ဒေါ်လာ လှူဒါန်းမှုဖြင့် အလျားပေ ၁၆၀၊ အနံ ၁၈ ပေအကျယ်ရှိ သံကူကွန်ကရစ် ချောင်းကူးတံတားကို ၂၀၁၇ ခုနှစ် မတ် ၁၂ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်အထိ တစ်နှစ်စီမံကိန်းဖြင့် Motdei Zone ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"အရင်ကြိုးတံတားတုန်းက ဆိုင်ကယ်နဲ့လူကူးတံတားအဖြစ်သာ ဆက်သွယ်သွားလာနိုင်ပြီး ယခု ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးပါက ကားတွေပါသွားလာနိုင်မယ်။ ကျွန်တော်တို့ အရပ်ဒေသအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အားလုံးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အခုလို တံတားတိုးတက်အောင် ကူညီပေးတဲ့ နိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်(GGP)မှ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်က ပြောသည်။

**မင်းဇော်ဦး(ရေကြည်)**

# ဟွာလ်ငိုးလူငယ်အဖွဲ့မှ ချင်းပြည်နယ် နယ်စပ်ဒေသ၌ အခမဲ့ဆေးကုသမှုပြုလုပ်

**ရိုဒ် ဧပြီ ၁၇**

ချင်းပြည်နယ်ရှိ လူငယ်အဖွဲ့အစည်းတစ်ခု ဖြစ်သော ဟွာလ်ငိုးလူငယ်အဖွဲ့ (Hualngo Youth Organization-HYO) မှ ဧပြီ ၁၄ ရက်က စတင်ကာ ချင်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသကျေးရွာများ၌ ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ဆရာဝန် ရှစ်ဦးနှင့် သူနာပြုဆရာမလေးဦးအပါအဝင် စုစုပေါင်းအယောက် ၂၀ ခန့်ပါဝင်သော ဟွာလ်ငိုးလူငယ်အဖွဲ့သည် တီးတိန်မြို့နယ်နှင့် ရိခေါဒါရ်မြို့နယ်ခွဲရှိ ကျေးရွာများသို့သွားရောက်ပြီး အခမဲ့ဆေးကုသမှုနှင့် ဆေးဝါးဖြန့်ဝေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ HYO ဥက္ကဋ္ဌ ဦးဟရန်ကျိုလျန်နာက "ဒီနယ်တဝိုက်ဟာလမ်းပန်းဆက်သွယ်ရေးပိုင်းမှာ ပိုမိုခက်ခဲတဲ့ ဒေသဖြစ်တာကြောင့် ဖွံ့ဖြိုးရေးပိုင်းမှာလည်း ပိုပြီးတော့ အားနည်းတဲ့ ဒေသတစ်ခုဖြစ်ပါတယ်၊ အထူးသဖြင့် ကျန်းမာရေးပိုင်းမှာဆိုရင် ကူညီထောက်ပံ့မှုတွေ အထူးလိုအပ်တဲ့ အခြေအနေမှာ ရှိနေပါတယ်၊ ဒါကြောင့် ဒီခရီးစဉ်ကို ပြုလုပ်ရတာဖြစ်တယ်၊ နောင်လည်း ဆက်လုပ်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

ဧပြီ ၁၅ ရက်အထိ တီးတိန်မြို့နယ် ထိန်းလေး၊ ဇိမ်ပီးနှင့် ဇိမ်သဲ ကျေးရွာရှိ ဒေသခံပြည်သူ ၄၂၀ ကုသမှုခံယူခဲ့ပြီး ၁၆-၁၇ ရက်နေ့တွင် ရိခေါဒါရ်မြို့နယ်(ခွဲ) မွန်လွာနှင့် ဟိုင်းဟိန်းကျေးရွာတို့သို့ ဆေးကုသမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါဒေသတွင်းရှိ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင် ပါဝင်သော ဒေါက်တာလားရမ်းဇားဝါ (Medical Mercy) က "အခုချိန်အထိတော့ လာရောက်ကုသသူတွေထဲမှာ ရောဂါကြီးကြီးမားမား ခံစားရသူတွေတော့ မရှိဘူး၊ ဒါပေမယ့် အစာအိမ်နဲ့ အရေပြားရောဂါရှင်တွေကတော့ အများဆုံးဖြစ်တယ်"ဟု ပြောသည်။

ယခုကဲ့သို့ အစာအိမ်နှင့် သက်ဆိုင်သော ရောဂါအဖြစ်များရခြင်းမှာ ဒေသခံပြည်သူများသည် ရှေးယခင်ဘိုးဘွားခေတ်ကတည်းက နှစ်ခြိုက်စွာသုံးဆောင်ခဲ့ကြသော ဆေးရွက်ရည်၊ ငုံဆေး၊ ဆေးလိပ်များနှင့် အစားအသောက် ပုံမမှန်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ဒေါက်တာက ဆက်ပြောသည်။

ဟွာလ်ငိုးလူငယ်အဖွဲ့အနေဖြင့် ယခုကဲ့သို့ အခမဲ့ဆေးဝါးကုသမှုခရီးစဉ် (Medical Tour)ကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီ ၁၂ မှ ၁၇ ရက်အထိ ဝေးလံခေါင်ဖျားသော ချင်းပြည်နယ်မြောက်ပိုင်း ကျေးရွာများတွင် ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူ လူနာအယောက် ၁၅၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။



**သတင်း-CL ထန်းငါ၊ ဓာတ်ပုံ- HYO**

## ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

" ငါးရစ်၊ ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"

"ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"

- မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့်ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသောငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။
- ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ဖြစ်၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့်ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကိုဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန်နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ၁၃၇၈ ခုနှစ် ကရင်ပြည်နယ် ဘားအံမြို့ မဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားကျင်းပ

**ဘားအံ ဧပြီ ၁၇**

၁၃၇၈ ခုနှစ် ကရင်ပြည်နယ် ဘားအံမြို့ မဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီက အမှတ် (၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် သင်္ကြန်ချစ်သူ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် စုပေါင်းသီဆိုကပြ ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဂီတစာဆိုဆု၊ တပင်တိုင် သီချင်းဆိုဆု၊ ယိမ်းသီချင်းဆိုဆု၊ တပင်တိုင်အကဆု၊ ယိမ်းအကဘက်စုံဆုရရှိသည့် သင်္ကြန်ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် ဆုရရှိသော မဟာသင်္ကြန်ယိမ်းအဖွဲ့များက ပြန်လည်ကပြသီဆိုဖျော်ဖြေကြပြီး ၁၃၇၈ ခုနှစ် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်ပိတ်ပွဲကို ဘေးဘရာကင်းကွာ၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကာ စိတ်သစ်၊ လူသစ်၊ အားအင်သစ်များဖြင့် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**နတ်တလင်း ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးစခန်းမှူး ဒုတိယရဲမှူး မြင့်သိန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး သက်ချိုဦးနှင့် တာဝန်ရှိသူများသည် ဧပြီလဒုတိယအပတ်က မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး ယာဉ်အန္တရာယ်မဖြစ်ပွားစေရေး၊ မှုခင်းများမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တို့အား သိရှိလိုက်နာဆောင်ရွက်ကြရန် သတိပေးနှိုးဆော်သော အသိပညာပေးလက်ကမ်းစာစောင်များကို လမ်းဆုံများ၌ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ KTV ဆိုင်များ ယာယီပိတ်သိမ်း

**မကွေး ဧပြီ ၁၇**

ဧပြီလဒုတိယပတ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ KTV ဆိုင်များအား ယာယီပိတ်သိမ်းရန်နှင့် ညွှန်ကြားချက်တစ်စုံတစ်ရာမရမီ မည်သည့်ဗီဒီယိုကာရာအိုကေဆိုင်လုပ်ငန်းကိုမျှ လုပ်ငန်းဖွင့်လှစ်ဆောင်ရွက်ခွင့်မပြုသည့် အမိန့်တစ်ရပ်ထုတ်ပြန်ထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ်(၃၁)အရ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်မည့်အဖွဲ့ဖြင့် KTV ဆိုင်များကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရက "တာဝန်ပေးဖွဲ့စည်းမယ့်အဖွဲ့နဲ့ သင်္ကြန်ပြီးရင် KTV ဆိုင်တွေကို စစ်ဆေးသွားမှာပါ။ KTV မှာ မီးလောင်ပြီး လူတွေသေသွားတယ်ဆိုတော့ ဒီလိုဖြစ်စဉ်မျိုးတွေ ထပ်မဖြစ်အောင် လုပ်ဖို့လိုလာလို့ပါ။ စည်းကမ်းတကျ ပြန်ဖြစ်အောင်လုပ်မယ်။ ဆိုင်တွေအတွက်ရော၊ ဧည့်သည်တွေအတွက်ပါ ကောင်းအောင်လုပ်ပေးတဲ့ သဘောပါပဲ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

သင်္ကြန်ကာလအတွင်း ဌာနဆိုင်ရာ ရုံးပိတ်ရက်များဖြစ်နေသည့်အတွက် သင်္ကြန်ကာလပြီးမှသာ အထွေထွေအုပ်ချုပ်ရေး၊ တိုင်းဗီဒီယိုအခြေခံအဖွဲ့နှင့် အခြားအဖွဲ့အစည်းများ ပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း စစ်ဆေးရမည့်အချက်များ၊ ပြန်လည်စိစစ်ခွင့်ပြုရမည့် ကန့်သတ်ချက်များကို အစိုးရ၏ ညွှန်ကြားချက်နှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်

မကွေးမြို့၌ KTV ဆိုင် ၂၇ ဆိုင်၊ တိုင်းဒေသကြီးအတွင်း၌ ၅၆ ဆိုင် ရှိကြောင်း တိုင်းဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီမှသိရပြီး ဧပြီ ၂ ရက် ည ၁၀ နာရီခန့်က မကွေးမြို့ မြင်သာရပ်ကွက် (၂၉)လမ်းနှင့် သစ္စာလမ်းထောင့်အနီးရှိ ရွှေမြတ်မင်းသမီး KTV မီးလောင်မှုဖြစ်စဉ်တွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီးလေးဦးသေဆုံးခဲ့ကာ အမျိုးသမီးတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



**နွားထိုးကြီးမြို့နယ် သင်းတယားကျေးရွာအုပ်စု ထန်းတောမကျေးရွာရှိ အောင်သုခ ကျောင်းတိုက်သို့ ဧပြီလဒုတိယပတ်က မေတ္တာမွန်လူမှုကူညီရေးအသင်းမှ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ ဒုတိယရဲမှူး ခင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များက လှူဒါန်းခဲ့ကြစဉ်**
သန်းအောင်ဇော်(ပြန်/ဆက်)

## မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သော သိန်း ၁၀၀အား ရေးမြို့နယ် ရေပေးဝေရေးအတွက် သုံးစွဲရန်ရှိ

**ရေး ဧပြီ ၁၇**

မွန်ပြည်နယ်အစိုးရအဖွဲ့မှပေးအပ်သော ငွေကျပ် သိန်း ၁၀၀ အား ရေးမြို့နယ် ရေပေးဝေရေး အကောင်အထည်ဖော်နိုင်ရန်အတွက် ဧပြီလဒုတိယအပတ်က လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငွေကျပ်သိန်း ၁၀၀ မှ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်၌ ရေအခက်အခဲကြုံတွေ့နေရနိုင်သည့်နေရာတွင် လက်တူးတွင်းကျယ် တစ်တွင်း ငွေကျပ်သိန်း ၅၀ အား သုံးစွဲရန်အပြင် ကျေးရွာအုပ်စုများမှ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေ ရေဖြန့်ဝေရေးအတွက် ဆက်လက်သုံးစွဲရန် လျာထားလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများရှိ ရေရှားပါးသောကျေးရွာများအား ရေသယ်ကားများဖြင့် ဧပြီလမှ ဇွန်လအထိ ဖြန့်ဝေပေးသွားရန် စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# သမိုင်းထဲကမြန်မာ့သင်္ကြန်

ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)

**မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန်ရေပက်ကစားသည့်အလေ့ အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်။ ဒေဝဒဟ နှင့် ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန် ရောက်တိုင်း တစ်ခုသောရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများ ဆောက်လုပ်၍ရေဖျန်း သဘင်ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာဝင်ကျမ်းများတွင် ဖော်ပြထား**

မြန်မာတို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် နှစ်သစ်ကူးအထိမ်းအမှတ် ပွဲတော်သက်သက်မဟုတ်။ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ အကုသိုလ်အညစ်အကြေးများ ဆေးကြောခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း စသည့် အဓိပ္ပာယ်ရှိရှိနှင့် သတ်သတ်မှတ်မှတ်ကျင်းပသော ပွဲတော်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကိုမဏ္ဍိုင်ပြု၍ ကျင်းပသောပွဲတော်လည်း ဖြစ်ပေသည်။ သင်္ကြန်ကာလရေပက်ခြင်း၏ အလေ့အထနှင့်ရည်ရွယ်ချက်သည်ပင် နှစ်ဟောင်းမှအညစ်အကြေးများကိုရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကိုသန့်စင်ကြည်လင်ပြီး အေးမြစေရန်ဖြစ်သည်။

နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည်မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်နှစ်ဦးကိုဝမ်းမြောက် ပျော်ရွှင်စွာကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင်ကျင်းပလေ့ရှိသော ပွဲတော်မှာသင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာတို့သည် နိုင်ငံတစ်ဝန်းလုံး၌နှစ်သစ်ဦးမဟာအတာသင်္ကြန်ပွဲကို အေးချမ်းပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြပါသည်။ နွေနေ၏အပူရှိန်အောက်တွင် အတာသင်္ကြန်မေတ္တာရေစင်ကြောင့် ပါဝင်ဆင်နွှဲကြသူတိုင်း လန်းဆန်းကြည်နူးလျက်ရှိကြသည်။ တစ်နှစ်တွင်တစ်ကြိမ် သာဆင်နွှဲရသောရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန်ရေပက်ကစားသည့် အလေ့အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်။ ဒေဝဒဟနှင့်ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသောရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများ ဆောက်လုပ်၍ရေဖျန်း သဘင်ဆင်မြန်းခဲ့ကြရာမှစတင်ခဲ့သည်ဟု သာသနာဝင်ကျမ်းများတွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

'သင်္ကြန်'ဟူသော ဝေါဟာရနှင့် ပတ်သက်၍ပုဂံခေတ်၊ မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ် (ခရစ်နှစ် ၁၂၉၁) ခုနှစ်တွင် ရေးထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာ၌ 'မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်မပြယ်စိတ်လျှင်တည်၏' ဟုရေးထိုးထား၏။ ထိုကျောက်စာက ပုဂံခေတ်ကတည်းက နှစ်သစ်ကူးပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း အထင်ရှားဆုံးသာဓကပင် ဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်ကိုနိုင်ငံဦးသျှောင်ဘုရင်နှင့်မိဖုရားကိုယ်တိုင်ဦးဆောင်၍ ကျင်းပခဲ့ကြသည်။ ထိုသို့ကျင်းပရာတွင်လည်း အကြီးကျယ်ဆုံး၊ အယဉ်ကျေးဆုံးဖြစ်အောင် ကျင်းပသကဲ့သို့ အကောင်းဆုံး၊ အပျော်ဆုံးဖြစ်အောင်လည်း အတီးအမှုတ်အကအခုန်များနှင့် သဘင်စုံခင်း၍ကျင်းပခဲ့သည်။ ရှေးအခါက သင်္ကြန်ကျသည့်အချိန်ကာလကို ပြည်သူအများ တစ်ပြိုင်နက်တည်း ကြားသိနိုင်ရန်အခါတော်ပေးသည့် အနေဖြင့် ရွှေနန်းတော်က ရွှေမောင်းသံတဒူဒူနှင့် ဗိုရ်စည်နောင်ဒိုင်းတီး၍အချက်ပေးခဲ့သည်။ အချက်ပေးဗိုရ်သံကြားသည်နှင့်တစ်ပြိုင်နက် သင်္ကြန်အမြောက်သံထွက်ပေါ်လာသည်။ သင်္ကြန်အမြောက်သံကြားလျှင် ပြည်သူအပေါင်းတို့သည် အတာအိုး(မြေအိုးငယ်)တွင် ခုနစ်နေ့နံပန်းများကိုစိုက်၍ အမိုးအကာ၏ အပြင်ဘက်ထွက်ကာ အတာအိုးများကို မြှောက်ပင့်လျက်သင်္ကြန်ကြိုကြရသည်။

အစောဆုံး သင်္ကြန်စာအဖြစ် အင်းသားစာဆိုထွက်ထင်ကြီး၏ဘိုးတော်ဘုရားလက်ထက်(၁၇၈၆) ခုနှစ်က သင်္ကြန်စာကိုလေ့လာတွေ့ရှိရပါသည်။ ထွက်ထင်ကြီးဟူသည် ဘုန်းကြီးလူထွက်ဦးထင်ကြီးဟု ဆိုလိုဟန်ရှိသည်။ ၎င်း၏ သင်္ကြန်စာပေမှုကို ပေချပ်(က)အစ(ကူ)အဆုံး(၆)ကြောင်းရေပေ၌(၂၁)ရက်၊ ဇန်နဝါရီလ၊ (၁၇၈၇)တွင်ပြန်လည်ကူးယူထားကြောင်းတွေ့ရှိရသည်။

သင်္ကြန်စာကိုကြွင်းသေးသောသာသနာတော်နှစ်၏ အပေါင်းကား နှစ်ထောင်ခြောက်ရာခုနစ်ဆယ်ကြွင်းပါသေး၏။ ထွက်ထင်ကြီး ထုတ်သင်္ကြန်စာဟူ၍ အစပြုထားပါသည်။ ယင်းသင်္ကြန်စာအရ ၁၁၄၇ ခုနှစ် တန်ခူးလဆန်း ၁၂ ရက် တနင်္လာနေ့ ၁၀ ဧပြီ ၁၇၈၆ သင်္ကြန်ကျပြီး လဆန်း ၁၄ရက် ၁၂၊ ဧပြီ၊ ၁၇၈၆တွင်သင်္ကြန်တက်ခဲ့ကြောင်း သိရှိရ၏။ သင်္ကြန်စာ၏ လေးပုံသုံးပုံခန့်မှာ လေးလုံးစပ်ရတုကဗျာပုံစံဖြစ်သည်။

စာဆိုတော်ဒုတိယနဝဒေး၏ တူကျွန်းစိုးသည် **တန်ခိုးနည်းသာ** အစချီသင်္ကြန်စာ ရတုပိုဒ်စုံသည်လည်း အစောပိုင်းကာလသင်္ကြန်စာ တစ်မျိုးဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက်တွင် သင်္ကြန်ကျပြီဆိုသည်နှင့်အမြောက်သံ ပေးရသည်။ ၄ ရက်ဧပြီလ ၁၈၀၇ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့်အမိန့်တော်၌- အမြောက်သံကိုလည်း ရွှေမြို့တော်မှပေးမြဲပေးစေ၊ ပြည်သူပြည်သားတို့ကိုလည်း ရွှေမြို့တော်မှ ရေဖျန်းပက်မြဲဖျန်းပက်ကြစေ-ဟူ၍ ဖော်ပြထားသည်။ မန္တလေးရတနာမဋ္ဌုဘုရား ရာဟုထောင့်ရှိ ကျောက်စာတွင်သင်္ကြန် အမြောက်ပစ်ဖောက်လိုက်သည့်အခါ ကုသိုလ်ကောင်းမှုများ စတင်လုပ်ဆောင်ကြရကြောင်း ရေးထိုးထားသည်။

၁၈၅၅ခုနှစ်မင်းတုန်းမင်းနန်းတက်စ အမရပူရမင်းနေပြည်တော်တွင် ပညာရှိတစ်ဦးဆက်သွင်းခဲ့သည့်သင်္ကြန်စာကိုလည်း တွေ့ရှိရသည်။သင်္ကြန်စာအား **ဘုရားကျွန်တော် အိမ်ရှေ့တော်ပညာရှိ ဆက်သွင်းသည့် နှစ်သစ်မင်္ဂလာသင်္ကြန်စာဘုရား** ဟုခေါင်းစဉ်တပ်ထားသည်။ ယင်းသင်္ကြန်စာ၌ သိကြားမင်းလူ့ပြည်သို့ သက်ဆင်းပုံနှင့် ပတ်သက်၍ "ခရုသင်းပွတ်သစ်အဆင်းနှင့်တူသော အဆင်တန်ဆာကို ဆင်ယင်ဝတ်စား၍ နွားလားဥသဘစီးလျက် လက်ယာလက်ကပုဆိန်၊ လက်ဝဲလက်က တံစဉ်ကိုစွဲကိုင်၍ထွက်ဝယ်ဖွဲ့ခွေပြီးဝင်၏ "ဟူ၍ ရေးသားဖော်ပြထားသည်။ ထို့ပြင်ဟောစာကိုပါ ထည့်သွင်းဖော်ပြထားရာ "သင်္ကြန်အလိုသော်ကား မိုးဦးတန့်အံ့။ မိုးလယ်၊ မိုးနှောင်းကောင်းအံ့။ လူတို့ကျောင်းကန်ဘုရား၊ အလှူကောင်းမှုပြုသည်များအံ့။ ထဘီဝတ်တို့ဒဏ်သင့်အံ့' စသည်ဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သီပေါမင်းကိုယ်တိုင်လက်မှတ်ရေးထိုးထားသော သင်္ကြန်အမိန့်ပြန်တမ်းတစ်ခုကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

" ပညာရှိတို့က သက္ကရာဇ် ၁၂၄၀ ခု တန်ခူးလပြည့်ကျော် ၇ ရက် စနေနေ့တစ်ချက်တီးအကျော် ၇ နာရီ ၁ ပါဒ် ၁ ဗီဇနာအချိန်တွင် ဘာနုရာဇာအမည်ရှိသော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ်သော မိန်ရာသီမှတန်ခူးဖြစ်သော မိဿရာသီသို့ ပြောင်းဝင်ပါသည်။ တန်ခူးလပြည့်ကျော် ၉ ရက်တနင်္လာနေ့၊ နေ့သုံးချက်တီးကျော် ၁ နာရီ၊ ၃ပါဒ်၊ ၇ ဗီဇနာပြန်ပြည့် ၇ ခရာအချိန်တွင် အတာနှစ်သစ်သက္ကရာဇ် ၁၂၄၁ ခုနှစ်သို့ တက်ပါမည်။ သင်္ကြန်ပြောင်းအချိန်တွင် အမြောက်သံပေးမြဲပေး၍ ရွှေနန်းတော်၊ လွှတ်တော်၊ ဇဟိုရ်စင်၊ ဝင်းရံ ၄ ရပ်၊ ရှေ့ရုံး၊ အနောက်ရုံး၊ တရားရုံး၊ ရွှေမြို့တော် ခတ်တံခါး ၄ ရပ်၊ ထောင့်ပြကြီးများမှာ ညနေကိုသံဃာတော်ရှစ်ပါးစီ ပရိတ်တော်ရွတ်မွမ်း၍ နံနက်ဆွမ်းကို လှူဒါန်းပြီးလျှင် ပရိတ်တော်ရေကို ရှစ်ပါးပုဏ္ဏားတို့ဖျန်းပက်စေ၍ ရွှေမြို့တော်စောင့် ဒိသာဇေယနတ်၊ ရွှေနန်းတော်၊ ရာဇပလ္လင်ဥကင်တော် ထီးဖြူတော်၊ ထီးကြက်တော် ကိုယ်တော်စောင့်နတ်မှစ၍သိကြား၊ စတုလောကပါလသာသနာတော်စောင့်၊ သမ္မာဒေဝနတ်မြတ်တို့အားလည်း အပရိဟာနိယတရားနှင့်အညီ တင်ကြားပသတော်မူသင့်ကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း သင်္ကြန်ပြောင်း အချိန်တွင် အမြောက်သံပေးမြဲပေး၊ ခန့်ထားစီရင်ရန်ရှိသည် များကိုပြီးပြေအောင်စီရင်၊ စေတီပုထိုး၊ ဇေယျခိ ညောင်တော်များမှာ အတာညောင်ရေကို နှစ်စဉ်ဆက်သွင်းမြဲဆက်သွင်း သွန်းလောင်းလှူဒါန်းစေ၊ အခါခံရက်အတွင်း ပြည်သူတို့မှာထုံးနန္ဒင်း၊ အိုးမဲမသုတ်မသိမ်း၊ မသန့်မပြန့်သည့်ရေများကို မပက်ဖျန်းကြစေနှင့်၊ အမွှေးအထုံ၊ ရေကြည်ရေသန့်များနှင့် နံနက်ခင်း၊ ညနေခင်းကိုသာဖျန်းပက်ကြစေ" ဟုသင်္ကြန်သဘင်တွင် လိုက်နာရန်အစီအစဉ်များကို ထုတ်ပြန်ခဲ့လေသည်။

မန္တလေးမြို့တွင် ရတနာပုံမင်းနေပြည်တော်ကြီးအဖြစ် တည်ရှိစဉ်ကပင် သင်္ကြန်ပွဲတော်ကိုစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မျက်မှောက်ခေတ်တွင်မန္တလေးသင်္ကြန်နှင့် ခွဲခြား၍ မရနိုင်သောအရာကား မြို့မတူရိယာအဖွဲ့ပင်ဖြစ်သည်။ မြို့မအဖွဲ့သည်သင်္ကြန်တွင်းတွင် ငွေငန်းရုပ်ချိုးထားသည့် အလှပြကားဖြင့်လှည့်လည် ကပြဖျော်ဖြေလေ့ရှိသည်။ သင်္ကြန်တွင်အသုံးပြုသော မြို့မသင်္ကေတငွေငန်းရုပ်ကြီးကို လွတ်လပ်ရေးမရမီကာလကပင် အသုံးပြုခဲ့သည်။

၁၀-၄-၁၉၄၇ ရက်စွဲပါလူထုသတင်းစာတွင်ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၃၀၉ ခုနှစ် ၁၉၄၇ခုနှစ် သင်္ကြန်၌မြို့မငွေငန်းအလှပြယာဉ်၏ ဒီဇိုင်းသစ်နှင့်**ချိုပြုံးရွှင်သော နှမပျိုရယ်** အစချီဆရာမြို့မငြိမ်းရေးဖွဲ့သီကုံးသည့် **ရွှေမန်းတောင်ရိပ်ခို**သီချင်းကို မိတ်ဆက်ရေးသားထားကြောင်း တွေ့ရှိရသည်။ ရွှေမန်းတောင်ရိပ်ခိုသီချင်းကို သံပြိုင်ပိုဒ်တွင်ပါဝင်သော မြနန္ဒာကိုအစွဲပြု၍**မြနန္ဒာ**သီချင်း ဟူ၍လည်းခေါ်ဆိုကြသည်။

ပါလီမန်ခေတ်ရန်ကုန်သင်္ကြန်တွင် ကုန်းဘောင်ခေတ်နှောင်းကာလက သီဆိုပျော်မြူးခဲ့ကြသည့်သံချပ်များလည်း ပြန်လည်ခေတ်စားလာသည်။ သို့သော်သံချပ်များသည် ပါတီတစ်ခုနှင့်တစ်ခုပုဂ္ဂိုလ်ရေးရာစောင်းမြောင်းသီဆိုမှုများ ရှိလာသဖြင့် တာဝန်ရှိသူများက စိစစ်ပြီးမှသာခွင့်ပြုခဲ့သည်။ အလှပြကားများဖြင့်လှည့်လည်ဖျော်ဖြေကြပြီး ဆုပေးမဏ္ဍပ်များမှဆုချီးမြှင့်သည့်ဓလေ့မှာပါလီမန်ခေတ်တွင် ပိုမိုထွန်းကားလာသည်။

မြန်မာနှစ်သစ်ကူးနေ့ဖြစ်သော နှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌ နှစ်သစ်ပဒေသာပင်ဆွတ်ခူးပွဲတော်ကိုကျင်းပလေ့ရှိသည်။ ယင်းပွဲတော်ကို ၁၉၆၇ ခုနှစ်ခန့်ကပင် စတင်ကျင်းပခဲ့ရာ ၁၉၉၇ ခုနှစ်ကအကြိမ် (၃၀) မြောက်ကျင်းပခဲ့ကြောင်းသိရှိရသည်။ ယင်းပွဲတော်ကို မဟာစည်ဆရာတော်ကြီး ကိုယ်တိုင်ဖွဲ့စည်းပေးခဲ့သည့် ဟီတေသီအဖွဲ့ကြီး၏ ကုသိုလ်တော်ကြီး (၇)ရပ်အနက်ကုသိုလ်တော်တစ်ပါးအဖြစ်ကျင်းပခြင်းဖြစ်သည်။ အကြိမ် (၃၀)မြောက်နှစ်သစ်ပဒေသာပင်ဆွတ်ခူးပွဲတော်တွင် ပဒေသာပင်ပေါင်း ၅၁ ပင်၊ ပစ္စည်းမဲအရေအတွက် ၂၄၇၀ ၊ တန်ဖိုးငွေကျပ်လေးသိန်းကျော်အား မဟာစည်သာသနာ့ရိပ်သာတွင် တရားအားထုတ်နေကြသည့် ရဟန်းသံဃာများ၊ ယောဂီသူတော်စင်များအားလုံးပုဂ္ဂိုလ်တိုင်းဆွတ်ခူးနိုင်ရန် စီစဉ်ထားခဲ့သည်။ ကမ္ဘာဦးကာလက လောဘ၊ ဒေါသ၊ မောဟနည်းပါးလှပြီး ဖြဟ္မစိုရ်တရားများ ပွားများကြသောကြောင့် လိုရာဆွတ်ခူး၊ ပဒေသာပင်ထူး ပေါ်ပေါက်ခဲ့ဖူးသည်ကို အစွဲပြုလျက် ကျင်းပခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရှေးအစဉ်အဆက်ကတည်း က ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုမပျက်ဆင်နွှဲရန် အရေးကြီးပေသည်။ မူးယစ် ဆေးဝါးသုံးစွဲခြင်း၊ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ ကြမ်းကြမ်းတမ်းတမ်းရေ ကစားခြင်း၊ ပုဂံခေတ်ကတစ်ခုသော သင်္ကြန်တွင်နရသီဟပတေ့မင်းသည် မိဖုရားစောလုံအား အကျီစားသန်ပြီး ရေကစား သည်ကိုသင်ခန်းစာယူကာအမျိုးသမီးများအား ကာယိန္ဒြေ ပျက်အောင်ရေကစားခြင်း၊ ကိုယ်ထိလက်ရောက်စနောက်ခြင်း စသည်တို့ကို အထူးရှောင်ကြဉ်ရမည်ဖြစ်သည်။ ခေတ်ကိုအကြောင်းပြု၍ အတာသင်္ကြန်ကို မညစ်နွမ်းစေလိုပါ။ မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ဂုဏ်ကျက်သရေမညှိုးနွမ်းစေရန် အရေးကြီးကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့ နှလုံးလှပင်လယ် ပရဟိတအဖွဲ့ ဆောမြို့နယ် ပြည်သူများအား သင်္ကြန်ကာလ၌ ကုသိုလ်ဖြစ်ဆေးဝါးကုသပေး

**ဆော ဧပြီ ၁၇**

မန္တလေးမြို့ ၁၆ လမ်း နှလုံးလှပင်လယ် On line ပရဟိတမိသားစု ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေး အန္တရာယ် အမျိုးမျိုးအတွက် ကူညီစောင့်ရှောက် ပံ့ပိုးမှုအဖွဲ့မှ ဆရာဝန်၊ ဆရာမများ ပါဝင်သော အဖွဲ့သည် သင်္ကြန်ကာလတွင် ဂန့်ဂေါခရိုင် ဆောမြို့နယ်သို့ရောက်ရှိ၍ ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးဝါးများ အခမဲ့ ဝန်ဆောင်ကုသပေးကြရာ မြို့နယ်၏ လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ယောလူငယ်အဖွဲ့ကလည်း အဆိုပါအဖွဲ့ အတွက် လိုအပ်သည်များပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ ကုသရာတွင် ဧပြီ ၁၃ ရက်က လက်ပန်းကျေးရွာရှိ ပြည်သူ ၈၀၀ ကျော်တို့ကိုလည်းကောင်း၊ ဧပြီ ၁၅ ရက်က အကြည်ကတင်းကျေးရွာရှိ ပြည်သူ ၇၀၀ ကျော်ကို လည်းကောင်း ကျန်းမာရေးစစ်ဆေးပေး၍ ဆေးဝါးများ အခမဲ့ဝန်ဆောင်မှုပေးခဲ့ကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်နေသည့် လူနာများအား ဆေးရုံတက်ရောက် ကုသနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

"လာရောက် ဆေးစစ်ခံယူသူတွေထဲမှာ ဒေသခံပြည်သူများသာမက ချင်းပြည်နယ်ဘက်မှ ပြည်သူများလည်း ပါတယ်။ အငန်စားသုံးမှုများလို့ ဖြစ်ပွားတဲ့ရောဂါတွေနဲ့ သွားနဲ့ခံတွင်းရောဂါတွေများတယ်လို့ သိရပါတယ်။ ဆရာဝန်တွေနဲ့ ကျွန်တော်တို့ အဖွဲ့တွေဟာ ဆောမြို့နယ်ကပြီးရင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ဘက်က မဆွာတီရွာအပါအဝင် ကျေးရွာလေးရွာရှိ ပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်" ဟု ယောလူငယ် အဖွဲ့ခေါင်းဆောင် ကိုခင်ဇော်လွင်က ပြောသည်။

**ကျော်သန်းဆွေ**



# ပြင်းထန်တဲ့ ရှန်းကန်အားနဲ့ နောက်တစ်ဆင့်တက်ရေးအားထုတ်မယ့် လက်စတာနဲ့ အိမ်ကွင်းမှာ မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားနိုင်တဲ့ ဘာစီလိုနာတို့ရဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဧပြီ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာတော့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ပထမအကျော့တုန်းက ရလဒ်မပြတ်သားခဲ့တဲ့အသင်းတွေအတွက် ခြေကုန်ဖွင့်လာဖို့ ရှိနေသလို ရလဒ်မပြတ်ဘဲ ရှုံးပွဲတွေ့ကြုံခဲ့ရတဲ့အသင်းတွေကလည်း တိုက်စစ်ကို ရဲရဲဖွင့်ပြီး အားကုန်ကစားလာမှာဖြစ်လို့ ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲအဖြစ် မြင်တွေ့အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**လက်စတာနှင့် အက်သလက်တီကို**

ပထမအကျော့ အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ လက်စတာတို့ အခုပွဲမှာတော့ မျှော်လင့်ချက်ကို အကောင်အထည်ဖော်ဖို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ လက်စတာတို့က အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကစားနိုင်တဲ့ စွမ်းဆောင်ရည်နဲ့ စိတ်ဓာတ်ရှိတဲ့ အသင်းဖြစ်တာမို့ အက်သလက်တီကိုတို့ သိပ်တော့မလွယ်ပါဘူး။ လက်စတာရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲရှုံးထားပြီး တစ်ပွဲသရေဖြစ်ထားပေမယ့် အိမ်ကွင်းနှစ်ပွဲမှာ နှစ်ပွဲစလုံးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ အက်သလက်တီကိုက ခြေမှန်နေတဲ့အသင်းဖြစ်ပြီး လောလောဆယ်ပြိုင်ပွဲစုံ ငါးပွဲကစားခဲ့ရာမှာ ရီးရဲမက်ဒရစ်ကိုသာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ကျန်လေးပွဲအားလုံးနိုင်ထားပါတယ်။ အက်သလက်တီကိုရဲ့ အားနည်းချက်က အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပြီး တိုက်စစ်လည်း အားနည်းတတ်တာဖြစ်ပါတယ်။ အက်သလက်တီကိုရဲ့ အားသာချက်ကတော့ ခံစစ်ပိုင်း ကောင်းမွန်တာဖြစ်ပြီး ခံစစ်မှူးတွေက အမှားအယွင်းနည်းကြပါတယ်။ အက်သလက်တီကိုတို့က ဒီပွဲကို ခံစစ်အခြေပြုပြီး တိုက်စစ်ဆင်ကစားမှာဖြစ်တာမို့ လက်စတာတိုက်စစ်မှူးတွေဖြစ်တဲ့ ဗာဒီတို့ အုပ်စုခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ ခြေကုန်ဖွင့်လာမယ့်လက်စတာကို အားပေးရမှာဖြစ်ပါတယ်။

**ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်**

ပထမအကျော့အဝေးကွင်းမှာ ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ ဘိုင်ယန်မြူးနစ်တို့ အခုပွဲမှာတော့ ရင်ပွင့်မတတ်ကစားရပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေဟာ အခုတလော နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ ဂိုးပေါင်း ၁၃ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ပေးဂိုးခြောက်ဂိုးအထိ ခွင့်ပြုခဲ့ရတဲ့ ခံစစ်ပိုင်းကတော့ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးတွေကို ကောင်းကောင်းထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့က ပထမအကျော့ရလဒ်ကြောင့် ဒီပွဲမှာ မဖြစ်မနေ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ထိုးဖောက်ဂိုးသွင်းဖို့ ကြိုးစားလာမှာမို့ ရီးရဲမက်ဒရစ်တို့လည်း အလေးထားကစားမှ ရပါလိမ့်မယ်။ ဒါပေမယ့် အခုတလော ဘိုင်ယန်မြူးနစ်တို့ရဲ့အဝေးကွင်းရလဒ်က ဆိုးရွားနေတာမို့ စီရော်နယ်ဒို ဦးဆောင်မယ့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေရဲ့ နေရာစုံက ထိုးဖောက်မှုကြောင့် ဘိုင်ယန်မြူးနစ်တို့ရဲ့ ချန်ပီယံလိဂ် အိပ်မက်ပျက်ပြယ်သွားနိုင်ပါတယ်။

**ဘာစီလိုနာနှင့် ဂျူဗင်တပ်စ်**

ပထမအကျော့မှာ အဝေးကွင်းရလဒ် သုံးဂိုးပြတ်နဲ့ ရှုံးခဲ့တဲ့ ဘာစီလိုနာတို့လည်း အခုပွဲက အိမ်ကွင်းဖြစ်ပေမယ့် အကြိတ်အနယ်နွှဲရတော့မယ့်ပွဲပါပဲ။ အဝေးကွင်းရလဒ်ဆိုးရွားပေမယ့် အိမ်ကွင်းမှာဆိုရင် မထင်မှတ်တဲ့ ရလဒ်တွေ ထွက်ပေါ်အောင်လုပ်ပြနိုင်တဲ့ ဘာစီလိုနာကြောင့် ဒီပွဲမှာ ဂျူဗင်တပ်စ်တို့လည်း စိုးရိမ်စိတ်နဲ့ ကစားရပါလိမ့်မယ်။ ဘာစီလိုနာဟာ အဓိက တိုက်စစ်မှူးတွေ အစုံအလင်ပါဝင်ပြီး အမာခံကစားသမားတွေနဲ့ ပွဲထွက်လာမယ့် အခုပွဲမှာတော့ ပထမအကျော့ရလဒ်ကိုချေဖျက်ပြီး နောက်တစ်ဆင့်တက်နိုင်ရေး ကြိုးစားမှာသေချာပါတယ်။ ဒီပွဲဟာ ပြိုင်ဘက်က ဂျူဗင်တပ်စ်ဖြစ်တာမို့ ဘာစီလိုနာတို့ နောက်တစ်ဆင့်တက်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

**မိုနာကိုနှင့် ဒေါ့မွန်**

ပထမအကျော့အဝေးကွင်းမှာ မိုနာကိုတို့ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပေမယ့် အခုပွဲမှာ ဒေါ့မွန်ရဲ့ အားထည့်ကြိုးစားလာမှုကို ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မယ်။ မိုနာကိုတို့က အိမ်ကွင်းမှာ ခံစစ်ပိတ်ပြီး အနိုင်ရအောင် ကစားတတ်တဲ့ ဗျူဟာကို ခင်းကျင်းလာမလားကြည့်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြိုင်ဘက်က ခြေစွမ်းမြင့်မားတဲ့ အသင်းဖြစ်ရင် မိုနာကိုတို့က တိုက်စစ်ကို သတိပြုပြီး ဖွင့်ကစားတာမို့ ဒေါ့မွန်တို့အတွက်တော့ ဂိုးရရှိရေး ခက်ခဲပါလိမ့်မယ်။ မိုနာကိုရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတာမို့ ဂိုးပြတ်သွင်းနိုင်ရေး အားထုတ်လာမယ့် ဒေါ့မွန်တို့ အခွင့်အရေးတွေရသွားနိုင်ပါတယ်။ ဒီပွဲမှာ အိမ်ရှင်အသာစီးရသွားနိုင်ပေမယ့် ဒေါ့မွန်တို့ အခြေအနေကောင်းသွားနိုင်တဲ့ပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



# ပြင်သစ်လီဂူး-၁မှာ ဦးဆောင်နေတဲ့ မိုနာကို

ပြင်သစ်လီဂူး-၁ မှာတော့ အမှတ်ပေးဇယားထိပ်ဆုံးကို ဦးဆောင်နေတဲ့ မိုနာကိုအသင်းက ဂီဂျွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် ရမှတ်သုံးမှတ်အသာနဲ့ဦးဆောင်လာနိုင်တာတွေ့ရပါတယ်။ မိုနာကိုအသင်းဟာ ဖယ်ကာအိုရဲ့နောက်ကျဂိုးကြောင့် လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းအထက် သုံးမှတ်အသာနဲ့ ဦးဆောင်လာနိုင်ပါတယ်။ ဘာရွတ်က ဂီဂျွန်အသင်းအတွက်ဦးဆောင်ဂိုးသွင်းခဲ့ပေမယ့်ဒီရာက ပြန်လည်ချေပဂိုးသွင်းယူခဲ့ပါတယ်။ ပွဲချိန် မိနစ် ၆၀ မှာ လူစားဝင်လာတဲ့ ဖယ်ကာအိုက ၂၅ ကိုက်အကွာမှ အနိုင်ဂိုးကို သွင်းယူပေးသွားခဲ့ပါတယ်။ မိုနာကိုရဲ့ ပြိုင်ဘက်အသင်းတစ်သင်းဖြစ်တဲ့ နိုက်စ်အသင်းကတော့ နန့်စီကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့အတွက် ချန်ပီယံလိဂ်ဝင်ခွင့်နေရာ သေချာသလောက်ရှိလာပါတယ်။ ပွဲစဉ် ၃၂ အပြီးမှာတော့ မိုနာကိုက ၇၇ မှတ်နဲ့ ဇယားထိပ်ကို ဦးဆောင်နေပါတယ်။ သူ့နောက်မှ ပီအက်စ်ဂျီက ၇၄ မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။ နာမည်ကြီး လိုင်ယွန်ကတော့ ၅၄ မှတ်နဲ့ စတုတ္ထနေရာမှာ ရှိနေတဲ့အတွက် နိုက်စ်အသင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့်နေရာ သေချာသွားပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။





# ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ဖို့ မျှော်လင့်ချက် ပိုမိုအားကောင်းလာတဲ့ မန်စီးတီး

ပရီမီယာလိဂ်မှာတော့ မန်စီးတီးက ဆောက်သမ်တန်အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့အတွက် မန်စီးတီးရဲ့ဒီနှစ်ရာသီ ဇယားထိပ်နံပါတ် (၄) နေရာရဖို့ မျှော်လင့်ချက် ပိုမိုအားကောင်းလာပါတယ်။ ဂိုးတွေကိုတော့ ကွန်ပါနီ၊ ဆာနီနဲ့ အဂူရိုတို့က သွင်းယူပေးခဲ့တာပါ။ ဒီပွဲမှာ ဒဏ်ရာရ အသင်းခေါင်းဆောင် ကွန်ပါတီ ပြန်လည်ပါဝင်လာတဲ့အတွက် အသင်းကို အားဖြစ်စေခဲ့ပါတယ်။ သူဟာ လ ၂၀ အတွင်းမှာ ပထမဆုံးအကြိမ် ဂိုးသွင်းယူခဲ့တာလည်း ဖြစ်ပါတယ်။ ဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ပဉ္စမနေရာမှာရှိနေတဲ့ အဲဗာတန်အသင်းအထက် ခုနစ်မှတ်အသာစီးရရှိထားပါတယ်။ ပွဲစဉ် ၃၂ အပြီးမှာ မန်စီးတီးက ၆၄ မှတ်နဲ့ တတိယနေရာကို ရောက်ရှိလာပါတယ်။ သူ့နောက်မှာတော့ လီဗာပူးက ၆၃ မှတ်နဲ့ စတုတ္ထနေရာမှာရှိနေပါတယ်။ မန်စီးတီး၊ လီဗာပူး၊ အဲဗာတန်နဲ့ မန်ယူတို့ကတော့ ဒီနှစ်ပရီမီယာလိဂ်မှာ ထိပ်ဆုံးလေးသင်းစာရင်းဝင် အသင်းတွေ ဖြစ်လာနိုင်ဖွယ်ရှိပါတယ်။ သို့ပေမယ့် ဒီလေးသင်းထဲကတော့ ရမှတ်တွေ အနေအထားအရ နှစ်သင်းသာရဖို့ သေချာလိမ့်မယ်လို့ ယူဆမိပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## စီးရီးအေဖလားဆွတ်ခူးဖို့ နီးစပ်လာတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေတွင် ဂျူဗင်တပ်စ်က ပက်ကာရာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်ပြီးနောက် အမှတ်ပေးဇယားမှာ ရှစ်မှတ်အသာရထားတဲ့အတွက် ခြောက်ကြိမ်ဆက်တိုက် စီးရီးအေဖလားကို ဆွတ်ခူးနိုင်ဖို့ နီးကပ်သွားပြီဖြစ်ပါတယ်။ အနိုင်ဂိုးတွေကိုတော့ ဂွန်ဇာလို လီဂူအင်က တစ်ဦးတည်း သွင်းယူသွားခဲ့ပါတယ်။ သူဟာ ဒီနှစ် အီတလီစီးရီးအေမှာ ဂိုးအများဆုံး သွင်းထားသူ ဖြစ်ပါတယ်။ စုစုပေါင်း ၂၃ ဂိုး သွင်းယူပေးထားပါတယ်။ ဟီဂူအင်ဟာ ဘာစီလိုနာနဲ့ ကစားတဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့မှာလည်း နှစ်ဂိုးသွင်းယူပေးထားသူဖြစ်ပါတယ်။

စီးရီးအေ အမှတ်ပေးဇယား ဒုတိယနေရာမှာရှိတဲ့ ရိုးမားအသင်းကတော့ အတ္တလန္တာအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။ လာဇီယိုကတော့ ဂျီနိုအာနဲ့ တစ်ဖက် နှစ်ဂိုးစီသရေဖြစ်ခဲ့ပါတယ်။ တန်းဆင်းဇုန်အထက်ငါးမှတ်အသာရှိတဲ့ အမ်ပိုလီအသင်းကတော့ ဖီအိုရင်တီးနားကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ပွဲစဉ် ၃၂ အပြီး ဂျူဗင်တပ်စ်က ရမှတ် ၈၀၊ ရိုးမားက ဒုတိယနေရာမှ ၇၂ မှတ်နဲ့ နာပိုလီက ရမှတ် ၇၀ နဲ့ တတိယနေရာမှ လိုက်နေပါတယ်။

# နှစ်ဆန်းတစ်ရက်နေ့တိုင်းကျင်းပသည့် တွံတေး ရှမ်းလေးရွာမှ သဲပုံစေတီပွဲ



မြန်မာသက္ကရာဇ် ၁၃၇၈-၇၉-ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်သည် မြန်မာလူမျိုးတို့၏နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောကာလ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည်။ နှစ်စဉ် ထိုနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မေရုဒကုန်းတော်ထက်၌ တည်ထားကိုးကွယ်သော ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်ရင်ပြင်၌ ပူပြင်းသော နွေအရှိန်ကိုအန်တုကာ တွံတေးမြို့နယ် ရှမ်းလေးရွာ၏ သဲပုံစေတီ တည်ထားပူဇော်ပွဲကို ကျင်းပကြသည်။

ရှမ်းလေးရွာ(ရှမ်းရွာလေးရွာ) သဲပုံစေတီပွဲသည် ရှမ်းလူမျိုးများ သဒ္ဓါတရားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည့် ပွဲတော်ဖြစ်သည်။ နှစ်သစ်အခါသမယတွင် တွံတေးမြို့နယ်ရှိ ရှမ်းလေးရွာမှ ရှမ်းလူမျိုးများသည် မြူးကြွသည့် ရှမ်းအိုးစည်များကို တီးခတ်ရာ အိုးစည်သံများက ခြိမ့်ခြိမ့်ညံလျက်ရှိသည်။ ရှမ်းလေးရွာ သဲပုံစေတီပွဲသည် နှစ်စဉ် မပျက်မကွက်ကျင်းပမြဲ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ရွှေဆံတော်စေတီတော်ရင်ပြင်၌ နေ့ချင်းပြီး သဲပုံစေတီတည်ရန် ရှမ်းစုကြီး၊ ငါးခုမ်းမစမ်း၊ ညောင်တံခါး၊ မူးလမန်းစသော ရှမ်းလေးရွာမှ ခေါင်းလောင်းတော်၊ ထီးတော်တို့ကို လက်ယာရစ်လှည့်လည်၍ သုံးကြိမ်တိုင်တိုင် ပူဇော်ပသမှု ပြုကြသည်။

မြန်မာသက္ကရာဇ် ၉၂၆ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးက ရှမ်းလေးရွာကိုတည်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ သဲပုံစေတီတည်ရန် ကျေးရွာအလိုက် တာဝန်အသီးသီးယူကာ ဆောင်ရွက်ကြသည်။ ယခုနှစ်တွင် ရာဇမတ်ကို မူးလမန်းကျေးရွာကလည်းကောင်း၊ စေတီဖိနပ်တော်ခွေ ငါးခွေကို ငါးခုမ်းမစမ်းကျေးရွာကလည်းကောင်း၊ ခေါင်းလောင်းတော်နှင့် ငှက်ပျောဖူးကို ညောင်တံခါးကျေးရွာကလည်းကောင်း၊ ထီးတော်နှင့် စိန်ဖူးတော်ကို ရှမ်းစုကြီးကျေးရွာကလည်းကောင်း အသီးသီး တာဝန်ယူ ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် စေတီတော် အချိုးအစားကျစေရန် အတိုင်းအတာကို ညှိနှိုင်းဆောင်ရွက်ရသည်။

သဲပုံစေတီပွဲကျင်းပသည့်နေ့တွင် နံနက် ၅ နာရီကျော်အချိန်၌ ဝေပုလသိမ်တော်အနီးရှိ အောင်မြေရင်ပြင်တွင် သဲပုံစေတီတည်ရန် ရာဇမတ်ကို ပန္နက်ချပြီး ရစ်ထောင့်ဖြတ်ဆွဲ၍ ဗဟိုပန္နက်ချရသည်။ တစ်ဆက်တည်းမှာပင် ခွေငါးခွေကို ပန္နက်ငါးချက်ရိုက်ရသည်။ အခင်း ပထမခွေကို ကိုးပေငါးလက်မ၊ ပထမခွေကိုချပြီး ကုသိုလ်ရှင်များက သဲများဖြည့်ရသည်။ ထို့နောက် ဒုတိယခွေ ခုနစ်ပေ ငါးလက်မ၊ တတိယခွေ ခြောက်ပေခြောက်လက်မ၊ စတုတ္ထခွေ ငါးပေ၊ ပဥ္စမခွေ သုံးပေသုံးလက်မတို့ကို ချပြီး ကုသိုလ်ရှင်များက သဲများဖြည့်ကြရသည်။ ထို့နောက် ညောင်တံခါးကျေးရွာမှ ပြုလုပ်ထားသော ခေါင်းလောင်းပုံနှင့် ငှက်ပျောဖူးကို တင်လှူကြသည်။ ခေါင်းလောင်းအဝမှာ သုံးပေခြောက်လက်မ၊ ထီးတော်အမြင့်မှာ တစ်ပေရှစ်လက်မရှိကာ သဲပုံစေတီ၏ စုစုပေါင်း ဉာဏ်တော်အမြင့်ပေမှာ ၁၆ ပေ ၂ လက်မဖြစ်ကြောင်း သိရသည်။

သဲပုံစေတီတွင် ပန်းငါးမျိုးပါဝင်သည့် အတာအိုးများဖြင့် ပြည့်လျှံနေသည်။ လက်ရာမြောက်လှသော မူးလမန်းကျေးရွာ၏ ရာဇမတ်ကို စေတီ၏မဟာရံတံတိုင်းဖြင့် ကာရံထားသည်။ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် သာသနာ့အလံတို့သည်လည်း လေထဲ၌ လွင့်ပျံလျက်။ နံနက် ၉ နာရီခွဲခန့်တွင် ရှမ်းလေးရွာမှ သံဃာတော်အရှင်သူမြတ် ၁၃ ပါးတို့က စေတီတော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပေးကြသည်။

နှစ်သစ်ကူးအခါသမယ၌ သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းဖြင့် ရန်အပေါင်းဘေးခပ်သိမ်းတို့မှ ကင်းဝေးစေကြောင်း ရှမ်းတိုင်းရင်းသားတို့ ယုံကြည်ကြသည်ဟု ဒေသနေ ရှမ်းလူမျိုးအဘိုးတစ်ဦးကဆိုသည်။ ၁၃၇၈-၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက် တနင်္လာနေ့သည် မြန်မာတို့၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပြီး ထိုနေ့တွင် ရှမ်းတိုင်းရင်းသားတို့၏ သဲပုံစေတီပွဲတော်သည်လည်း ကျင်းပလာခဲ့သည်မှာ ၄၅၂ ကြိမ်အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

သဲပုံစေတီတည်အပြီးတွင် ရှမ်းလေးရွာမှ တိုင်းရင်းသားများသည် မြို့တွင်းနှင့် ကျေးရွာများအတွင်း ရှမ်းအိုးစည်သံများညံလျက် ရှမ်းရိုးရာဓလေ့အရ မီးရှူးခံထွက်ကြသည်။ တစ်နည်းအားဖြင့် သက်ကြီးရွယ်အို ရှမ်းဘိုးဘွားတို့အား ဆီမီးအမွှေးနံ့သာတို့ဖြင့် ကန်တော့ကြခြင်းဖြစ်သည်။ တွံတေးမြို့နယ် ရှမ်းလေးရွာ သဲပုံစေတီပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို အစဉ်အဆက် ထိန်းသိမ်းကာ ကျင်းပနေသော ပွဲတော်တစ်ခုလည်း ဖြစ်ပေသည်။ ။

**သတင်းဆောင်းပါး-မျိုးလှိုင်(တွံတေး)**

# မိတ္ထီလာတွင် မဏ္ဍပ်အများစု ဆောက်လုပ်ခြင်းမရှိ၍ ရေကစားသူလျော့နည်း



**မိတ္ထီလာ မေ ၁၇**

မိတ္ထီလာမြို့တွင် ယခုနှစ် မြန်မာ့ရိုးရာ မဟာ သင်္ကြန်ကာလအတွင်း ဗဟိုရေကစားမဏ္ဍပ် အပါအဝင် ရေကစားမဏ္ဍပ်အများစု ဆောက်လုပ်ခြင်းမရှိ၍ ယခင်နှစ်များထက် သင်္ကြန်ရေကစားသူ သိသိသာသာလျော့နည်းခဲ့ကြောင်း သိရသည်။

"မိတ္ထီလာမှာ ဗဟိုရေကစားမဏ္ဍပ် မရှိတာ မနှစ်က မဟာသင်္ကြန်ကာလက တည်းက ဆိုပေမယ့် မနှစ်က ရပ်ကွက်အများစုမှာ ရေကစားမဏ္ဍပ်တွေ ရှိခဲ့တယ်။ ဒီနှစ်က ဗဟိုရေကစားမဏ္ဍပ် မရှိတဲ့အပြင် မြို့ပေါ်ရပ်ကွက်အများစုမှာ ရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်းမရှိလို့ ပုံမှန်နှစ်များထက် သင်္ကြန်ရေကစားသူ သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။ ဗဟိုရေကစားမဏ္ဍပ် မရှိတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုအပညာ အမွေအနှစ်ဖြစ်တဲ့ သင်္ကြန်ယိမ်းအကတွေကို မြင်တွေ့ခံစားကြည့်ရှုခွင့် မရှိတော့ဘူးပေါ့။ မိတ္ထီလာခရိုင်အတွင်းမှာ ပါဝင်တဲ့ မလှိုင်လို နယ်မြို့လေးမှာတောင် ဗဟိုရေကစားမဏ္ဍပ်နဲ့ သင်္ကြန်ယိမ်းအကတွေနဲ့ စည်စည်ကားကားဖြစ်ပြီး ခရိုင်အဆင့်မြို့ဖြစ်တဲ့ မိတ္ထီလာမှာ ဗဟိုရေကစားမဏ္ဍပ်မရှိဘဲ သင်္ကြန်ကာလမှာ ရေကစားမဏ္ဍပ်တွေ လျော့နည်းသွားလို့ ရေကစားသူတွေလည်း တစ်နှစ်ထက် တစ်နှစ် လျော့နည်းသွားတာ မဖြစ်သင့်ပါဘူး"ဟု မိတ္ထီလာဒေသခံလူငယ်တစ်ဦးက ပြောသည်။

မိတ္ထီလာတစ်မြို့နယ်လုံး အနေဖြင့် ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြည်သာယာ(၂)လမ်းအနီးတွင် Ye7 ရေကစားမဏ္ဍပ်၊ ဝမ်းတော်ပြည့်အနီးတွင် မိုးဆန်းပန်းရေကစားမဏ္ဍပ်၊ ခရိုင်ပြည်သူ့ဆေးရုံအနီးတွင် ဟိတ်ဏ်းရေကစားမဏ္ဍပ်နှင့် ဝန်ဇင်းရပ်ကွက်တွင် ရွှေမိုးရေကစားမဏ္ဍပ် လေးခုသာ ရေကစားမဏ္ဍပ်အဖြစ် ပီပီပြင်ပြင်ရှိခဲ့သည်။

ဗဟိုရေကစားမဏ္ဍပ် အပါအဝင် ခါတိုင်းနှစ်များတွင် ရေကစားသူများ၊ သင်္ကြန်လည်ပတ်သူများဖြင့် အစည်ကားဆုံးဖြစ်ခဲ့သည့် ရန်ကုန်-မန္တလေး ကားလမ်းဘေးတစ်လျှောက်ရှိ ကျီတော်ကုန်း၊ ရတနာမာရ်အောင်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ကန်သာယာနယ်မြေ၊ ပွဲစားတန်းရပ်၊ မြို့မ(ဖောင်တော်ဦးဘုရားအနီး) နေရာများရှိ ရေကစားမဏ္ဍပ်အများစုမှာ ယခုနှစ်တွင် ဆောက်လုပ်ခြင်းမရှိ၍ သင်္ကြန်ရေကစားသူများ သိသိသာသာ လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မေတ္တာမော်ဟန် ပရဟိတနာရေးကူညီမှုအသင်း ရုံးသစ်ဖွင့်ပွဲ မိုးညှင်းမြို့နယ်၌ကျင်းပ

**မိုးညှင်း မေ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာရှိ မေတ္တာမော်ဟန် ပရဟိတ(နာရေး) ကူညီမှုအသင်း၏ ရုံးသစ်ဖွင့်ပွဲကို ဗုဒ္ဓမဏ္ဍိုင်တောင်ခြေ ကဇာတ်ရုံအနီးရှိ အဆိုပါရုံးသစ်၌ မေ ၁၃ ရက်က ကျင်းပခဲ့သည်။

မေတ္တာမော်ဟန် ပရဟိတ(နာရေး)ကူညီမှုအသင်း၏ ရည်ရွယ်ချက်မှာ သေဆုံးပြီးသော နာရေးလူနာများအတွက် လိုအပ်သည့် အကူအညီများ ပေးနိုင်ရန်နှင့် သာမာန်လူနာများထက် ထူးခြားသူများ အထူးကျန်းမာရေးအတွက် ကူညီရန်လိုအပ်သူများအား အဓိကထား ကူညီပေးနိုင်ရန်ရည်ရွယ်ကြောင်း၊ အသင်းအတွက် အသုံးပြုနိုင်ရန် မော်တော်ယာဉ်တစ်စီးထားရှိပြီး အသင်း ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ရန်ပုံငွေရရှိရေးနှင့် မော်တော်ယာဉ်များ ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ (ဝ၆၇)

## သင်္ကြန်ကာလအတွင်း ကုသိုလ်ကောင်းမှုပြုသူများပြား

**တပ်ကုန်း မေ ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများအနေဖြင့် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် အချိန်ကာလဖြစ်သော မဟာသင်္ကြန်ရက်များအတွင်း တရားစခန်းဝင်ခြင်း၊ စတုဒိသာများ ကုသိုလ်ပြုလှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုပြုသူများ များပြားလျက်ရှိကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဒုလ္လဘဝတ်သူများ၊ သာသနာ့အန္တယ်ဝင် သီလရှင်ဝတ်သူများလည်းရှိကာ တရားစခန်းများတွင်လည်း ၁၀ ရက် တရားစခန်းများဖြင့် တရားအားထုတ်ခြင်း၊ ဆရာတော်များထံမှ တရားဒေသနာတော်များ နာယူ၍ ဥပုသ်သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသူများဖြင့် သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်း ၁ ရက်အထိ စည်ကားလျက်ရှိကြောင်း သိရသည်။ **တင်စိုးလွင်**

# ပဲခူးသင်္ကြန်တွင် နိုင်ငံခြားသားဧည့်သည်များပါ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ပဲခူး မေ ၁၇**

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်အတွင်း ပဲခူးမြို့ လိပ်ပြာကန်အနီး လမ်း(၃၀)ထောင့်ရှိ ဗဟိုရေကစားမဏ္ဍပ်၌ ဒေသခံပြည်သူများအပြင် ပဲခူးမြို့သို့ လာရောက်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသားဧည့်သည်များက မမကိုယ်တိုင်က သီချင်းဖြင့် ပါဝင်ကပြဖျော်ဖြေခြင်း၊ မြန်မာ့သင်္ကြန်တေးသွားများနှင့်အတူ ပျော်ရွှင်စွာရေကစားခြင်းနှင့် ရေကစားလာသူများအား ရေပက်စင်မြင့်ထက်မှ ပျော်ရွှင်စွာရေပက်ကစားခြင်းများဖြင့် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

ပဲခူးမြို့ ဗဟိုမဏ္ဍပ်ကို ခရိုင်အဆင့်မဏ္ဍပ်အဖြစ် တည်ဆောက်ခဲ့ပြီး မဏ္ဍပ်တွင် ပဲခူးခရိုင်အတွင်းရှိ ဝေါမြို့နယ်ယိမ်းအဖွဲ့၊ အင်းတကော်မြို့ ခေတ်သစ်ပျိုမေယိမ်းအဖွဲ့၊ ပဲခူးမြို့ပေါ် ဥဿာမေယိမ်းအဖွဲ့၊ ပိတောက်တစ်ခိုင်ယိမ်းအဖွဲ့၊ သနပ်ပင်မြို့နယ်မှ ယိမ်းနှစ်ဖွဲ့၊ ဘုရားကြီးမြို့ နွေဦးရွှေရည်ယိမ်းအဖွဲ့၊ ကဝမြို့နယ် ယိမ်းအဖွဲ့၊ ပညာရေးဌာနယိမ်းအဖွဲ့၊ ညောင်လေးပင်မြို့နယ် သင်္ကြန်ပျိုမေယိမ်းအဖွဲ့နှင့် ဒိုက်ဦးမြို့နယ်ယိမ်းအဖွဲ့ စုစုပေါင်းယိမ်းအဖွဲ့ ၁၁ ဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများ၊ စိန်မျှားတေးဂီတဝိုင်းဖြင့် ဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်များဖြင့် ယခင်နှစ်များနည်းတူ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး

**ဆောင်းပါး - ဒေါက်တာခိုင်ခိုင်ဝင်း**

ယနေ့ခေတ်တွင် တိုင်းပြည်ဖွံ့ဖြိုးရေးကို ကြိုးပမ်းကြရာ၌ ဓနအင်အားတိုးတက်ရေးသာမက လူ့အခွင့်အရေးနှင့် လူသားဖွံ့ဖြိုးမှုကို ဦးတည်ကြိုးပမ်းလာနေကြသည်။ လူတို့သည် လူ့အခွင့်အရေး အသိပညာများလည်း မြင့်မားလာနေကြပြီး နိုင်ငံတကာက လူ့အခွင့်အရေးကို အလေးထားလာသည့်ကာလလည်း ဖြစ်သည်။ လူမှုအသိုင်းအဝန်းအတွင်း၊ မိသားစုအတွင်း၊ လုပ်ငန်းနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးလုပ်ငန်းနယ်ပယ်၊ နိုင်ငံတကာဆက်ဆံရေး စသည့် နယ်ပယ်အသီးသီးတွင် လူသားအချင်းချင်း ဆက်ဆံပြောဆိုရာ၌ လူ့အခွင့်အရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်လာနေပါသည်။ ၂၁ ရာစုနှစ်အတွင်း ခေတ်အစားဆုံး စကားလုံးများထဲတွင် လူ့အခွင့်အရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နေရာတကာတွင်ကျယ်လာနေသော စကားလုံးလည်းဖြစ်ပြီး ပြဿနာတစ်ရပ်ကို ဆွေးနွေးရာတွင် နောက်ဆုံး၌ လူ့အခွင့်အရေးပြဿနာအဖြစ် သတ်မှတ်လာကြသည်။

လူ့အခွင့်အရေးသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် 'လူ့အခွင့်အရေး'ဟူသော စကားလုံးကို စတင်ထည့်သွင်း အသုံးပြုခဲ့သည်မှာ ၁၉၄၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ထွက်ပေါ်လာခဲ့သည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း(Charter of the United Nations)ဖြစ်ကြောင်း တွေ့ရသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အပိုဒ်(၁)တွင် "လူမျိုး၊ ကျား၊ မ၊ ဘာသာစကားနှင့် ကိုးကွယ်သည့်ဘာသာ မခွဲခြားဘဲ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား လေးစားရေးကိုမြှင့်တင်အားပေးရန်"ဟူ၍လည်းကောင်း၊ အပိုဒ်(၅၅)တွင် "လူအားလုံး၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အားလုံးက လေးစားရန်နှင့် စောင့်ထိန်းရန်"ဟူ၍လည်းကောင်း၊ အပိုဒ်(၅၆)တွင် "လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ရေးကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်များအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြောင်း" ဟူ၍လည်းကောင်း လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားချက်များကို လေ့လာသိရှိရသည်။

လူ့အခွင့်အရေးဟု သုံးနှုန်းထားသော်လည်း လူ့အခွင့်အရေးသည် မည်သည်တို့ကိုခေါ်သည်၊ လူ့အခွင့်အရေး စံနှုန်းများသည် မည်သည့်စံနှုန်းများဖြစ်သည်ဟု ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်း မရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများက လူ့အခွင့်အရေးနှင့် စံချိန်စံနှုန်းတို့ကို အဖြေရှာသုံးသပ်ခဲ့ကြသည်။ သို့အတွက် ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အပိုဒ်(၆၈)အရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီအောက်ရှိ လူ့အခွင့်အရေးကော်မရှင်အား ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင်ပါဝင်သည့် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုသော အဓိပ္ပါယ်များကို ဖွင့်ဆိုရှင်းလင်းပြသနိုင်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ရေးဆွဲရန် တာဝန်ပေးအပ်ခဲ့ကြသည်။

သို့အတွက် လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဖြစ်သူ အမေရိကန်သမ္မတကတော် အယ်လီနာရုစဗဲ့ (Mrs. Eleanor Roosevelt) က ဦးဆောင်၍ ကြေညာစာတမ်းမူကြမ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲပြုစုခဲ့သည်။ ရေးဆွဲပြုစုရာတွင် နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာခြင်း၊ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် ဆွေးနွေး တိုင်ပင်ခြင်း၊ မူကြမ်းတွင်ပါရှိသည့် စကားလုံးတိုင်း၊ အပိုဒ်တိုင်းနှင့်ပတ်သက်၍ ပြင်ဆင်ခြင်းတို့ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။

ထိုသို့ ပြုလုပ်အပြီး စတင်ရေးဆွဲသည်မှ အချိန် နှစ်နှစ်ခွဲခန့်အကြာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် လူ့အခွင့်အရေးနှင့်ပတ်သက်လာလျှင် စံထားရမည့် ကြေညာစာတမ်းအဖြစ်လည်းကောင်း၊ နိုင်ငံတကာ စာချုပ်များနှင့် နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများက ကိုးကားရေးဆွဲရသည့် ကြေညာစာတမ်းအဖြစ်လည်းကောင်း ကမ္ဘာက အသိအမှတ်ပြုလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း(Universal Declaration of Human Rights)သည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အတည်ပြုပြဋ္ဌာန်းချက်ဖြင့် ထွက်ပေါ်လာခဲ့သည်။

လူ့အခွင့်အရေးဟူသော စကားရပ်သည် အလွန်ကျယ်ပြန့်ပြီး နက်နဲလွန်းသည့်အတွက် ယနေ့အချိန်အထိ ကမ္ဘာက တစ်ညီတစ်ညွတ်တည်း လက်ခံထားသည့် လူ့အခွင့်အရေး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးကြောင်း လေ့လာသိရှိရသည်။ လူ့အခွင့်အရေးအားလုံးသည် ညီတူညီမျှ အရေးကြီးသလို လူ့အခွင့်အရေးကို ညီတူညီမျှ ခံစားရရှိမှုသည်လည်း အရေးကြီးပါသည်။ အကြောင်းမှာ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေး တန်းတူရှိကြသောကြောင့်ဖြစ်သည်။

သို့သော်လည်း လူသားတို့သည် မိမိတို့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်နှင့် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ကို သတိပြုရမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းပိုင်းတွင် "အာဏာသုံး၍ တရားလက်လွတ် အုပ်ချုပ်မှုတို့ကို လူက နောက်ဆုံးနည်းလမ်းအနေဖြင့် ဆန့်ကျင်ပုန်ကန်သည့် အခြေအနေသို့ မရောက်ရှိစေရေးအတွက် လူ့အခွင့်အရေးကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ်မနေ လိုအပ်သောကြောင့်"ဟု ဖော်ပြထားပြီး လူ့အခွင့်အရေးကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း မီးမောင်းထိုးပြထားသည်ကို လေ့လာသိရှိရသည်။

လူ့အခွင့်အရေးသည် လူသားတိုင်းအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိနေသလို တရားဥပဒေစိုးမိုးရေးသည်လည်း နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီး အဓိကကျသည့် အခန်းကဏ္ဍ၌ တည်ရှိနေသည်။ တရားဥပဒေစိုးမိုးရေးကို အခြေခံအားဖြင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုရမည်ဆိုလျှင် အစိုးရနှင့် ပြည်သူများသည် ဥပဒေကို သိရှိနားလည်ထားပြီး လိုက်နာကျင့်သုံးခြင်းသည် ဥပဒေစိုးမိုးရေးဖြစ်သည်။ ပြည်သူအများ လိုက်နာကျင့်သုံးရမည့်ဥပဒေများ ဖြစ်သည့်အတွက် ဥပဒေများသည် တရားမျှတမှုရှိရမည်ဖြစ်သည်။ တရားမျှတသည့် ဥပဒေများရှိမှသာ နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်သည်။ လူ့အခွင့်အရေးကို အပြည့်အဝ ခံစားနိုင်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းပပျောက်စေရန်အတွက် လူတိုင်း လူ့အခွင့်အရေးဆိုင်ရာ



အသိပညာများရှိရန် လိုအပ်သလို တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်လည်း လိုအပ်ပါသည်။ ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းလာရေးအတွက် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် လိုအပ်သောအရာဖြစ်သလို ဒီမိုကရေစီနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးအတွက်လည်း တရားဥပဒေစိုးမိုးရေးသည် အရေးပါသောအရာဖြစ်သည်။

တရားဥပဒေစိုးမိုးရေးအတွက် လူတိုင်းသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်သလို တရားစီရင်မှုစနစ်သည်လည်း ဘက်လိုက်မှုကင်း၍ လွတ်လပ်ပြီးမျှတသော တရားစီရင်မှု၊ အဂတိကင်းစင်သော တရားစီရင်မှုဖြစ်ရန် အရေးကြီးပါသည်။ သို့မှသာ ပြည်သူများသည် တရားစီရင်မှုအပေါ် ယုံကြည်မှုကို ရရှိလာမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုလည်း ရရှိလာမှာဖြစ်သည်။ တရားဥပဒေစိုးမိုးမှု ရှိနေခြင်းသည် ကောင်းမွန်သောအုပ်ချုပ်ရေးဆီသို့လည်း ဦးတည်နေပါသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးရှိသည့် နိုင်ငံတစ်ခုတွင် လူ့အခွင့်အရေးသည် ရှင်သန်နေမည်ဖြစ်သလို လူ့အခွင့်အရေးများလည်း အပြည့်အဝ ခံစားရရှိနိုင်မည်ဖြစ်သည်။

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေးသည် ဒီမိုကရေစီအဖွဲ့အစည်း၊ အစိုးရက ပြည်သူများအပေါ် ဖြည့်ဆည်းပေးရမည့် လူ့အခွင့်အရေး စောင့်ရှောက်ကာကွယ်ရန်တာဝန်များတွင် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မှု၊ တရားဥပဒေစိုးမိုးရေး၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး စသည့် နယ်ပယ်လေးခုနှင့် ဆက်စပ်မှုရှိနေပါသည်။

လူတိုင်း လူ့အခွင့်အရေးများ ခံစားရရှိရန်အတွက် လူတိုင်း ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း(Free from fear) ရှိရမည်ဖြစ်သည်။ လူတစ်ဦးချင်း တစ်ဦးချင်းသည် ကြောက်ရွံ့ခြင်းမှ ကင်းဝေးပြီး လုံခြုံမှုရှိရန် လိုအပ်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က "ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနှင့် လုံခြုံမှု မရရှိနိုင်ပါ၊ လုံခြုံမှုမရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ပါ၊ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု မရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်မှုရော လုံခြုံမှုရော မရရှိ၊ မခံစားနိုင်ပါ"ဟု ဆိုထားခဲ့သည်။

လုံခြုံမှုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည်။ လုံခြုံမှုရှိခြင်း မရှိခြင်းသည် တရားဥပဒေစိုးမိုးမှုအပေါ် တည်မှီနေပါသည်။ တရားဥပဒေ စိုးမိုးမှုမရှိသော အရပ်ဒေသတွင် မည်သို့မျှ လုံခြုံမှုမရှိပါ။ လုံခြုံမှုမရှိသော အရပ်ဒေသတွင် လူ့အခွင့်အရေး အပြည့်အဝ ရရှိနိုင်မည်မဟုတ်ပါ။ လူ့အခွင့်အရေး အပြည့်အဝရရှိခြင်း မရှိပါက ဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

စစ်မက်ဖြစ်ပွားနေသောနယ်မြေ၊ ပဋိပက္ခဖြစ်ပွားရာ နေရာတို့တွင် တရားဥပဒေစိုးမိုးမှု မည်သို့မျှ ရှိနိုင်မည်မဟုတ်ပါ။ ထို့အတူ အခြေခံ လူ့အခွင့်အရေးများဖြစ်သည့် ဥပမာ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံမှု ရပိုင်ခွင့်၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် စသည့် အခွင့်အရေးများ ရရှိခံစားနိုင်ဖို့ ခက်ခဲမည်ဖြစ်သည်။ ဆိုလိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိသော နေရာတွင်သာ တရားဥပဒေစိုးမိုးနိုင်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုရှိသော နေရာတွင်သာ လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေး၏ အခြေခံ အနှစ်သာရများထဲတွင် တန်းတူညီမျှမှု(equality) နှင့် ခွဲခြားမှုမရှိခြင်း(non-discrimination)တို့ ပါဝင်သည်။ တန်းတူညီမျှမှုများထဲတွင် ဥပဒေအရာမှာညီမျှခြင်း(Equality before the law)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၇)တွင် "လူအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့် ခွဲခြားဆက်ဆံမှုမှမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်"ဟု ဖော်ပြထားသလို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊ ပုဒ်မ(၃၄၇)တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ လူအားလုံးတို့သည် ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိမှသာ ဥပဒေအပေါ်တွင် ယုံကြည်သက်ဝင်လာမည်ဖြစ်ပြီး ဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာမည်ဖြစ်သည်။ လူအားလုံးအား ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီမျှဆက်ဆံခြင်းကို ဖော်ညွှန်းလိုက်သည့် လူ့အခွင့်အရေး ပြည့်ဝစွာရရှိမှုလည်း ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရမည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံမှုရှိရန်၊ ကောင်းမွန်သောအုပ်ချုပ်ရေးရှိရန်၊ ဥပဒေအရာမှာ ညီမျှရန်နှင့် လူတိုင်း တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်တို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုရှိနေသော အရေးပါသည့်အချက်များ ဖြစ်သည်။ အဆိုပါ ချိတ်ဆက်မှုရှိနေသည့် အချက်များထဲမှ တစ်ခုခု ချို့ယွင်းအားနည်းမှုရှိပါက တရားဥပဒေစိုးမိုးရေးတွင် အားနည်းမှုများ ရှိနေမည်ဖြစ်သလို လူ့အခွင့်အရေးများကိုလည်း အပြည့်အဝ ခံစားနိုင်မည်မဟုတ်ပါ။ သို့သော်လည်း အဆိုပါအချက်များ အပြည့်အဝ ပြည့်စုံလာနိုင်မှုမှာ နိုင်ငံတစ်နိုင်ငံ၏ ဓနအင်အား၊ လူသားအရင်းအမြစ်၊ နိုင်ငံရေးအခြေအနေ စသည့် အချက်များပေါ်တွင်လည်း များစွာတည်မှီနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**လူတစ်ဦးချင်း တစ်ဦးချင်းသည် ကြောက်ရွံ့ခြင်းမှ ကင်းဝေးပြီး လုံခြုံမှုရှိရန် လိုအပ်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က "ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနှင့် လုံခြုံမှု မရရှိနိုင်ပါ၊ လုံခြုံမှုမရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ပါ၊ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုမရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်မှုရော လုံခြုံမှုရော မရရှိ၊ မခံစားနိုင်ပါ"ဟု ဆိုထားခဲ့သည်။ လုံခြုံမှုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည်။ လုံခြုံမှုရှိခြင်း မရှိခြင်းသည် တရားဥပဒေစိုးမိုးမှုအပေါ် တည်မှီနေပါသည်။ တရားဥပဒေစိုးမိုးမှုမရှိသော အရပ်ဒေသတွင် မည်သို့မျှ လုံခြုံမှုမရှိပါ။ လုံခြုံမှုမရှိသော အရပ်ဒေသတွင် လူ့အခွင့်အရေး အပြည့်အဝ ရရှိနိုင်မည်မဟုတ်ပါ။**

# လေပြင်းတိုက်ခတ်၍ အဆောက်အအုံပျက်စီးမှုများစွာဖြစ်ပွား

**တောင်ငူ ဧပြီ ၁၇**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်များတွင် ဧပြီ ၁၄ ရက်က လေပြင်းများတိုက်ခတ်ခဲ့၍ လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

ဧပြီ ၁၄ ရက် ညနေပိုင်းက ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် တောင်ငူမြို့အနောက်ဘက် ငါးမိုင်ခန့်အကွာရှိ ဆင်ဆိပ်ကျေးရွာအုပ်စု၊ ညောင်ကိုင်း ကျေးရွာမှ ပညာရေးကောလိပ်ကျောင်းဆောင် အမိုးများလန်ကျကာ ပျက်စီးခဲ့ကြောင်း သတင်းအရ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြည့်ရှုရာ ပညာရေးကောလိပ် အာစီနှစ်ထပ်ဆောင်နှစ်ဆောင်တွင် သွပ်မိုးများလန်၍ မျက်နှာကြက်များကွာကျကာ မြတ်ပညာအစည်းအဝေးခန်းမဆောင်မှာလည်း သွပ်မိုးများ လန်ကျပျက်စီးခဲ့သည်။ ထို့အတူ အာစီနှစ်ထပ် အိပ်ဆောင်တစ်ဆောင်၊ အာစီနှစ်ထပ် လေ့ကျင့်ရေးဆောင်တစ်ဆောင်နှင့် ဆရာ ဆရာမများနေထိုင်သော အာစီတစ်ထပ် အဆောက်နှစ်ဆောင်တို့မှာလည်း သွပ်မိုးများလန်ကာ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၂၅၀ ခန့် ဆုံးရှုံးပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းနေ့ ည ၁၁ နာရီအချိန်ခန့်တွင်လည်း အုတ်တွင်းမြို့နယ်၌ လေပြင်းများ တိုက်ခတ်ခဲ့၍ ကြက်တက်ညောင်ပင်ကျေးရွာ၌ လူနေအိမ် ၁၅ လုံး၊ သာယာကုန်းကျေးရွာ(ချင်းရွာ)တွင် လူနေအိမ်လေးလုံး၊ ပိတောက်ခင်းကျေးရွာတွင် လူနေအိမ် ၄၇ လုံး၊ ဆည်မြောင်းရှင်းလင်းဆောင် အဆောက်အအုံတစ်လုံး၊ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာမူလတန်းကျောင်း အဆောက်အအုံတို့ အမိုးများလန်ကျ ပျက်စီးခဲ့သည်။

ထို့အတူ ရွှေလောင်းကျေးရွာအုပ်စု အနောက်ဘိုကုန်းကျေးရွာရှိ အထက်တန်းကျောင်းဆောင်မှာလည်း အမိုးများလန်ကျ ပျက်စီးခဲ့ကာ အရှေ့ဘိုကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးများလန်ကာ ပျက်စီးသွားခဲ့ကြောင်း၊ ပျက်စီးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**





## သိန်းကျင်း ရွှေတန်ဆာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ဆော ဧပြီ ၁၇**
ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်မြို့ဒေသ သိန်းကျင်းကျေးရွာရှိ ရွှေတန်ဆာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို မဟာသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အတွင်း ဗုဒ္ဓဆင်းတုတော်များ လှည့်လည်ပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကျင်းပခြင်း၊ သံဃဒါန ဆွမ်းလောင်းလှူပွဲကျင်းပခြင်း စသည့် အစီအစဉ်များအပြင် ဇာတ်ပွဲ၊ ပျော်ရွှင်ပွဲ စသည့်ဖျော်ဖြေရေးအစီအစဉ်များပါ ထည့်သွင်းလျက် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ပွဲတော်၏ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို ဧပြီ ၁၅ ရက် နံနက် ၅ နာရီက ကျင်းပခဲ့ပြီး သံဃဒါနဆွမ်းလောင်းလှူပွဲကို နံနက် ၈ နာရီတွင် ကျင်းပခဲ့ကာ သံဃာတော်အပါး ၃၀၀ ကျော်အား ဒေသခံပြည်သူ တစ်သောင်းကျော်က ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သိန်းကျင်းရွာ ရွှေတန်ဆာစေတီတော်သည် သီရိဓမ္မာသောကမင်း၏ ကောင်းမှုတော်ဖြစ်ခဲ့ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို လောင်းရှည်မြို့အုပ် ဦးယင်းမာက ဦးဆောင်လျက် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် သင်္ကြန်ကာလက စတင်ကျင်းပခဲ့သည်ကို အကြောင်းပြု၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
(၁၀၁)

# ဘားအံမြို့တွင် သင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားသူများ၊ ဒါနပြုသူများနှင့် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကား

**ဘားအံ ဧပြီ ၁၇**
ကရင်ပြည်နယ် ဘားအံမြို့တွင် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရေပက်ရေကစားကြသူများ၊ စတုဒိသာ အကျွေးအမွေးများဖြင့် ဒါနကုသိုလ်ပြုသူများနှင့် ကျောင်းကန်ဘုရား တရားဓမ္မရိပ်သာများသို့ သွားရောက်၍ ဥပုသ်သီလ ခံယူဆောက်တည်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ဘားအံမြို့ပေါ်တွင် ရေကစားမဏ္ဍပ်ကြီး ၁၄ ခု ဖွင့်လှစ်ခဲ့ပြီး ကမ်းနားလမ်းတစ်လျှောက်နှင့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း အိမ်ရှေ့ရေကစားမဏ္ဍပ်ငယ်များတွင် ရေပက်ကစားကြသူများ၊ မော်တော်ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ် စသည့်ယာဉ်များဖြင့် ရေပက်ခံထွက်သူများဖြင့် စည်ကားခဲ့သလို ဘားအံမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုရင်ညီဂူ၊ ကော့ဂွန်းဂူ၊ ကျောက်ကလပ်၊ ရေတံခွန်၊ ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဂူ၊ ချစ်သူ့မြိုင် ဉယျာဉ် စသည့် အထင်ကရနေရာများတွင်လည်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး ဧည့်သည်များ၊ ဘားအံမြို့ပေါ်မှ အလည်အပတ် ရေကစားထွက်သူများ၊ ဒေသခံ တိုင်းရင်းသားများက မဟာသင်္ကြန်ပွဲတော်ရက်အတွင်း ပျော်ရွှင်စည်ကားစွာ ဆင်နွှဲခဲ့ကြသည်။



ပူပြင်းသည့် နေရောင်အောက်တွင် ရေကစားကြသူများအား မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သင်္ကြန်ထမင်း၊ ထမင်းနှင့်ဟင်း အစရှိသည့် အကျွေးအမွေးမျိုးစုံဖြင့် ဒါနကုသိုလ်ပြုကြသည့် စတုဒိသာ မဏ္ဍပ်များကိုလည်း ဘားအံမြို့ပေါ် နေရာတော်တော်များများတွင် တွေ့ရှိရကာ ထိုနေရာများတွင်လည်း ရေပက်ခံထွက်သူများ၊ ရပ်ကွက်နေပြည်သူများဖြင့် စည်းကားခဲ့သည်ကို တွေ့ရသည်။

ထို့အတူ ဘားအံမြို့ရှိ ကျောင်းကန်ဘုရားများတွင်လည်း ဥပုသ်သီလ ခံယူဆောက်တည်ကြသူများဖြင့် စည်ကားခဲ့သလို တရားဓမ္မရိပ်သာများတွင်လည်း သင်္ကြန်တွင်း တရားစခန်းဝင်ရောက်ကြသူများနှင့် ထိုတရားစခန်းဝင်ရောက်ကြသည့် ယောဂီများအား ဝေယျာဝစ္စ ကုသိုလ်ယူဆောင်ရွက်ပေးကြသူများဖြင့် ဘာသာသာသနာဆိုင်ရာ နေရာဒေသများဖြစ်သည့် ကျောင်းကန်ဘုရား ရိပ်သာများတွင်လည်း သင်္ကြန်ရက်များအတွင်း စည်ကားခဲ့ကြောင်း သိရသည်။
**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ဘားအံမြို့ညဈေးတန်း၌ ဓားခုတ်မှုဖြစ်ပွား

ကရင်ပြည်နယ် ဘားအံမြို့ ညဈေးတန်း၌ ငါးရောင်းသည့် ဇနီးမောင်နှံနှစ်ဦးအား အခြားဈေးသားတစ်ဦးက စကားများရန်ဖြစ်ရာမှ ဓားဖြင့်ခုတ်မှု ဧပြီ ၁၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဘားအံမြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးချက်အရ အဆိုပါညဈေးတန်းတွင် ငါးရောင်းသူ ကိုအောင်သန်းနှင့်ဇနီး မဝေဝေနှင်းတို့အား တစ်ဈေးတည်းတွင် ဈေးရောင်းသူတစ်ဦးဖြစ်သည့် သားကြီး(ခ)ခင်ဇော်ဦးက ဓားငှားရမ်းအသုံးပြုပြီး ပြန်မပေးသည့်ကိစ္စဖြင့် စကားများရာမှ ဓားဖြင့်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဓားခုတ်မှုကြောင့် ကိုအောင်သန်းတွင် (စိုးရိမ်ရ)ဒဏ်ရာသုံးချက်ရရှိပြီး မဝေဝေနှင်းမှာ (မစိုးရိမ်ရ)ဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ဓားခုတ်မှု ကျူးလွန်သူ သားကြီး(ခ)ခင်ဇော်ဦးအား အမှတ်(၄)ရပ်ကွက် ခေတ္တာလမ်းရှိ နေအိမ်တစ်အိမ်၌ ပုန်းအောင်းနေစဉ် ရှာဖွေဖမ်းဆီးနိုင်ခဲ့ကာ ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### လမ်းဘေးကျောက်တိုင်ကို ဝင်တိုက်၍ဆိုင်ကယ်မောင်းသူ ဒဏ်ရာရ

မဟာသင်္ကြန်အကြတ်နေ့ ညနေပိုင်းက ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ် အလယ်ကျွန်းရွာအနီး၌ လမ်းဘေးတွင် ကာရံထားသော ကျောက်တိုင်ကို ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်မောင်းနှင်လာသူ အသက် ၂၈ နှစ်ခန့် (အမည်၊ နေရပ်လိပ်စာ စုံစမ်းဆဲ) အမျိုးသားမှာ ဆိုင်ကယ်ကိုတစ်ဦးတည်းမောင်းနှင်လာစဉ် ထိုနေရာ၌ ကားလမ်းအကွေ့တွင် ကာရံထားသော လမ်းဘေးကျောက်တိုင်များအား ဝင်တိုက်မိပြီး စိုးရိမ်ရဒဏ်ရာများ ရရှိသဖြင့် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

### တိုက်ကြီးမြို့နယ်တွင် တရားမဝင်သစ် တန် ၄၀ ကျော်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဥက္ကံကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ် အခြားသား တန် ၄၀ ကျော်ကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အတွင်း ရှာဖွေဖမ်းဆီးရမိကြောင်း သစ်တောဦးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်သော တိုက်ကြီးမြို့နယ် သစ်တောဦးစီအရာရှိ ဦးဇော်သက်၊ မှော်ဘီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းရွှေ၊ သစ်တောဝန်ထမ်းများနှင့် သစ်တောရဲများပါဝင်သော ပူးပေါင်းအဖွဲ့သည် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်း အကွက်အမှတ် ၆၁၊ ၇၆၊ ၆၈၊ ၆၉ များမှ တရားမဝင်သစ် အခြားသား တန် ၄၀ ကျော် ရှာဖွေဖမ်းဆီးရမိကြောင်း သိရသည်။ **ထွန်းလှိုင် (မြိုင်)**

# ရခိုင်ရိုးရာသင်္ကြန် မြောက်ဦးမြို့၌ စည်ကားစွာကျင်းပခဲ့

**မြောက်ဦး ဧပြီ ၁၇**
ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့ အလယ်ဈေးအုပ်စု ကုန်သည်တန်းအထက(၁)ဘောလုံးကွင်းရှိ ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကျနေ့ ဧပြီ ၁၅ ရက် နံနက်က ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်လွှတ်တော် ပညာရေးနှင့်ကျန်းမာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက မဟာသင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ တန်ဖိုးမဖြတ်နိုင်သော နှစ်သစ်ကူးပွဲတော်ဖြစ်ကြောင်းနှင့်နောင်နှစ်များတွင်လည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ရခိုင်ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဘိုဘိုမင်းသိုက်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစော၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး အဆိုပါ ဗဟိုမဏ္ဍပ်တွင် ရခိုင်ရိုးရာ မဟာသင်္ကြန်ပွဲတော်၏ အစဉ်အလာဖြစ်သော နံ့သာသွေးပြိုင်ပွဲနှင့် ရခိုင်ရိုးရာ သင်္ကြန်သံချပ်ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ ထို့အတူ ရေကစားမဏ္ဍပ်များ၌လည်း ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သိရသည်။ နံ့သာသွေးပြိုင်ပွဲနှင့် ရခိုင်ရိုးရာ သင်္ကြန်သံချပ်ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများအား သင်္ကြန် နောက်ဆုံးရက် မဏ္ဍပ်ပိတ်ပွဲတွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**



# ဘောဂလိမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲ

**ဘောဂလိ ဧပြီ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့တွင် ဧပြီ ၁၄ ရက် ညနေ ၅ နာရီခွဲမှ ၆ နာရီ ၂၀ မိနစ်အထိ လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၁)ရပ်ကွက်ရှိ မြို့အဝင်လမ်းဘေးရှိ ညောင်ပင်ကြီး ကိုင်းကျိုးကျကာလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်ကျိုးကျမှုကြောင့် လမ်းပိတ်ဆို့ကာ မော်တော်ကားများ သွားလာရေး အဆင်ပြေစေရေးအတွက် ဧပြီ ၁၅ ရက် နံနက် ၆ နာရီက နယ်မြေခံတပ်ရင်း၊ ဘောဂလိနယ်မြေခံ စခန်းမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လမ်းပိတ်ဆို့နေသော ညောင်ပင်ကိုင်းကြီးများအား ရှင်းလင်းဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီခွဲခန့်တွင် ဒေသခံပြည်သူများပုံမှန်အတိုင်း သွားလာနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ဘားအံမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်



**ဘားအံ ဧပြီ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သင်းကျေးရွာ အုပ်စု ကော့သင်း ကျေးရွာတွင် ဧပြီ ၁၄ ရက် မွန်းလွဲ ၂နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

မိနစ် ၂၀ ကျော်တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းကြောင့် ကျေးရွာတွင် နေထိုင်ကြသည့် ဦးမောင်တင်ဦး၊ ဦးမြင့်စန်း၊ ဦးတင်သောင်း တို့နေအိမ်သုံးလုံးအပါအဝင် ကျေးရွာတောင်ပိုင်းရှိ အများသုံးရေတွင်းခေါင်မိုး၌ မိုးထားသောသွပ်များ လန်သွားခဲ့သည်။

လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်းသိရပြီး ပျက်စီးသွားသည့်သွပ်များကို ဧပြီ ၁၅ ရက်၌ အုပ်ချုပ်ရေးမှူး ဦးကျော်ငွေနှင့် ကျေးရွာသူကျေးရွာသားများက ဝိုင်းဝန်းပြုပြင်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် သက်ကြီးပူဇော်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စံပြရပ်ကွက်မိသားစု၏ (၄၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၆ ရက်က စံပြရပ်ကွက်မဟာဗောဓိဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကန်တော့ခံ အဘိုးအဘွားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့် နယ်မြေမှူးများ၊ ရပ်ကွက်လူမှုရေးအသင်းအဖွဲ့ဝင် လူငယ်များအစရှိသည့် ရပ်ကွက်သူရပ်ကွက်သားများက ရိုသေစွာရှိခိုးကန်တော့ကြပြီး ကန်တော့ခံအဘိုးအဘွားများ ကိုယ်စား ဦးတင်လှိုင်(ပညာရေး-ငြိမ်း)က နှစ်သစ်ကူးဆုတောင်းနှင့် ကျေးဇူးတင်စကားပြောကြားသည်။

"ဒီနှစ်က သက်ကြီးဘိုးဘွား စုစုပေါင်း ၁၆၆ ဦးစာရင်းကောက်ရရှိပြီး နယ်မြေမှူးတွေ ကိုယ်တိုင်အိမ်တိုင်ရာရောက်ဖိတ်ထားတာပါ။ ဒါပေမယ့် မိုးက မနက် ၅ နာရီလောက်ကတည်းက ရွာလိုက်တာ ခုထိမရပ်ဘူး။ မိုးထဲရေထဲ အဘိုးအဘွားတွေ ဒီလောက်လာကြတာကိုပဲ ကျေးဇူးတင်ဝမ်းသာ ရပါတယ်။ မလာနိုင်တဲ့ အဘိုးအဘွားတွေကိုတော့ နယ်မြေမှူးတွေက တစ်ဆင့်အိမ်တိုင်ရာရောက်ပို့ပေးသွားမှာပါ" ဟုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက ပြောပြသည်။

စံပြရပ်ကွက်တွင် သက်ကြီးပူဇော်ပွဲကိုရပ်ကွက် ဓမ္မာရုံတည်ဆောက်ပြီးစီးခဲ့သည်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်သည် (၄၃)ကြိမ်မြောက်ဖြစ်ကြောင်းသိရပြီး အသက် ၇၄ နှစ်နှင့်အထက် အဘိုးအဘွားစုစုပေါင်း ၁၆၆ ဦး စာရင်းရရှိသော်လည်း အဘိုးအဘွားများစုံလင်အောင် တက်ရောက်ကန်တော့ခံနိုင်ခြင်းမရှိဘဲ စုစုပေါင်း ၇၅ ဦးသာ တက်ရောက်ကန်တော့ခံခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

**နတ်မောက် ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရန်အောင်မြင်ရပ်ကွက် ကျားမင်းလမ်းတွင် (၁၆)ကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ ရက် (မြန်မာနှစ်ဆန်း ၃ ရက်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ပြုလုပ်သည့် အဆိုပါပဋ္ဌာန်းပွဲကို ရန်အောင်မြင်ရပ်ကွက်သူ ရပ်ကွက် သားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အန္တရာယ်ကင်း ပဋ္ဌာန်းတရားတော်များကို ဆရာတော်သံဃာတော်များက ၁၂ နာရီကြာ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အာဟာရဒါနကုသိုလ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# နမ့်စန်မြို့၌ လေပြင်းတိုက်ခတ် သစ်ပင်များကျိုး၊ လမ်းမီးတိုင်များ လဲကျပျက်စီး



**နမ့်စန် ဧပြီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့တွင် ဧပြီ ၁၅ ရက် မွန်းလွဲ ၃ နာရီဝန်းကျင်ခန့်က မိုးနှင့်အတူ လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်ပေါ်သို့ သစ်ပင်လဲကျပြီး လမ်းမီးတိုင်နှင့် ဖုန်းတိုင်များ ကျိုးကျကာ သစ်ပင်များ လူသွားလမ်းမများပေါ် ကျိုးကျခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့်နမ့်စန် မြို့မရဲစခန်းဝင်း၌ သစ်ပင်များကျိုးကျကာ နမ့်စန်၊ မိုးနဲသွား မိန်းလမ်းမကြီးဘယ်ဘက်ရှိ နေအိမ်တစ်အိမ်ပေါ် သစ်ပင်ကျိုးကျခဲ့ပြီး နေအိမ်အချို့သွပ်များလန်ထွက်သွားကြောင်း သိရသည်။

နမ့်စန်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့်လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ကျိုးကျနေသော သစ်ပင်များနှင့် လမ်းမီးတိုင်များကို ရပ်ကွက်နေပြည်သူများ၊ နမ့်စန် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းရှင်းလင်းနေကြောင်း သိရသည်။ **ခင်မောင်ဆွေ (မော်လူး)**




၁၇-၄-၂၀၁၇

## ဧပြီလထုတ် သုတပဒေသာစာစောင်ရောင်းချ

ဧပြီလထုတ် သုတပဒေသာစာစောင်၌ မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲ (မျက်နှာဖုံးဆောင်းပါး)တွင် မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲနှင့် ဥပဒေအမြင်၊ ၂၀၁၂ ခုနှစ် ရန်ကုန်ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ၊ ဂုဏ်ယူပါသည် မောင်ဘတည် တို့ဖြင့် ဖော်ပြထားသည်။

ကဗျာကဏ္ဍတွင် အထီးကျန်ငှက်ငယ်၊ တရားဓမ္မမွေ့လျော်ကကင်းပများဒုက္ခ၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာကဏ္ဍတွင် အဋ္ဌမမြောက်ပညတ်တော်၊ စွမ်းအင်ထက်မြက်စိတ်လက်နက်၊ လူငယ်ဆိုင်ရာကဏ္ဍတွင် လူငယ်နှင့် ကျော်ကြားမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကဏ္ဍတွင် ICT4D သို့မဟုတ် ဖွံ့ဖြိုးကူညီအိုင်စီတီ၊ နိုင်ငံတကာရေးရာကဏ္ဍတွင် ဂျာမနီနိုင်ငံရေး အခင်းအကျင်း၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ကဏ္ဍတွင် ဦးထုပ်ပုံ ပင့်ကူမျိုးစိတ်သစ်၊ မူးယစ်ဆိုင်ရာကဏ္ဍတွင် ကပ်ဘေးဆိုးသဖွယ် မူးယစ်ဆေးဝါးအန္တရာယ်၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍတွင် ကျန်းမာရေးအတွက် အကောင်းဆုံးဆေးဝါး၊ အဆီချလိုသူများအတွက် အစားအသောက်များ၊ ဖြစ်ရပ်မှန်ကဏ္ဍတွင် သောင်ယံကမ်းက လွမ်းရက်တွေ၊ အထွေထွေကဏ္ဍတွင် စာများများဖတ်ရအောင်၊ ဖတ်သမျှဒဿန၊ မိဘနှင့် ကလေးကြားဆက်ဆံရေး၊ သုတတိုထွာနှင့် ဟာသတို့ပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၁၀၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်၊ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## အဘိဓမ္မာဒေသနာနည်းလာ ဓာတ်ပညာအဖွင့်ကျမ်း

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ ဒေါက်တာမောင်ဖြေ ပြုစုရေးသားသည့် မဟာဗုဒ်ဓာတ်ကြီးများ၏ ပြုပြင်ပြောင်းလဲမှု၊ ဓာတ်ဗိန္ဒောပယောဂကို ကွဲပြားစွာဖော်ပြထားမှု၊ ဓာတ်ကြီးငါးပါးလုပ်ငန်းကြောင့် ဆက်စပ်နေသော အင်္ဂါအစိတ်အပိုင်းများအပြင် ရောဂါဘယတို့ ဖြစ်ပေါ်ပါက ကျန်းမာရေးအတွက် အနံ့များ၊ အရောင်အဆင်းများ၊ အသံများ၊ ကျောက်မျက်ရတနာများဖြင့် ကုသခြင်းများ အပါအဝင် သမားတော်များ အသုံးပြုရန် ဆေးနည်းကောင်းများ၊ ဆေးဖက်ဝင်သော စားသုံးမှုများ စသည်တို့ကို စုံလင်စွာရေးသား ဖော်ပြထားသည့် ကျန်းမာရေးလေ့လာလိုက်စားသူများအတွက် စုဆောင်းထားရှိသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ ထုတ်ဝေဖြန့်ချိပြီး ရန်ကုန် ဘူတာကြီး အမှတ် (၁) စကြံ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၂၂ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။




## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများပေးအပ်

**အမ်း ဧပြီ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြု ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီလ ဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အထောက်အကူပြုကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော အသက်ကယ်( လှေ၊ အင်္ကျီ၊ ဗောကွင်း) များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သန်းဌေး၊ ကြက်ခြေနီအသင်းက တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ် အောင် မြေကျပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက် ခြင်း-ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆

Hot Line No များ -၀၆၇-၄၀၄၇၇၇

-၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**




## CLAIMS DAY NOTICE

### M.V GENIUS STAR VII VOY:NO(EAL-01)

Consignees of cargo carried by M.V GENIUS STAR VII VOY: NO(EAL-01) are here by notified that the vessel will arrive on about 21-4-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**




အတာအကူးနှစ်ဦးသကြ္ကန်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ.....
JAPANESE TECHNOLOGY
オキ
OKI
Detergent Cream
Cleaner, Whiter, Brighter Clothes
In Just 1 Wash!
Superior Quality
အားလုံးအသိစွဲ
အိုကီ
ဆပ်ပြာရည်(မ်)
PARIS
မွှေးကြိုင်လန်းဆန်း PARIS အစွမ်း.....
Beauty Soap
Vitamin E
Beauty & Protection
24 hrs Anti Bacteria 99.9%
with Moisturizer
Life plus
Health Soap
Perfect Family Health, Just In Your Hand!
သင့်မိသားစု ကျန်းမာရေးသည် သင့်လက်ထဲတွင်ရှိသည်။
UNITED PACIFIC CO., LTD.
HEAD OFFICE
No.79, Oak Pon Seik Road, Mayangone Township, Yangon, Myanmar. Tel: 95-1 652888, Fax: 95-1 656322
MANDALAY BRANCH
No.191, 27th St, (Between 81st & 82nd St), Chan Aye Thar Zan Township, Mandalay. 02- 33450, 61596, 21180

အခြေခံပညာသင် ကျောင်းသား/သူတို့အတွက်
အင်္ဂလိပ်ဘာသာရပ်ကို အခြေခံပိုင်ပိုင်ဖြင့် တတ်ကျွမ်းနားလည်ဖို့

ကျောင်းသားအများဆောင်
# ရွှေလက်ဆောင်
## English Workbook
ဒုတိယတန်းမှ ဒသမတန်းအထိ



ထွက်ပြီ

- Text book သင်ထောက်ကူဖြစ်စေဖို့
- Grammar, strusture, usage and vocabulary တို့ပိုမိုကျွမ်းဝင်ကာ အသုံးအမြင်တိုးပွားစေဖို့
- စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်နိုင်ဖို့
- အင်္ဂလိပ်စာနှင့်ထိတွေ့နေသမျှအသုံးဝင်ဖို့

ဆရာဦးညာဏ်ဝင်းထက်
(စာပေဗိမာန်)


## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းပြပွဲ
**Myanmar Forest Products Exhibition -2017 *(Sustainability & Effective Utilization)***

### ဖိတ်ကြားခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များပူးပေါင်း၍ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းပြပွဲ Myanmar Forest Products Exhibition-2017 *(Sustainability & Effective Utilization)* ကို မြန်မာနိုင်ငံ၏သစ်တောထွက်ပစ္စည်းများအား ပြည်သူလူထုကိုအသိပညာဗဟုသုတ ဖြန့်ဖြူးပေးရန်၊ နိုင်ငံတော်အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် သစ်တောသယံဇာတရေရှည်တည်တံ့အသုံးချနိုင်ရေး ဆောင်ရွက်နေမှုများအား သိရှိနားလည်စေရန် ရည်ရွယ်လျက် (၁၁-၅-၂၀၁၇)ရက်နေ့မှ(၁၄-၅-၂၀၁၇) ရက်နေ့အထိ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်လေ့လာနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ပြပွဲကျင်းပရေးဦးဆောင်ကော်မတီ


ပါကေး၊ အစားထိုး ကြမ်းခင်း
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of House, think of Home
သင်္ကြန် ပွဲတော်အကြို Promotion



Grade A,B,C,D
စစ်မှန်မှုကိုစက်ဖြင့် "အခုမဲ့" လက်တွေ့ စစ်ဆေးပေးသည်။

Buy Flooring → Get Box
၃ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

- * Grade A,B,C,D အစစ်များသာရောင်းပါသည်
- * ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
- * လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ဖိတ်ရက်မရှိ

➤ အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ်(11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 70, 09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်


## "နှစ်သစ်ကူး ဆုမွန်ရှာ"

ဇော် မိတ္တူ၏ မိတ်ဟောင်း၊ မိတ်သစ်အပေါင်းတို့ ခင်ဗျား . . .

မြန်မာသက္ကရာဇ် (၁၃၇၉ ခုနှစ်) နှစ်သစ်တွင် မိတ်ဆွေတို့၏ လုပ်ငန်းများ တိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှလုံး သုံးပါးစလုံး ရွှင်ပြုံး ကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဇော် မိတ္တူနှင့် ကွန်ပျူတာတွင် - 30000 ကျပ်နှင့်အထက်အားပေးပါက 10% Special Discount စီစဉ် ပေးသွားမည့်အပြင် မြို့နယ် (၃၁)နယ်သို့ (နေ့စဉ်) နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အတွင်း Door to Door အိမ်အရောက်ပို့ဆောင် ပေးခြင်းဝန်ဆောင် မှုကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

နှစ်သစ်တွင် အကောင်းဆုံးအရည်အသွေး၊ အသက်သာဆုံးဈေးနှုန်းဖြင့် မိတ်ဟောင်း၊ မိတ်သစ်များအတွက် မိတ္တူ၊ ကွန်ပျူတာနှင့် စာအုပ်ချုပ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**မိတ်ဆွေများစိတ်တိုင်းကျစေရမည်။**

ဇော် အဆင့်မြင့် မိတ္တူ၊ ကွန်ပျူတာနှင့် စာအုပ်ချုပ်လုပ်ငန်း မိသားစု

| | | | |
|---|---|---|---|
| ၁။ အမှတ် (၁၄၂) လမ်းမတော်လမ်း။ | ဖုန်း - ၂၁၁၇၂၆ | ၅။ အမှတ် (၂၂၄) အနော်ရထာလမ်း။ | ဖုန်း - ၂၂၄၃၀၄ |
| ၂။ အမှတ် (၂၅၄) ဆိပ်ကမ်းသာလမ်း။ | ဖုန်း - ၃၈၇၅၇၅ | ၆။ အမှတ် (၁၈) ဇာသာလမ်း။ | ဖုန်း - ၂၅၃၇၅၀ |
| ၃။ အမှတ် (၂၁၁) ဘားလမ်း။ | ဖုန်း - ၃၇၂၆၇၅ | ၇။ အမှတ် (၃၁) ရေကျော်လမ်း။ | ဖုန်း - ၂၀၀၄၂၀ |
| ၄။ အမှတ် (၁၉၀-ခ) (၂၈) လမ်း။ | ဖုန်း - ၂၅၂၄၉၆ | ၈။ အမှတ် (၈၅) (၁၄)လမ်း(အလယ်)။ | ဖုန်း - ၃၂၀၂၀၇ |


## ဒေါက်တာနှင်းနှင်းလွင်
(B.Sc,Hons:,M.Sc.Engg:,M.Res.Engg:,Ph.D Chem:)

ဦးစီးတည်ထောင်ပြီး
တက္ကသိုလ်မှ ပါမောက္ခ၊ ကထိက၊ ဒေါက်တာများကိုယ်တိုင် သင်ကြားပေးမည့်

ROYAL EDUCATION

# တော်ဝင်ပညာ

အဆင့်မြင့်ဘော်ဒါ နှင့် နေ့အထူး သင်တန်းကျောင်း

စာရင်းလက်ခံပြီ

ဆက်သွယ်ရန် - အမှတ်(၁၉)၊ ၃၇လမ်း၊ ၇၃×၇၄လမ်းကြား၊ မန္တလေးမြို့။
- 09-43156335, 09-444014380, 09-964014380



## Y.E.S. International English Language Centre
Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**

| | |
|---|---|
| Sat & Sun - 3:45-6:45 pm | 1 Apr |
| Mon to Thurs-10:30-12:30am | 24 Apr |
| Mon to Thurs-1:00-3:00 pm | 24 Apr |
| Mon to Thurs-3:00-5:00 pm | 24 Apr |
| Sat & Sun - 12:30 -3:30 pm | 29 Apr |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs-10:30-12:30 am | 24 Apr |
| Mon to Thurs-1:00-3:00pm | 24 Apr |
| Sat & Sun - 12:30 - 3:30 pm | 29 Apr |

**Vocabulary Enrichment Course**

| | |
|---|---|
| Sat & Sun - 10:00-12:00am | 1 Apr |
| Mon to Thurs - 3:30-5:00 pm | 24 Apr |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs - 10:00-12:00am | 24 Apr |
| Sat & Sun - 9:00-12:00 am | 29 Apr |

**Structure & Written Expression**

| | |
|---|---|
| Sat & Sun - 12:30-3:30pm | 22 Apr |

**Basic Writing Course**

| | |
|---|---|
| San & Sun - 3:45-6:15 pm | 29 Apr |

NEW SAT, IELTS, TOEFL, API, AWC, IE

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



## နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ခေတ်မီကားမျိုးစုံဖြင့် Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။



## အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်သုံးပစ္စည်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၁၁၊ မြေယာမုံအိမ်ရာ၊ လေးဆောင့်ကန်လမ်း၊
09254009334, 09254009335, 09254009336




## ကုန်အမှတ်တံဆိပ်သတိပေးချက်

15-1, Kyobashi 1-chome, Chuo-ku, Tokyo, Japan တွင်တည်ရှိပြီး ဂျပန်နိုင်ငံ၏ ဥပဒေများအတိုင်း မှတ်ပုံတင်ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Ajinomoto Co., Inc., သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

**Birdy**

**မှတ်ပုံတင်အမှတ် ၅၈၈၃-၂၀၀၈**
အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော
ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကိုး၊ ကော်ဖီအခြေပြုအဖျော်ရည် စသည်ဖြင့်။

**AJI-NO-MOTO**

**မှတ်ပုံတင်အမှတ် ၁၄၁၁-၁၉၅၃**
အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော MSG
အဓိက ပါဝင်ပေါင်းစပ်ထားသော ဟင်းခတ်အမွှေးအကြိုင်များ။

**Ajinomoto Co., Inc.** နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ကုန်ပစ္စည်းများအပေါ်တွင် အထက်ဖော်ပြပါအမှတ်အသားများကို အောက်တွင်နမူနာဖော်ပြပါရှိသည့်အတိုင်း ကန့်သတ်ချက်မထားရှိပါပဲ အသုံးပြုသွားမည်ဖြစ်ပါသည်။







အထက်ဖော်ပြထားသော အမှတ်အသားများ၊ အမည်များနှင့် ထုတ်ကုန်များ၏ ကုန်အမှတ်တံဆိပ်၊ ကုန်သွယ်မှုအမည်၊ ကုန်အမှတ်တံဆိပ်အသွင်အပြင်ဖော်ပြချက်နှင့် အခြားသက်ဆိုင်သည့် အသိဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများကို Ajinomoto Co., Inc. က ပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ ကုန်ပစ္စည်းအတုများနှင့် ဆင်တူယိုးမှားတုပပြုလုပ်ထားသော ကုန်ပစ္စည်းများအပါအဝင် ၎င်း၏ အသိဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည့် မည်သည့်အပြုအမူကိုမဆို Ajinomoto Co., Inc. က သိရှိပါက ၂၀၁၇ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ နောက်ပိုင်းမှစတင်ကာ Ajinomoto Co., Inc. နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အသိဉာဏပစ္စည်း သို့မဟုတ် ဥပဒေကြောင်းအရ ရရှိထားသည့် အခြားအခွင့်အရေးများကို ချိုးဖောက်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကုန်သွယ်ဘက်များနှင့် အများပြည်သူကို အသိပေးကြေညာလိုသည်မှာ Ajinomoto Co., Inc.၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Ajinomoto Co., (Thailand) Ltd. (ရန်ကုန်ဌာနခွဲ) သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အတည်ပြုချက်နှင့်အညီ မြန်မာနိုင်ငံတွင် လုပ်ငန်းများစတင်ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်မေသွယ်လှိုင် LL.B., LL.M., (H.G.P.)
**Ajinomoto Co., Inc. ၏ကိုယ်စား**
Tilleke & Gibbins Myanmar Ltd. အမှတ်-၁၆၀၈၊ (၁၆) ထပ်၊ ဆာကူရာတာဝါ၊ အမှတ်(၃၃၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈/၉၃၀၅ Myanmar S/W, MSV S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးမေ ၅/ဗမန(နိုင်)၀၃၂၈၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6C/7864 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ကျေးဇူးအထူးတင်ရှိခြင်း
ဗိုလ်မှူးစိုးသန်း(ငြိမ်း) DSA-20
ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
အသက်(၅၉)နှစ်

၁၂-၄-၂၀၁၇ရက်တွင် ကွယ်လွန်ခဲ့သော ဗိုလ်မှူးစိုးသန်း(ငြိမ်း)၏ နာရေးကိစ္စတွင် သတင်းစာမှ ဝမ်းနည်းကြောင်း ထည့်သွင်းကြသည့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ DSA-20 မှ သူငယ်ချင်းများ၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့အားလည်းကောင်း၊ ဈာပနကိစ္စအဝဝအတွက် စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီ ပို့ဆောင်ပေးကြသော DSA-20 ကျောင်းဆင်းသူငယ်ချင်းများ၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များမှ ဝန်ထမ်းမိသားစု မိတ်ဆွေများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်မှစ၍ ကွယ်လွန်သည်အထိ လိုအပ်သမျှ ကူညီဆောင်ရွက်ပေးကြသော ညီအစ်ကိုရင်းတမျှ ချစ်ခင်ရသည့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ အဘဦးစိန်လင်းနှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးဝန်ထမ်းများအားလည်းကောင်း၊ မကွေးမြို့ သင်ကြားရေးဆေးရုံကြီးမှ ဒေါက်တာသော်တာပပနှင့်အဖွဲ့အားလည်းကောင်း၊အခြားသောကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။ **ကျန်ရစ်သူဇနီး ဒေါ်နန်းစိန်ဥ**
**မောင်သူရအောင်-(သမီး)မွန်မြတ်စိုးသန်း**
**သား-ဟိန်းထက်စိုးသန်း၊ မြေး-ရှင်းသန့်သူရ**

## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်း ရှိရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမြ(ခ)ဒေါ်မြမေ
ကြွေရည်သုတ်စက်ရုံ(ငြိမ်း)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ် ၅၂၁နေ (ဦးထင်ပေါ်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဝဏ္ဏကျော်ထင် သီရိပျံချီ စက်ရှင်တရားသူကြီး ဦးနီ)၏ဇနီး၊ ဦးမြင့်မောင်မောင်-(ဒေါ်ခင်သန်းတင့်) (ပြည်နယ်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးအောင်ခိုင်(မန်နေဂျာ၊ သမဝါယမပို့ကုန်/သွင်းကုန်၊ ငြိမ်း)-ဒေါ်အေးလှိုင်(သ/မဦးစီး၊ ငြိမ်း)၊ ဦးမောင်မောင်ကြီး(ကွန်ပျူတာတက္ကသိုလ်၊ ငြိမ်း)-ဒေါ်အေးအေးသွင်(အထက-၄၊ စမ်းချောင်း၊ ငြိမ်း)၊ (ဒေါ်အေးအေးသန်း၊ သ/မဦးစီး)၊ [ဦးမောင်မောင်ထွန်း (ဆယ်သန်းပွဲရုံ၊ ရွှေဘို)]-ဒေါ်အေးအေးနီ၊ ဦးသိန်းညွန့်-ဒေါ်ဟယ်လင်(ကနေဒါ)၊ ဦးအောင်ကြီး(Mariner Shipping) - ဒေါ်ပန်းပပ၊ ဦးကျော်ထင်(ခ) Albert တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၄ယောက်၊ တီ နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး
ဒေါ်သိန်းကြည် (မြန်အောင်/ကနောင်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၇၂၊ သုံးလွှာB နေ ဦးဆင်-ဒေါ်တင်မေတို့၏သမီး၊(ဦးကိုကိုကြီး)မြန်အောင်ရွှေဆိုင်၏ဇနီး၊ ဦးမောင်မောင်ငွေး-ဒေါ်မြင့်မြင့်သိန်း၊ ဦးရဲချစ်-ဒေါ်မြမြ၊ (ဦးကျော်ဇော)-ဒေါ်မူမူ၊ ဒေါ်စန္ဒာ၊ ဦးထွန်းလင်း-ဒေါ်နီလာမင်းတို့၏မိခင်၊ ဦးစိုးပိုင်-ဒေါ်နီလာငွေး၊ TAN KOK HWA-ဒေါ်သန္တာငွေး၊ မောင်မြတ်သူ-မတင်မျိုးဝင်း၊ မောင်ကျော်သူ၊ မဝိုင်းမြမြချစ်၊ မောင်ဝေလင်းထက်၊ မောင်ဖြိုးပြည့်တို့၏အဘွား၊ မမေမျိုးထက်ပိုင်၊ မောင်ဖြိုးဖြိုး၊ မောင်အောင်သူဟိန်း၊ မထက်မြတ်မြတ်မျိုးတို့၏အဘွားသည် ၁၄-၄-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

တယ်ဘီအင်(ခ)ဒေါ်ခင်လှ
ချစ်ကြည်ရေးနှင့်ကမ္ဘာ့သစ်ထီဆိုင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၃၅၀၊ အခန်း ၈နေ (ဦးကျင်အောင်)၏ဇနီး၊ ဦးသန်းညွန့်-ဒေါ်အေးအေးခိုင်၊ ဦးမြင့်ခိုင်-ဒေါ်ခင်ဦး၊ ဦးဝင်းနိုင်၊ ဦးအောင်မြင့်-ဒေါ်စန္ဒာလှိုင်၊ ဦးသိန်းဟန်-ဒေါ်ညိုညိုဇင်တို့၏မိခင်၊ မောင်ဉာဏ်လင်းထက်၊ မောင်ရဲလင်းထက်၊ မောင်အောင်ကျော်မြင့်၊ မောင်အောင်ခန့်ပိုင်၊ မောင်ခန့်ညားဘုန်းရှိန်၊ မောင်အုပ်စိုးခန့်၊ မမေသရဖီဟန်တို့၏အဘွားသည် ၁၆-၄-၂၀၁၇ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ညွန့် အသက်(၈၇)နှစ်
ငပုတောမြို့နယ်အသင်း၊ သက်ကြီးပူဇော်ခံ

ငပုတောမြို့နေ (ဦးလှမောင်-ဒေါ်အေးကျော်)တို့၏သမီး၊ (ဦးအောင်သင်-ဒေါ်ပုံ)တို့၏သမီးချွေးမ၊ (ဦးတင်မောင်လတ်) ကြေးတိုက်/မြေစာရင်း(ငြိမ်း)၏ဇနီး၊ ဦးညီဝင်း-ဒေါ်စီစီသွင်၊ ဦးသစ်လွင်-ဒေါ်နွဲ့နွဲ့ဝင်းတို့၏အစ်မ၊ ဦးကိုကိုအောင်(HILL GARDEN HOTEL ချောင်းသာ)-ဒေါ်သဒ္ဒါ၊ ဦးညီညီအောင်(DIAMOND HOTEL)-ဒေါ်မိမိခိုင်(သူနာပြုဆရာမကြီး၊ ပုသိမ်တိုင်း/ဆေးရုံ)တို့၏မိခင်၊ မမေသင်းခိုင်၏အဘွားသည် ၁၇-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၆၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သကြံန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။
(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံ လိမ်းဆေးကို နေရောင်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံ လိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။
(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ % အထိ အကာ အကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။
(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင် သဖြင့် -
- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သိန်းကြည်
နာယက(မြန်အောင်မြို့နယ်အသင်း)
သက်ကြီးကန်တော့ခံ
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊အမှတ် ၇၂ B (သုံးလွှာ)နေ [ဦးကိုကိုကြီး (မြန်အောင်ရွှေဆိုင်)]၏ဇနီး ဒေါ်သိန်းကြည်သည် ၁၄-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဟင်နရီဘမောင်(ခ)
အဗ္ဗဒွလ်ဂနီ
SAINT ALBERT`S
ပြင်ဦးလွင်ကျောင်းသားဟောင်း
B.A(Law), LL.B, (7th Batch)
တရားလွှတ်တော်ရှေ့နေ
ကလောမြို့
အသက်(၆၉)နှစ်

ကလောမြို့၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၅/၁၉နေ (ဦးဘမောင်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးကတုံး-ဒေါ်အုံးကြည်)တို့၏သားသမက်၊ (ဒေါ်ခင်ဝင်းမြင့်)၊ ဒေါ်ဘနူး(ခ)ဒေါ်နုနုရီ၏ခင်ပွန်း၊ မောင်ညီမျိုးထက်-မဇင်မာဝင်း၊ မောင်ညီမင်းထက်၊ မောင်ညီဝင်းထက်တို့၏ဖခင်၊ မရတီမျိုးထက်၏အဘိုးသည် ၂၇-၃-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အစွာရ်နမာဇ်အပြီးတွင် ကလောမြို့ ကဘာရ်စတန်၌ ဒါဖွနာပြီးပါကြောင်း မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

Capt. တင့်လွင်
M.T GAS PIONEER
ညောင်ပင်ဆိပ်၊ မော်လမြိုင်မြို့
အသက်(၅၈)နှစ်

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်တောင်ပိုင်းရပ်နေ (ဦးရွှေကြူ-ဒေါ်နှင်းကြည်)တို့၏သား၊ (ဦးယုရှောင်)-ဒေါ်နှင်းမေတို့၏သားသမက်၊ ဒေါ်သန်းသန်းထွေး၏ခင်ပွန်း၊ မောင်ဇော်ရဲဦး(အထက-၂၊ ကမာရွတ်)၏ ချစ်လှစွာသောဖခင်၊ ဦးရဲမြင့်-ဒေါ်ချိုချိုခိုင်၊ ဦးစံသိန်း-ဒေါ်ညွန့်ရီ၊ဦးရဲမြင့်-ဒေါ်ခင်မြသန်း၊ဦးသိန်းလွင်-ဒေါ်နုနုရီ၊ ဦးမြင့်လွင်-ဒေါ်အေးအေးစိုးတို့၏ညီ/မောင်၊ ဦးခင်မောင်ထွေး-ဒေါ်နီနီဝင်း၊ ဦးသာဦး-(ဒေါ်ဝါဝါဝင်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေး၊ မြေး ၁၀ယောက်တို့၏ဘိုးလေးသည် ၁၄-၄-၂၀၁၇ရက် (သောကြာနေ့) ဒေသစံတော်ချိန် ည ၁၀း၁၀နာရီတွင်မလေးရှားနိုင်ငံ မလက်ကာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၅ နာရီတွင် မလေးရှားနိုင်ငံ မလက်ကာမြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ ဇဝနတာဝါ၊ အခန်း ၂၀၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ကိုထင်အောင်လင်း
(ဥက္ကဋ္ဌ၊ ဗြဟ္မာဝိဟာရအသင်း၊ အင်းစိန်)
အသက်(၃၅)နှစ်

မြောင်းမြမြို့နေ အငြိမ်းစားတိုင်းပညာဝန်(ဦးကဲ-ဒေါ်ခင်ကြည်)၊ တောင်ကုတ်မြို့နေ ဦးကျော်ခိုင်-(ဒေါ်မြကြည်)တို့၏မြေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဗိုလ်ကုန်းနေ (ဒေါက်တာမြင့်ဆွေ)-ဒေါက်တာခင်အေးမြင့်တို့၏သား၊ ဦးသိန်းလွင်-ဒေါ်တင်လှိုင်တို့၏ သားသမက်၊ ကိုဟန်လင်းဆွေ - မချမ်းမြေ့ရှိန်တို့၏ညီ/မောင်၊ မနီနီလွင်၏ချစ်လှစွာသောခင်ပွန်း၊ မမြသွေးခင်(ပုံပုံ)၏ဖခင်၊ ခေတ်နေချိုဆွေ၊လဲ့နေရီဆွေတို့၏ဦးလေးသည် ၁၆-၄-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိစိတ္တဉာဏ
နိုင်ငံတော်သြဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ
သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်၊ ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေရောင်တော်ဘုရားကြီးကျောင်း ဆရာတော်ဘဒ္ဒန္တဝိစိတ္တဉာဏသည်(၁၃၇၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ရက်) ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။
ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအုန်းလွင် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်း၊ အမှတ် ၄၁/၄၃၊ ၉၄လမ်းနေ (ဦးအုန်းစိန်-ဒေါ်မယ်တင်)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ မော်လမြိုင်မြို့၊ ဖားအောက်ကျေးရွာနေ (ဦးမြတ်ထွန်း)-ဒေါ်သန်းစိန်၊ (ဦးငွေဝင်း)-ဒေါ်အေးသင်၊ ဦးတင်အောင်တို့၏အစ်ကိုကြီး၊ ဒေါ်ယဉ်ယဉ်မြ(အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ ဦးညွန့်ဝင်း၊ ဦးဖုန်းကျော်-ဒေါ်ကြည်ကြည်ရင်၊ ဦးသန်းညွန့်-ဒေါ်တင်တင်ဝင်းတို့၏ဖခင်၊ မောင်ထက်မြက်နိုင်(1st MB/မကွေးဆေးတက္ကသိုလ်)၊ မရည်မွန်လင်း၊ မဆုဖြူစင်နိုင်၊ မဖူးပြည့်နိုင်တို့၏ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၁၇ရက် (နှစ်ဆန်း ၁ရက်နေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြငွေ
မြရွှေလီတည်းခိုခန်း၊ မိုးမိတ်မြို့
အသက်(၈၀)

မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်၊ နန္ဒဝန်လမ်းနေ (ဦးညွန့်မောင်)၏ဇနီး၊ (ဦးကျော်သူ)-ဒေါ်နန်းအေးပွဲ၊ (ဦးမြတ်သူ)၊ (ဦးစိုးနိုင်မောင်)၊ ဦးမျိုးနိုင်အောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်နော်ဇာကျော်(နေကြယ်မင်း ခရီးသည်ပို့ဆောင်ရေးနှင့် ထူးမြတ်လင်းဧည့်ရိပ်သာ)၊(ဦးဇော်မြင့်မောင်)၊ ဒေါ်ခင်မာသူ၊ ဦးအောင်သူတို့၏မိခင်သည် ၁၆-၄-၂၀၁၇ရက်တွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်တင့် အသက်(၇၇)နှစ်
အလယ်တန်းပြဆရာ(ငြိမ်း)၊ အထက(၂)မရမ်းကုန်း

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် ၂နေ (ဦးကျင်စော-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်ခင်မူမြ [အလယ်တန်းပြဆရာမ (ငြိမ်း)၊ အထက(၂)ကြည့်မြင်တိုင်]၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇော်မိုးအောင်(The Leprosy Mission Myanmar)-ဒေါ်လွင်လွင်အေး၊ ဦးဉာဏ်မျိုးအောင်၊ ဒေါ်ခင်အိအိအောင်-ဦးဒန်နီရယ်တင်မိုးအောင်(ခေတ္တ-USA)၊ ဒေါ်ခင်ကြူကြူအောင်-ဦးအောင်လွင်(JISM Language Center)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ဇေခင်အောင် (အထက-၂၊ ကမာရွတ်)၊ မမြရည်မွန်အောင် (Nurture Preschool)၊ မအယ်ရစ်ကာအောင်(Nurture Preschool)တို့၏ ဘိုးဘိုးသည် ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သင်းသင်းရီ (ပဲခူး)
(မော်လမြိုင်ကောလိပ်ကျောင်းသူဟောင်း)
(St. John's Convent ကျောင်းသူဟောင်း)
အသက်(၆၈)နှစ်

ပဲခူးမြို့နေ သစ်စက်ပိုင်(ဦးအုန်းကြွယ်-ဒေါ်ခင်မူမူ)တို့၏သမီး၊ အငြိမ်းစားရဲမင်းကြီး(ဦးဘသွင်-ဒေါ်တင်တင်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးဝင်းထွဋ်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အားကစားဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးဆန်းထွန်း(တာဝန်ခံအရာရှိ၊ GTB Bank-ဒေါ်ခင်ဇာခြည်ဝင်းထွဋ်၊ ဦးဖြိုးမင်းခန့်(MD, BIG T Co,Ltd)-ဒေါ်သဲစုဝင်းထွဋ်(Director, BIG T Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ မခင်ထိပ်ထားဟန်၊ မောင်ဘုန်းမြင့်မြတ်၊ မောင်ဖြိုးထွဋ်ကိုကိုတို့၏အဘွားသည် ၁၆-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုဝေယံဟိန်း
ထုတ်ဝေသူ၊ သံမဏိနှင်းဆီဂျာနယ်
အထက(၁)ဒဂုံကျောင်းသားဟောင်း
တက္ကသိုလ်ဝင်တန်း (I) (၂၀၀၅)
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂၀၈၊ B-2 နေ ဦးစိန်အုပ်-ဒေါ်တင်တင်လှိုင် (အထပြ၊ ငြိမ်း၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောသား၊ ဦးစိုးလင်းဦး - ဒေါ်ခင်ဖြူခင် (အမက-၁၀၊ ဒဂုံ)တို့၏မောင်၊ မောင်မင်းမြတ်သူ၊ မမေနဒီခင်၊ မမေမဒီခင်တို့၏ဦးလေးသည် ၁၄-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုပြည့်ဖြိုးဇော်
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် (၁၄၆/A)နေ ဦးမြင့်ဇော်-ဒေါ်ရီရီမော်တို့၏သား၊ ဒေါက်တာခိုင်မေဇော် (လက်ထောက်ကထိက၊ ရောဂါဗေဒဌာန၊ ဆေး-၂)၊ မောင်ရဲရင့်ဇော်(Sky Net)တို့၏အစ်ကိုသည် ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင် သည်။

(မိုး/ဇလ)

## ၁၃၇၉ခု နှစ်ဦး ရခိုင်ပြည်နယ်အနှံ့ ကုသိုလ်ဒါနပြုလုပ်သူများဖြင့် ကြိုဆိုဆိုင်ကလုန်းမုန်တိုင်း "မာရသာ"က နှစ်ဦးမိုးပုလဲပန်းကြဲဖျန်းကာ နှုတ်ဆက်

စာမျက်နှာ-၁၁

## ဟုမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယနေ့ကစားမည်

စာမျက်နှာ-၁၄

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများပြား

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ**

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

**ရေစက်ချအမျှပေးဝေ**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် တောင်ဘက် ညောင်ခံ တန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၆ နာရီတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြပြီး ရေစက်ချအမျှပေးဝေခြင်း၊ နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေ အနောက်ဘက်ရှိ ရှင်ဥပဂုတ္တ မဂ်လာကန်တော်၌ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲကျင်းပခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ (၂၉) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲတို့ကို ကျင်းပကြသည်။



ရန်ကုန်မြို့ရွှေတိဂုံစေတီတော်တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်

ဓာတ်ပုံ-ဇော်မင်းလတ်

**ပူဇော်**

ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "မုစ္ဆလိန္ဒာ နဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်န်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစိဝရာပန္နပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ၂၀၁၇ ခုနှစ် ဧပြီလ ၁၇ ရက် (တနင်္လာနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပူဇော်သည်။

*စာမျက်နှာ ၇ ကော်လံ ၁*

# နှစ်ဆန်း ၁ ရက်နေ့တွင် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်၌ အပန်းဖြေလာရောက်သူများ စည်ကားများပြား



နှစ်ဆန်း ၁ ရက်က ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**

**နေပြည်တော် ဧပြီ ၁၇**

မြန်မာရိုးရာမဟာသင်္ကြန်ပွဲတော်ကာလပြီးဆုံးပြီဖြစ်၍ မြန်မာနှစ်သစ်ကူး ၁၃၇၉ ခုနှစ် မြန်မာ နှစ်ဆန်း ၁ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ လေှခွင်းတောင် တန်ခိုးကြီးစေတီနှင့် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ လာရောက်အပန်းဖြေသူထောင်ပေါင်းများစွာတို့ဖြင့် စည်ကားများပြားခဲ့သည်။

နေပြည်တော်ရှစ်မြို့နယ်အပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများသည် သမိုင်းဝင်လှေခွင်းတောင်စေတီနှင့် ပေါင်းလောင်းမြစ်ဆိပ်အပန်းဖြေနေရာသို့ မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် တစ်မျိုး၊ အနီးဝန်းကျင်ကျေးရွာ များမှ မိရိုးဖလာအစဉ်အလာအတိုင်း နွားလှည်းများဖြင့်တစ်ဖုံ လာရောက်အပန်းဖြေ အနားယူကြသည်။

"မြန်မာနှစ်ဆန်း ၁ ရက်နေ့ဆိုရင် ဒီမှာလာရောက်အပန်းဖြေတဲ့သူတွေကတိုးမပေါက်အောင် အလွန်များပြားတယ်။

*စာမျက်နှာ ၆ ကော်လံ ၁*

